# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့ အဖို့မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ်(ဓမ္မပဒ-၆၀)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၆၉)


## ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

- ❖ နိုင်ငံတော်အစိုးရ မျှော်မှန်းထားသည့် ဒီမိုကရေစီစံနှုန်းများကို ရောက်အောင်သွားရန်၊ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် အချိန်အပိုင်းအခြားဖြင့် အဆင့်လိုက် ရှေ့ဆက်ရမည်ဖြစ်ပါသည်။ အခက်အခဲများ၊ စိန်ခေါ်မှုများ ရှိနေသော်လည်း ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်က တော့ ပျောက်ပျက်သွား၍ မရပါ။
- ❖ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးတွင် ခွဲမထွက်ရေးဆိုသည့် အချက်နှင့် တိုက်ရိုက်ဆက်စပ်နေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်များ၏ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲရေး စသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောတူထားပြီးမှ ချန်လှပ်ခဲ့ရခြင်းဖြစ်ပါသည်။ "ခွဲမထွက်ရေး"က အရေးကြီးသလို "ခွဲမထွက်ချင်သည့်၊ ခွဲထွက်စရာမလိုသည့် ပြည်ထောင်စုကြီးဖြစ်လာရန်" အားလုံး လက်တွဲ ပူးပေါင်းပြီး အကောင်အထည်ဖော်ရန်လည်း အင်မတန်အရေးကြီးပါသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆွေးနွေးမှုများပြုလုပ်ရန် ယနေ့နံနက် ၆ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Toru Maeda နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❊


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ တိုကျိုမြို့ Haneda အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

သတင်းစဉ်




မြန်မာ့အလင်း

# တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် နိုင်ငံတကာဆက်ဆံရေး

ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားနေသည်မှာ ခုနစ်နှစ်ခွဲခန့် ရှိသွားပြီ ဖြစ်ပါသည်။ ဤပြည်တွင်းစစ်အတွင်း ဆီးရီးယားပြည်သူ ငါးသိန်းကျော် သေဆုံးခဲ့ပြီး ဖြစ်ပါသည်။ ဤပြည်တွင်းစစ်အတွင်း ဆီးရီးယားနိုင်ငံပြင်ပသို့ ရောက်ရှိသွားသော ဆီးရီးယားပြည်သူ ဒုက္ခသည်ဦးရေသည် ငါးသန်းကျော် ရှိ၍ ဆီးရီးယားပြည်တွင်း၌ပင် အိုးအိမ်စွန့်ခွာထွက်ပြေးရသော ဆီးရီးယားပြည်သူဦးရေသည် ခုနစ်သန်းကျော်ရှိပါသည်။ ဆီးရီးယားနိုင်ငံ၏လူဦးရေသည် ၁၈ သန်းကျော်သာ ရှိပါသည်။ ဆီးရီးယားပြည်တွင်းစစ်ကြောင့် ဆီးရီးယားပြည်သူတို့ ခံစားရလျက်ရှိသော အတိဒုက္ခသည် ထင်းခနဲပေါ်လွင်နေပြီး ဆီးရီးယားပြည်တွင်းစစ်အတွင်း နှစ်ဖက်စလုံးက လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှုကျူးလွန်မှုများ ပြုလုပ်ခဲ့သည်ဟု နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် လက်ခံယုံကြည်ထားပြီး ဖြစ်ပါသည်။ တစ်နည်းဆိုသော် ဆီးရီးယားပြည်တွင်းစစ်သည် နိုင်ငံတကာဥပဒေတို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေပါသည်။ ဓာတုလက်နက်အသုံးပြုခြင်းကဲ့သို့သော နိုင်ငံတကာဥပဒေချိုးဖောက်မှုတို့ အထင်အရှားရှိပါလျက် ဆီးရီးယားပြည်တွင်းစစ်၏ တာဝန်ရှိသူတို့အား အဘယ်ကြောင့် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) ၌ စုံစမ်းစစ်ဆေးရန် ပျက်ကွက်နေရပါသနည်း။

ဆီးရီးယားအစိုးရက ဆီးရီးယားပြည်သူတို့အပေါ် ဓာတုလက်နက်တို့ အသုံးပြုခဲ့သည်ဟူသော ယူဆချက်တို့ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသော်လည်း ဤကိစ္စရပ်အား နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) ၌ မကိုင်တွယ်နိုင် ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဆီးရီးယားနိုင်ငံသည် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC)အဖွဲ့ဝင်နိုင်ငံမဟုတ်သောကြောင့် ဖြစ်ပါသည်။ နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံ မဟုတ်သော နိုင်ငံတစ်နိုင်ငံအား ဤခုံရုံးကကိုင်တွယ်မည်ဆိုပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အတည်ပြုချက်ရရှိရန် လိုအပ်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပါဝင်လျက်ရှိသော နိုင်ငံကြီးတို့၏ ရပ်တည်မှုအနေအထားများအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီအတွင်း အဆိုပါအတည်ပြုချက် ရရှိရန် မဖြစ်နိုင်သည်ကိုလည်း ကမ္ဘာ့ပြည်သူအားလုံးက သိရှိနားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

ဤသို့သော အခြေအနေ၌ ဂိုလန်ကုန်းမြင့်နှင့် ဆက်စပ်လျက်ရှိသော အစ္စရေးနိုင်ငံအပေါ် အကျိုးသက်ရောက်မှုကို ထည့်သွင်းသုံးသပ်ပါက ကမ္ဘာ့နိုင်ငံရေး၏ သဘောတရားကို ပိုမိုသဘောပေါက်နားလည်မည် ဖြစ်ပါသည်။ ဂိုလန်ကုန်းမြင့်သည် ဆီးရီးယားနိုင်ငံ ပိုင်နက်မြေဖြစ်သော်လည်း အစ္စရေးနိုင်ငံကသိမ်းပိုက်ထားသည်ဖြစ်၍ ဆီးရီးယားနိုင်ငံကို နိုင်ငံတကာရာဇဝတ်မှုခုံရုံးကသာ အရေးယူကိုင်တွယ်ပါက အစ္စရေးနိုင်ငံပါ အကျိုးဝင်သက်ရောက်သွားမည်ဖြစ်ပါသည်။ အနောက်အင်အားကြီးနိုင်ငံတို့က အစ္စရေးနိုင်ငံအား နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC)က ကိုင်တွယ်စစ်ဆေးခြင်းကို လက်ခံခွင့်ပြုနိုင်မည် မဟုတ်ပါ။ သတိပြုရမည်မှာ အစ္စရေးနိုင်ငံသည်လည်း နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်ခြင်း ဖြစ်ပါသည်။ နိုင်ငံတကာဥပဒေတို့အား ချိုးဖောက်သည်ဟူသော စွပ်စွဲချက်တို့နှင့် ပတ်သက်၍ အနောက်နိုင်ငံကြီးတို့၏ ရပ်တည်ချက်သည် "ချစ်သူကို သာစေ၊ မုန်းသူကို နာစေ" ဟူသော ဘက်လိုက်သည့် မူဝါဒကိုကျင့်သုံးနေသည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာဥပဒေတို့အား ချိုးဖောက်မှုကိစ္စရပ်များရှိပါက တာဝန်ယူမှု၊ တာဝန်ခံမှု ဖော်ဆောင်ပေးရန် မြန်မာနိုင်ငံက ကတိကဝတ်ပြု ဖော်ဆောင်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါလျက် ရခိုင်ပြည်နယ်အတွင်းရှိ မတူကွဲပြားသော လူ့အသိုင်းအဝိုင်းနှစ်ရပ်အကြား တည်ငြိမ်ရေးနှင့် သဟဇာတဖြစ်ရေးကို ဒုတိယဦးစားပေးထားလျက် မြန်မာနိုင်ငံအား အတင်းအဓမ္မအရေးယူရန် ကြိုးပမ်းမှုတို့သည် ရခိုင်ပြည်နယ်အရေး၏ ရေရှည်တည်တံ့သော အဖြေကောင်းတစ်ရပ် ရရှိရေးကို လွဲချော်စေမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးတင်ပြအပ်ပါသည်။ ။

## ထိုင်း၊ စင်ကာပူ၊ မလေးရှားတို့မှပညာရှင်များ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၌ ပညာရပ်ဆိုင်ရာများ လာရောက်ပို့ချ

**ရန်ကုန် အောက်တိုဘာ ၅**

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ သွားမြစ်တုဆေးကုသရေးအဖွဲ့ (International Team for Implantology)၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပညာရှင်သုံးဦးတို့သည် အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် 'ရွှေရတု' ခန်းမ၌ ပညာရပ်ဆိုင်ရာများကို လာရောက်ဟောပြောပို့ချခဲ့ရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ် ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် အောက်တိုဘာ ၂ ရက်က မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း (နန့်ပန်တက်- တောင်ကြီးလမ်းအပိုင်း) မိုင်တိုင် (၅၃/၄) မှ (၁၁၆/၀) အထိ BOT စနစ်ဖြင့် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီမှ ၂၄ ပေအကျယ်မှ ၄၈ ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ယခုလမ်းမကြီးသည် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှုတွင် အဓိကကျသည့် လမ်းတစ်လမ်းဖြစ်သည့်အတွက် လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေးပြည့်မီစေရေး အထူးအလေးထားဆောင်ရွက်ရန်၊ စက်ယန္တရားများဖြင့် လမ်းတိုးချဲ့ရာတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရန် ဂရုပြုဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ် (၆၂/၀) နှင့် (၆၃/၀) ကြားတွင် စက်ယန္တရားများဖြင့် မြေသားတာပေါင် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ တံတားအမှတ် (၃/၆၄) သီတာအေး တံတားကြံ့ခိုင်မှုကို လည်းကောင်း၊ လမ်းတိုး ချဲ့ခြင်းနှင့်အတူ တံတားတိုးချဲ့ရန် လိုအပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၃ ရက်က တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေး ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ - တောင်ကြီးလမ်း (ကလော - တောင်ကြီး အပိုင်း) မိုင်တိုင် အမှတ် ၈၈/၀ နှင့် ၈၈/၄ ကြားတွင် ၄၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးကို ဆက်သွယ်သော အရှည် ၉၇ မိုင် ၁ ဖာလုံရှိ ဟန်မြင့်မိုရ် - မြို့ကြီး - ရွာငံ- အောင်ပန်းလမ်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟန်မြင့်မိုရ် - မြို့ကြီး - ရွာငံ - အောင်ပန်းလမ်း မိုင်တိုင်အမှတ် ၃/၄ မှ ၄၀/၀ အထိ နိုင်ငံတကာချေးငွေ (JICA ODA Loan) ဖြင့် Future Creator Group of Construction Co.,Ltd. မှ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

လမ်းစခန်း ရှင်းလင်းဆောင်တွင် Future Creator Group of Construction Co.,Ltd. မှ တာဝန်ရှိသူက မိုင်တိုင် ၃/၄ မှ ၃၂/၅ အထိ Phase (I) အနေဖြင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် မိုင်တိုင် ၃၂/၅ မှ ၄၀ /၀ ထိ Phase (II) ဖြင့် ဆောင်ရွက်ရန် လျာထားချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အုတ်ဖိုမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေး



**အုတ်ဖို အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် သာယာဝတီခရိုင်တရားသူကြီး ဒေါ်မန်ဟောက်နျန်၊ အုတ်ဖိုမြို့နယ်တရားသူကြီး ဦးမွန်မြတ်သူတို့ ပါဝင်သော အဖွဲ့သည် ယနေ့နံနက်က အုတ်ဖိုမြို့မရဲစခန်း အချုပ်ခန်းရှိ တရားရုံးစစ်ဆေးဆဲ အချုပ်သားများအား ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်ထားမှုများ ရှိ မရှိ၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေး ရှိ မရှိ၊ အမျိုးသမီးအဖော် အစောင့်အရှောက်များဖြင့် ထားရှိခြင်း ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ တို့ကို အချုပ်သူ အချုပ်သားများအား တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၉) ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၉)တွင် လယ်တွင်းသား စောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မနုသဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ သန်လျင်မောင်မောင်ဦး၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)၊ သျှီ(အင်ကြင်း)၊ ပုသိမ်အောင်သန်းဦး၊ စိုးမျိုးနှင့် မောင်စိုးထိုက် (သုံးဆယ်)တို့က သင်ကြားပို့ချကြမည်ဖြစ်သည်။ သင်တန်းကာလကို နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ အပတ်စဉ်တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည်သတ်မှတ်သင်တန်းကြေး ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံး အမှတ်(၁၇၃/၁၇၅) ခုနစ်လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင် စုံစမ်းနိုင်သည်။ အောက်တိုဘာ ၂၂ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# သစ်သားအဆွေးတိုင်အစား ကွန်ကရစ်တိုင်ဖြင့် လဲလှယ်ပေးပြီးဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၅**

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် နယ်မြေ ၂ အတွင်းလမ်းတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ထားကာလမ်းဘေးဝဲယာများတွင် ကွန်ကရစ်လမ်းမီးတိုင်များပါ လဲလှယ်ထားသော်လည်း လမ်းအဆုံးတွင်ဆွေးမြည့်နေသည့် သစ်သားလမ်းမီးတိုင်မှာ ဆက်လက်တည်ရှိနေသဖြင့် မိုးရွာပါက မြေသားများအိကျပြီး ယင်းမီးတိုင်မှာ ပြိုလဲနိုင်သည့် အခြေအနေဖြစ်နေပါသည်။

ထို့ကြောင့် ပြည်သူများအတွက် အန္တရာယ်ရှိလာနိုင်သဖြင့် လဲပြိုလာနိုင်ကြောင်း အောက်တိုဘာ ၄ ရက်က မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြပါရှိခဲ့သည့်အတွက် အောက်တိုဘာ ၅ ရက်တွင် မြို့နယ်လျှပ်စစ်ဌာနမှ အများပြည်သူ အန္တရာယ်ကင်းစေရန် သစ်သားအဆွေးတိုင်အစား ကွန်ကရစ်တိုင်ဖြင့် လဲလှယ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **ခိုင်ဇေယျ**



❄ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ သံရုံးမိသားစုများက သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဂျပန်လေကြောင်းလိုင်းဖြင့် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Ichiro Maruyama၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်စောမင်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက Haneda အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (၆၉)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီ အစည်းအဝေးပိတ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။** (အောက်ပုံ)




အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၄၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အောက်တိုဘာ ၁ ရက်က မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်း ဒေသနေအသိုက်အဝန်းအားလုံးမှ ပဋိပက္ခ၏ နောက်ဆက်တွဲ အကျပ်အတည်းများ ကြုံတွေ့နေရမှု၊ ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် ပုံမှန်အခြေအနေ ပြန်လည်ရရှိရေး၊ လူမှုသဟဇာတရရှိစေရေး ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများ၊ UEHRD ပြည်ထောင်စုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအား အကောင်အထည်ဖော်မှု၊ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် နှစ်နိုင်ငံသဘောတူညီချက်အရ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ UNDP-UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လွတ်လပ်သောစုံစမ်းရေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း အတည်ပြုပြီးသူများ၊ ၎င်းတို့၏ ဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ချိန်တွင် လုံခြုံပြီး လူသားဂုဏ်သိက္ခာရှိရှိ ဝင်ရောက်ခွင့်ရစေရန် ပွင့်လင်းမြင်သာစွာနှင့် ကောင်းမွန်သည့် အရင်းခံစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအား ပံ့ပိုးကူညီလိုသည့် နိုင်ငံတကာမိတ်ဖက်များ၊ မိတ်ဖက်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်နေသည့် ကျယ်ပြန့်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွက် ပူးပေါင်းကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ Mr. Gilles Carbonnier နှင့် ဂျီနီဗာမြို့ရှိ ICRC ရုံးချုပ်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ရှည်လျားကောင်းမွန်သော ဆက်ဆံရေးရှိခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအသင်းအား လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း မြန်မာအစိုးရက ဆောင်ရွက်နေသည့် လူသားချင်းစာနာမှုအကူအညီပေးရေး လုပ်ငန်းများတွင် Red Cross Movement အသွင်ဖြင့် ဦးဆောင်ပါဝင်ခဲ့မှုသည် လွန်စွာကောင်းမွန် အကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ညှိနှိုင်းခြင်း၊ ဆွေးနွေးအဖြေရှာခြင်း၊ လူမှုသဟဇာတဖြစ်မှုကို ထည့်သွင်းစဉ်းစားခြင်း စသည့်မှုများနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို အကျိုးခံစားခွင့်ရှိသူများအား ပွင့်လင်းမြင်သာစွာ ရှင်းပြခြင်း၊ ဒေသခံလူမှုရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်များ ပိုမိုကောင်းမွန်နိုင်သည်ကို အသိပေးလိုကြောင်း ဆွေးနွေးခဲ့သည်။

ICRC ဒုတိယဥက္ကဋ္ဌက ICRC ၏ လူသားချင်းစာနာမှု အကူအညီပေးရေးမှုများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရသည်ကို ဂုဏ်ယူပါကြောင်း၊ ICRC အနေဖြင့် ရခိုင်ပြည်နယ်တစ်ခုတည်းမဟုတ်ဘဲ အခြား ကချင်၊ ရှမ်းကဲ့သို့သော ဒေသများတွင်လည်း အကူအညီပေးလျက်ရှိသလို ဆက်လက်၍လည်း ပူးပေါင်းကူညီမည်ဖြစ်ပါကြောင်း၊ အရေးပေါ် အခြေအနေတွင် ပံ့ပိုးမှုအပြင် ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ ကောင်းမွန်သည့် အခြေခံလူနေထိုင်မှုအဆင့်အတန်းရှိစေရေးတို့ကို Geneva Convention, Humanitarian Law တို့နှင့်အညီ လူမျိုးဘာသာ မခွဲခြားဘဲ လိုအပ်ချက်ရှိသူတိုင်းကို ကူညီနေပါကြောင်း၊ လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ICRC ၏ အကူအညီများသည် ဘက်လိုက်မှုမရှိဘဲ လူသားချင်းစာနာမှု မူအရသာ ဆောင်ရွက်လျက်ရှိသည်ကို ထပ်လောင်းအတည်ပြုလိုပါကြောင်း၊ ဒုက္ခရောက်သူများအား ကူညီမှုအပြင် မူရင်းဆောင်ရွက်နေသည့် မိုင်းအန္တရာယ်လျော့ပါးရေး လုပ်ငန်းများကိုလည်း ဆက်လက်အလေးပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရေရှည်အတွက်ပြင်ဆင်သည့် ပံ့ပိုးကူညီမှုများကို ဆက်နွယ်သည့် ဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး ဆောင်ရွက်နေပါကြောင်း၊ လိုအပ်သလိုပံ့ပိုးကူညီရန်လည်း မေတ္တာရပ်ခံပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုအဖွဲ့မှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Antonio Vitorino နှင့်လည်း အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် International Office for Migration(IOM) ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်မှုစီမံပြန်မှုနာရေးဆွဲရာတွင် ကူညီမှုများကို ကျေးဇူးတင်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဌာနများ ဖွင့်လှစ်နိုင်ရန် ပံ့ပိုးမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် စနစ်တကျပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူခင်းကျဆင်းရေး ပိတ်ဆို့ရှာဖွေ စစ်ဆေးဆောင်ရွက်

**လယ်ဝေး အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် မူခင်းလျော့နည်းကျဆင်းစေရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ညွှန်ကြားမှုနှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးများ ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးဆောင်ကာ ညအချိန်တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ယမန်နေ့ညပိုင်းက ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့်အတူ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ညွန့်နှင့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများပါဝင်၍ မူခင်းလျော့နည်းစေရေးအတွက် လယ်ဝေးမြို့အမှတ်(၇) ရပ်ကွက် အေးလမ်းဆုံ၌ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ်များအား ပိတ်ဆို့ရှာဖွေ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

✻ *ကျော်ဖုံးမှ*

e-Government အကောင်အထည် ဖော်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကွန်ပျူတာတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**လူမှုစီးပွားဖွံ့ဖြိုးရေးအကျိုးပြု**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုမည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ဆောင်နေသည့် e-Government နှင့် ပတ်သက်ပြီး မိဘပြည်သူများကိုအသိပေးနိုင်ရန် Road to Digital Government ဆိုသည့် ဆောင်ပုဒ်နှင့် ကျင်းပပြုလုပ်သည့် ယခု e-Government Forum အခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရရှိ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

e-Government ဆိုသည်မှာ အစိုးရအဖွဲ့အစည်း အချင်းချင်းအကြား၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား၊ အစိုးရနှင့် ပြည်သူလူထုအကြားတွင် အပြန်အလှန်ဆက်သွယ်ခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း စသည့်လုပ်ငန်းများကို သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ(ICT) သုံးပြီး လုပ်ငန်းများ လျင်လျင်မြန်မြန်၊ မှန်မှန်ကန်ကန်၊ စရိတ်သက်သက်သာသာနှင့် ပြီးစီးနိုင်စေရန်အတွက် အစိုးရ၏ သတင်းအချက်အလက်များကို စီမံခန့်ခွဲသည့်စနစ်ကို ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ အစိုးရ၏ လုပ်ငန်းဆောင်တာများမှာ ICT နည်းပညာသုံးပြီး e-Government ကို ပီပီပြင်ပြင် အကောင်အထည်ဖော်လာနိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ဖြစ်လာပြီး ပွင့်လင်းမြင်သာမှု ရှိလာမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်ကထက် လွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အဂတိလိုက်စားနိုင်မှု အခွင့်အလမ်းများကိုလည်း များစွာလျှော့ချပေးနိုင်မည်ဖြစ်သည့်အတွက် အစိုးရ၏ အုပ်ချုပ်မှုစနစ်အပေါ်၌ ပိုမိုယုံကြည်မှု ရှိလာမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တိုးတက်လာသည့် နည်းပညာများကို အပြည့်အဝသုံးစွဲပြီး ပြည်သူလူထုကို ပိုမိုကောင်းမွန်ချောမွေ့သည့် ဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်**

မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၈နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ် ဦးဆောင်သည့် "e-Government ဦးဆောင်




ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government Forum 2018 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ကော်မတီ"ကို လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ပြီး ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် "e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ" ကိုလည်း လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ပြီး ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကော်မတီက ၂၀၁၈ ခုနှစ်၊ ဇွန် ၁၂ ရက်တွင် e-ID စနစ်လုပ်ငန်းကော်မတီကိုဖွဲ့စည်းခဲ့ပြီး ယင်းအပြင် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အောက်



မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

တွင် ဆပ်ကော်မတီရှစ်ခုဖြစ်သည့် ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ၊ အခြေခံအဆောက်အအုံစနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီ၊ ဝယ်ယူရေးနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ စံသတ်မှတ်ရေး ဆပ်ကော်မတီ၊ သုတေသနနှင့် ဖွံ့ဖြိုးရေး ဆပ်ကော်မတီနှင့် ပြန်ကြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ကြောင်း။

**Unicode ကို စံစနစ်သတ်မှတ်**

e-Government ဦးဆောင်ကော်မတီအစည်းအဝေးများတွင်လည်း e-ID စနစ်များနှင့် ပတ်သက်ပြီး ခေတ်စနစ်နှင့် လျော်ညီသည့်ဥပဒေ၊ နည်းဥပဒေသစ်များ ပြန်လည်ရေးဆွဲနိုင်ရေး၊ International Standard Organ-



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အမှာစကားပြောကြားစဉ်။

ization (ISO) စံကိုက်ညီသည့် မြန်မာ Unicode ကို စံစနစ်အဖြစ်သတ်မှတ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုနိုင်ရေး၊ ICT Institute များ တည်ထောင်သွားနိုင်ရေး၊ လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း ခေတ်စနစ်နှင့် လျော်ညီအောင် လုပ်ဆောင်နိုင်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့ပြီး ဖြစ်ပါကြောင်း။

e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် "ရေရှည်လုပ်ငန်းစဉ်" များကို ချမှတ် ဆောင်ရွက်သွားရမည့်အပြင် အချိန်တိုအတွင်း ပြည်သူများအတွက် သိသာထင်ရှားသည့် ရလဒ်များ ရရှိနိုင်မည့် Quick Win Service များအတွက် "ရေတိုလုပ်ငန်းစဉ်"များကိုလည်း စနစ်တကျရေးဆွဲပြီး တစ်ပြိုင်တည်း ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် e-Government အကောင်အထည်ဖော်ရန် အထောက်အကူဖြစ်စေနိုင်မည့် Myanmar e-Governance Master Plan ကို Asia Development Bank (ADB)၏ ငွေကြေးအထောက်အပံ့၊ အိန္ဒိယနိုင်ငံ၏ နည်းပညာကျွမ်းကျင်မှုအကူအညီနှင့် မြန်မာနိုင်ငံရှိ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများနှင့်အတူ ပြည်တွင်း ပြည်ပက e-Government နှင့် ICT နည်းပညာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံကောင်းများနှင့် နှိုင်းယှဉ်လေ့လာရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း။

**ဥပဒေနှင့်အညီ လုပ်ဆောင်နိုင်ရန်**

e-Government ကို အကောင်အထည်ဖော်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership – PPP) စနစ်ကို အသုံးပြုသွားမှ ပိုမိုထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ဝန်ဆောင်မှုများကို မြန်မြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ ရန်ပုံငွေဖြင့် ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ခွဲခြမ်းစိတ်ဖြာတွက်ချက်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ e-Government စနစ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန်နှင့် ဥပဒေနှင့်အညီ လိုက်လျောညီထွေ လုပ်ဆောင်နိုင်ပိုမိုတိုးတက်ကောင်းမွန် ချောမွေ့လာမည်ဖြစ်သကဲ့သို့ မိမိတို့၏ အရည်အသွေးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ဆောင်မှုပေးနေသည့် ပြည်သူများကိုလည်း e-Government စနစ်နှင့် ရင်းနှီးကျွမ်းဝင်လာအောင် ရှင်းလင်းဆွဲဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ သို့မှသာ e-Government စနစ်မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် အောင်မြင်လာမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

UN e-Government Survey 2018 အရ လက်ရှိမြန်မာနိုင်ငံ၏ e-Government Development Index (EGDI) မှာ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၉ မှ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာခြင်းကြောင့် ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၅၇ အထိ တိုးတက်လာသည်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးသည့် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်နှင့် ကွန်ပျူတာအသင်းများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများသည် နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နည်းပညာများ စဉ်ဆက်မပြတ် အကြံပြုပံ့ပိုးရင်း နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ပေါင်းကူးချိတ်ဆက်ပေးပြီး e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားကြရန် လိုကြောင်း ပြောကြားသည်။

**စံသတ်မှတ်ချက်များ ချမှတ်ထားရှိ**

ဆက်လက်၍ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊




"Implementation Challenges and Opportunities for Local Industry" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

ရန်အတွက် ပြည်တွင်းကုမ္ပဏီများကသာ စဉ်ဆက်မပြတ် လုပ်ကိုင်ပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ Chief Information Officer (CIO) များအဖြစ် တာဝန်ပေးထားသည့် ဝန်ထမ်းများအနေဖြင့်လည်း e-Government စနစ်ကူးပြောင်းလုပ်ကိုင်ရာတွင် တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ လေ့လာသိရှိထားသည်များကို လက်တွေ့လုပ်ငန်းခွင်၌ အသုံးချရမည်ဖြစ်သကဲ့သို့ မသိသေးသည့်ပညာရပ်များကိုလည်း ကြိုးစားသင်ယူကြမည်ဆိုလျှင် မိမိတို့ဌာန၏ e-Government ဆိုင်ရာ အရည်အသွေးနှင့် ဝန်ဆောင်မှုများကို တွေ့ရပါကြောင်း၊ အဆင့်သတ်မှတ်ချက်တိုးတက်သကဲ့သို့ လက်တွေ့လုပ်ငန်းခွင်တွင်လည်း တိုးတက်မှုရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် e-Government စနစ် အောင်မြင်နေသည့် နိုင်ငံတကာ အတွေ့အကြုံကောင်းများကို အခြေခံလေ့လာပြီး အခက်အခဲများကို ကျော်လွှားနိုင်သည့် အလေ့အကျင့်ကောင်းများကိုရယူကာ မြန်မာနိုင်ငံ၏ e-Government စနစ် အောင်မြင်မှုရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါဟု မေတ္တာရပ်ခံ တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် e-Government Forum ကို e-Government ဦးဆောင်ကော်မတီ၏လမ်းညွှန်မှု၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှု ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲထားသော Myanmar e-Governance Master Plan တွင် ပါဝင်သည့် ဥပဒေမူဝါဒလမ်းညွှန်ချက် စံသတ်မှတ်ချက်များ ချမှတ်ထားရှိမှု အခြေအနေ၊ ICT Infrastructure များ တည်ဆောက်ထားရှိမှု အခြေအနေ၊ Application Software များဖြင့် ပြည်သူများသို့ e-Service များ ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော်အစိုးရ၏ ဝန်ဆောင်မှုများကို ပြည်သူများအနေဖြင့် ရိုးရှင်းလွယ်ကူစွာ အသုံးပြုသွားနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၅ သို့*

# လူထုဗဟိုပြုစီမံကိန်း ပဥ္စမနှစ် နှစ်ပတ်လည် သက်ဆိုင်သူပေါင်းစုံပါဝင်သော ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးရေးတွင် မြို့ပြဒေသများ ဖွံ့ဖြိုးနေရုံဖြင့် မလုံလောက်ဘဲ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်သည့် ကျေးလက်ဒေသများပါ အချိုးညီဖွံ့ဖြိုးလာရေးသည်လည်း အရေးတကြီးလိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၂ (MICC-II)၌ ကျင်းပသည့် လူထုဗဟိုပြုစီမံကိန်း ပဥ္စမနှစ်နှစ်ပတ်လည် သက်ဆိုင်သူပေါင်းစုံပါဝင်သော ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများသည် နိုင်ငံဖွံ့ဖြိုးရေး၏ ကျောရိုးသဖွယ်ရပ်တည်နေကြသည့်အတွက် နိုင်ငံ့ကျောရိုး မားမားမတ်မတ် ရပ်တည်နိုင်သည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရန်ဦးတည်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရန် ဦးစားပေးဆောင်ရွက်ပေးနေသကဲ့သို့ လူမှုဘဝမြင့်မားလာစေရေးတွင် အဓိကလိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက် ရှိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အလိုအပ်ဆုံး အခြေခံအဆောက်အအုံများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသများ၏ ဦးစားပေးလိုအပ်ချက်မှာလည်း လမ်းနှင့် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများက ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ကျေးလက်နေပြည်သူများကိုယ်တိုင် အကောင်အထည်ဖော်သည့် လူထုဗဟိုပြုစီမံကိန်းကလည်း တစ်တပ်တစ်အား ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ လူထုဗဟိုပြုစီမံကိန်းသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒဖြစ်သည့် "ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်တဲ့ စဉ်ဆက်မပြတ်တိုးတက်မှုကို ရယူရန်" ဆိုသည့်ရည်ရွယ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကျေးရွာများတွင် လိုအပ်လျက်ရှိသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို လူထုကိုယ်တိုင်က ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် တာဝန်ယူ၍ လုပ်ငန်းလည်ပတ်ခြင်း စသည်ဖြင့် ပြည်သူကိုဗဟိုပြုပြီး စီမံကိန်းလုပ်ငန်းခွဲအစမှ အဆုံးတိုင် ပြည်သူက တာဝန်ယူလုပ်ဆောင်သွားရမည့် စီမံကိန်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲများကို စီမံကိန်း စတင်သည့်အချိန်မှစ၍ နှစ်စဉ်ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများမှရရှိသည့် အတွေ့အကြုံ၊ သင်ခန်းစာနှင့် စိန်ခေါ်မှုများကို ဖြည့်ဆည်းဖြေရှင်းဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြည့်စုံစေရန် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ယခုနှစ်အထိ ကျေးရွာပေါင်း ၁၂၀၁၁ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၁၀၂၂ ခုကို အရည်အသွေးပြည့်မီစွာဖြင့် လူထုအကျိုးအတွက် အကောင်အထည်ဖော်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ပေးနိုင်ခြင်း၏ ရလဒ်ဖြစ်သည့် ဖွံ့ဖြိုးရေးအသီးအပွင့်များကို ကျေးလက်အိမ်ထောင်စုပေါင်း ၇ ဒသမ ၁ သန်းက ရရှိခံစားနေနိုင်ပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ သုံးသပ်ပွဲများသည် အကျိုးရှိထိရောက်မှုရှိကြောင်းကို ကျင်းပခဲ့ပြီးသည့် ဆွေးနွေးပွဲအတွေ့အကြုံများက သက်သေခံနေသည့်အတွက် လာမည့်နှစ်များတွင် ပိုမိုကောင်းမွန်ပြည့်စုံစွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ယနေ့ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်နှင့် စီမံကိန်းအောင်မြင်ရေး၊ လူထုကို ပိုမိုအကျိုးပြုနိုင်ရေးကို ဦးတည်၍ အပြုသဘောဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ Program Leader, Mr. Mark Austin က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စီမံကိန်းပဥ္စမနှစ် ဆောင်ရွက်မှုများတွင် ဆုရရှိခဲ့ကြသော ကျေးရွာအုပ်စုများကို ဆုချီးမြှင့်ကြပြီး စီမံကိန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ မြန်မာ့စိမ်းလန်းအရင်းအမြစ်မှ International Community Driven Development Expert, Mr. Peter Ellis Brian Deutrom၊ စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း ညွှန်ကြားရေးမှူး ဦးဝင်းမျိုးသူနှင့် UK; DFID မှ Social Development Advisor တို့က ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ Lead Social Development Specialist, Mr. Sean Bradley၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး(အငြိမ်းစား)၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း Admin Director ဦးသင်းမောင်၊ ပေါင်းစုလုပ်အား ကူညီပေးရေးအဖွဲ့မှ Chief Executive Officer ဦးဘော်ဘီနှင့် LIFT Fund မှ LIFT Policy Advisor, Mr. Brett Ballard တို့က ကြွယ်ဝမှုနှင့် မိတ်ဖက်ခေါင်းစဉ်ဖြင့် လည်းကောင်း သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် နည်းပညာအခက်အခဲများအပေါ် အုပ်စုငယ်များဖွဲ့၍ ထိခိုက်လွယ်အုပ်စုနှင့် ပဋိပက္ခ၊ အခြေခံအဆောက်အအုံ အရည်အသွေးနှင့် အကာအကွယ်၊ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ လူမှုတာဝန်ခံမှုနှင့် ဝေဖန်အကြံပြုတိုင်းကြားရေး ကိစ္စရပ်များကိုလည်းကောင်း၊ ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်း၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်ရေး၊ ဝယ်ယူရေး၊ ပြင်ဆင်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို "National Strategy and Framework for Digital Government" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ "Implementation Challenges and Opportunities for Local Industry" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ "Role of Private Sector in e-Government" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များ စကားဝိုင်းဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ e-Government ဦးဆောင်ကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသောင်းတင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ နာယက ဦးသိန်းဦးနှင့် ဥက္ကဋ္ဌ ဦးခွန်ဦး၊ e-Government အခြေခံအဆောက်အအုံ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနာယက ဦးတင်ဝင်းအောင်နှင့် ဖိတ်ကြားထားသည့် အသိပညာရှင် အတတ်ပညာရှင်များက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






**National Strategy and Framework for Digital Government ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပစဉ်။**

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် လာရောက်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင် ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်း ကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားတို့သည် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြသိန်း၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်တို့နှင့် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ရခိုင်ပြည်နယ်အတွင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ **သတင်းစဉ်**

# စားကျက်မြေကျူးကျော်သူများအား အသိပညာပေးရှင်းလင်းဆွေးနွေး

**ပလောက် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ခန္တီကျေးရွာအုပ်စု ပြင်ကြီးကျေးရွာတွင် စားကျက်မြေနှင့်စားကျက်ကျူးကျော်သူများအား အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို အောက်တိုဘာ ၄ ရက်က ခန္တီကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပရာ ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေနှင့် ပလောက်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ထွေးတို့က ခန္တီကျေးရွာအုပ်စု ပြင်ကြီးကျေးရွာ ကွင်းအမှတ် (၇၁၁)ခန္တီကွင်းသစ် ဧကအားဖြင့် ၉၅ ဒသမ ၆၆ ဧကရှိပြီး ယင်းဧရိယာထဲတွင် တချို့သော ပြင်ကြီးကျေးရွာသူ ကျေးရွာသားများက လူနေအိမ်ဆောက်လုပ်ခြင်း၊ နှစ်ရှည်သီးနှံပင်ဥယျာဉ်ခြံမြေများ စိုက်ပျိုးလုပ်ကိုင်နေခြင်းကို ထပ်မံ၍ ကျူးလွန်စိုက်ပျိုးခြင်းများ မပြုလုပ်ကြရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေဝင်ရောက်သည့် အိမ်ထောင်စုများသို့ ထောက်ပံ့ငွေ ပေးအပ်

**ဒီးမော့ဆို အောက်တိုဘာ ၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်မှုဖြစ်ပွားခဲ့သော ဘုရားဖြူကျေးရွာအုပ်စု ဘုရားဖြူကျေးရွာနှင့် ဖောင်းတောကျေးရွာရှိ အိမ်ထောင်စုများအား တစ်ပတ်စာ ထောက်ပံ့ငွေပေးအပ်ခြင်းကို အောက်တိုဘာ ၅ ရက်က အဆိုပါကျေးရွာများသို့ သွားရောက်ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ တစ်ပတ်စာ စားစရိတ်အနေဖြင့် ပေးအပ်ခြင်းဖြစ်ပြီး ရေဝင်မှုဖြစ်ပွားခဲ့သော ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု စုစုပေါင်း ၂၃၀၊ လူဦးရေ ၁၂၂၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၅၆၂၀၀ ကို ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

# နိုင်ငံခြားငွေလဲလှယ်နှုန်း ပြဿနာ

သက်ဇင်မိုး

**နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုသည်မှာ**

နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုသည်မှာ အခြားနိုင်ငံသုံး ငွေကြေးနှင့် လဲလှယ်နိုင်သည့် နိုင်ငံသုံးငွေ၏ ဈေးနှုန်းဖြစ်သည်။ အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာကျပ်မည်မျှရှိသည်၊ ယူရိုငွေ ၁ ယူရိုလျှင် မြန်မာကျပ်မည်မျှရှိသည် စသည်ဖြင့် ဖော်ပြကြသည်။ ၎င်းကို တိုက်ရိုက်လဲလှယ်နိုင်သည့် နှုန်းဟုခေါ်ပါသည်။ သွယ်ဝိုက်လဲလှယ်နှုန်းမှာ နိုင်ငံသုံးငွေ ၁ ယူနစ်လျှင် အခြားနိုင်ငံသုံးငွေ မည်မျှရှိသည်ကို ဖော်ပြခြင်းဖြစ်သည်။ မြန်မာကျပ်ငွေ ၁ ကျပ်လျှင် သို့မဟုတ် ၁၀၀ကျပ်လျှင် အမေရိကန်ဒေါ်လာ မည်မျှ၊ ယူရိုမည်မျှ၊ ထိုင်းဘတ် မည်မျှစသည်ဖြင့် ဖော်ပြပါသည်။ အမေရိကန်ဒေါ်လာသည် ကမ္ဘာသုံးငွေကြေးသဖွယ်ဖြစ်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းများကို ဖော်ပြရာတွင် အမေရိကန်ဒေါ်လာကို များသောအားဖြင့် အခြေခံကြသည်။

**နှုန်းရှင်နှုန်း၊ ပုံသေနှုန်း**

နိုင်ငံခြားငွေလဲလှယ်နှုန်းကို သတ်မှတ်ရာတွင် နှုန်းရှင်နှုန်း (Floating Exchange Rate) သတ်မှတ်ခြင်း၊ ပုံသေနှုန်း(Fixed Exchange Rate) သတ်မှတ်ခြင်းဟူ၍ရှိသည်။ နှုန်းရှင်နှုန်းမှာ ဈေးကွက်က ဆုံးဖြတ်သော နှုန်းကိုလိုက်၍ သတ်မှတ်ခြင်းဖြစ်ပြီး ပုံသေနှုန်းမှာ သတ်မှတ်ခွင့်ရှိသည့် အဖွဲ့အစည်းက သတ်မှတ်သောနှုန်းဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျများပြားမှုကို ကာကွယ်ရန် အချို့နိုင်ငံများက ပုံသေနှုန်း သတ်မှတ်လေ့ရှိကြသည်။ ၎င်းကို Official exchange rate ဟုလည်း ခေါ်ကြပါသည်။ နှုန်းရှင်နှုန်း သတ်မှတ်ရာတွင်လည်း ထိန်းကျောင်းမှုရှိခြင်း (Managed Floating) နှင့် နှုန်းရှင်မျှောခြင်း ( Free Floating ) ဟူ၍ တွေ့နိုင်သည်။

**မြန်မာ့နိုင်ငံခြားငွေလဲလှယ်နှုန်း**

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်မှာ ၂၀၁၂ ခုနှစ်မတိုင်မီအထိ ပုံသေနှုန်းဖြစ်သည်။ ထိုစဉ်က အမေရိကန် ၁ ဒေါ်လာလျှင် ၆ ကျပ်ပတ်ဝန်းကျင်သာရှိပြီး ပြင်ပဈေးမှာ အဆများစွာ ကွာလေသည်။ ၂၀၁၂ ခု ဧပြီလ ၁ ရက်နေ့တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကို နှုန်းရှင်စနစ်သို့ စတင်ပြောင်းလဲခဲ့ရာ ထိုအချိန်က ပြင်ပဈေးမှာ အမေရိကန် ၁ ဒေါ်လာလျှင် ကျပ် ၈၀၀ ခန့် ဖြစ်လေသည်။ ဈေးကွက်ဈေးနှုန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် စတင်ပြောင်းလဲသည့်နေ့တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၈၁၈ ကျပ်နှုန်း သတ်မှတ်ခဲ့ပြီး ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်စနစ် (Managed Floating Exchange Rate Regime) ကို ကျင့်သုံးခဲ့ပါသည်။

ထိုအချိန်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးစီးသော နိုင်ငံခြားငွေလဲလှယ်နှုန်းကြီးကြပ်မှု ကော်မတီဖွဲ့စည်းခြင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် နိုင်ငံခြားငွေလဲလှယ်သည့် ကောင်တာများ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်း လုပ်ငန်းလိုင်စင်များထုတ်ပေးခြင်း စသည်တို့ကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပြီး ပြည်တွင်း ပြည်ပမှ နိုင်ငံခြားငွေလဲလှယ်လိုသူများကို သတ်မှတ်ချက်များနှင့်အညီ ဈေးကွက်နှုန်းဖြင့် လဲလှယ်ပေးခဲ့ပါသည်။ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer Licence) ရှိသူ ဘဏ်များက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲတွင် ကျင်းပသော နေ့စဉ် ဈေးပြိုင်စနစ်ဖြင့် ရောင်းဝယ်မှုကို ပါဝင်ဆောင်ရွက်ကြပြီး ဗဟိုဘဏ်က နေ့စဉ်ရည်ညွှန်း ငွေလဲလှယ်နှုန်း (Reference Rate (သို့) Quoted Rate) သတ်မှတ်ကြေညာပေး၍ ဘဏ်များက အဆိုပါနှုန်းကို အခြေခံပြီး ဝယ်ယူမှုကို ဝ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့၍လည်းကောင်း ရောင်းချမှုကို ဝ ဒသမ ၈ ရာခိုင်နှုန်းအထိတိုး၍ လည်းကောင်း ဈေးကွက်စနစ်နှင့်အညီ သတ်မှတ်ရောင်းဝယ်ကြပါသည်။ ၂၀၁၂ ခု ဧပြီလ ၁ ရက် စတင်ပြောင်းလဲချိန်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေမှာ အမေရိကန် ၁ ဒေါ်လာလျှင် ၈၁၈ ကျပ်ဖြစ်ပါသည်။ ၂၀၁၂ ခု စက်တင်ဘာလ တွင် ၈၆၄ ကျပ်ခန့်၊ ၂၀၁၃ ခု စက်တင်ဘာလတွင် ၉၇၃ ကျပ်ခန့်၊ ၂၀၁၄ ခု စက်တင်ဘာလတွင် ၉၈၀ ကျပ်ခန့်၊ ၂၀၁၅ ခု စက်တင်ဘာလတွင် ၁၂၉၁ ကျပ်ခန့်၊ ၂၀၁၆ ခု စက်တင်ဘာလတွင် ၁၂၃၅ ကျပ်ခန့်၊ ၂၀၁၇ ခု စက်တင်ဘာလတွင် ၁၃၅၇ ကျပ်ခန့်၊ ၂၀၁၈ ခု စက်တင်ဘာလတွင် ၁၅၇၈ ကျပ်ခန့်အထိ ရောက်ရှိလာလေသည်။ ထိုပြောင်းလဲမှု အခြေအနေသည် နိုင်ငံခြားငွေနှင့်လဲလှယ်ရာတွင် မြန်မာငွေတန်ဖိုး ခိုင်မာမှု အားပျော့သည့်အခြေအနေကို ပြသနေသည့် ညွှန်းကိန်းများပင်ဖြစ်သည်။

**နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ငွေတန်ဖိုး**

နိုင်ငံခြားငွေလဲလှယ်နှုန်းသည် နိုင်ငံသုံးငွေကြေးတန်ဖိုးကို ပြသည်ဖြစ်ရာ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်မှုများလျှင် ငွေတန်ဖိုးကျဆင်းနေပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းမှုများလျှင်ငွေတန်ဖိုး မြင့်တက်သည်ဟု မှတ်ယူနိုင်ပါသည်။ တစ်နည်းအားဖြင့် ငွေတန်ဖိုးခိုင်မာသည်၊ အားကောင်းသည် သို့မဟုတ် မခိုင်မာ၊ အားနည်းသည်ဟု ဆိုကြသည်။ ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း အနေအထားအရ မြန်မာငွေတန်ဖိုးကျဆင်းမှု အားပျော့မှုမှာ စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများကလည်း နည်းလမ်းမျိုးစုံ စဉ်းစားသုံးသပ်အဖြေရှာ၍ ဖြေရှင်းနိုင်ရန် ကြိုးပမ်းသည်။ ကြိုးပမ်းနေသည့်ကြားမှ တည်ငြိမ်မှုရမသွားဘဲ ထပ်ဆင့်ထပ်ဆင့်မြင့်တက်မှုကို တွေ့ရသည်။ မည်သို့ကြောင့်ပါနည်း။

**မြန်မာငွေတန်ဖိုးကျဆင်းမှု**

အမေရိကန် ၁ ဒေါ်လာ၏ ဈေးနှုန်းသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ၁၂၉၁ ကျပ်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ၁၂၃၅ ကျပ်၊ ၂၀၁၇ ခု စက်တင်ဘာလတွင် ၁၃၅၇ ကျပ်၊ ၂၀၁၈ ခု စက်တင်ဘာလတွင် ၁၅၇၈ ကျပ်တို့ဖြစ်ရာ အမေရိကန်ဒေါ်လာဈေးနှုန်း မြင့်တက်မှု အခြေအနေအရ ပို့ကုန်လုပ်ငန်းရှင်များ တွက်ခြေကိုက်ပြီး သွင်းကုန်လုပ်ငန်းရှင်များ တွက်ခြေမကိုက်။ ထိုမှတစ်ဆင့် ပြည်တွင်းကုန်ဈေးနှုန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် သက်ရောက်မှုရှိသည်။ နောက်ဆုံးတွင် မေခရိုစီးပွားရေး တည်ငြိမ်မှုကို ထိခိုက်ပြီး စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်လေသည်။

**မြန်မာကျပ်ငွေတန်ဖိုး တကယ်ကျသလား**

ဤမေးခွန်းကို ဖြေနိုင်ရန် နိုင်ငံခြားငွေလဲလှယ်နှုန်းကိုပြဋ္ဌာန်းသော အကြောင်းများကို လေ့လာကြည့်ရန်လိုပါမည်။ အခြေခံအကျဆုံးအချက်မှာ ဈေးကွက်အခြေအနေအရ ပြဋ္ဌာန်းသည့် နှုန်းဖြစ်သဖြင့် ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် အဓိကမူတည်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအား မျှနေလျှင် ဈေးတည်ငြိမ်သည်။ ဝယ်လိုအား များပြားပြီး ရောင်းလိုအား နည်းပါးနေလျှင် နိုင်ငံခြားငွေဈေးနှုန်းမြင့်တက်သည်။ ကျပ်ငွေတန်ဖိုးကျသည်။ ရောင်းလိုအား များပြားပြီး ဝယ်လိုအား နည်းပါးနေလျှင် နိုင်ငံခြားငွေဈေးနှုန်း ကျဆင်းမည်။ ကျပ်ငွေတန်ဖိုး မြင့်သည်။ ဤနေရာတွင် ငွေတန်ဖိုးကျသည်ဟု ဆိုခြင်းမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် တန်ဖိုး ကျသည်ဟု ဆိုလိုသည်။ အားပျော့သည်ဟု ဆိုလိုသည်။ ထို့ကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားကို ထိန်းညှိပေးနိုင်လျှင် တည်ငြိမ်မှု ရရှိနိုင်လေသည်။ ဤနေရာတွင် အထူးသတိပြုရမည်မှာ မည်သည့်ဈေးနှုန်းသည် အမှန်အခြေအနေနှင့် အနီးစပ်ဆုံး ဖြစ်သလဲဆိုသည်ကို သိရှိနိုင်ရန် ဖြစ်သည်။ အဆိုပါမေးခွန်းအတွက် ရှုထောင့်အမျိုးမျိုးမှ အဖြေအမျိုးမျိုး ထွက်နိုင်လေသည်။ ယခုအခြေအနေတွင် အမေရိကန်ဒေါ်လာနှင့် သော်လည်းကောင်း၊ ၎င်းကိုအခြေခံ၍ ချိတ်ဆက်ထားရသဖြင့် အခြားငွေကြေးများနှင့်သော်လည်းကောင်း နှိုင်းယှဉ်ပါက မြန်မာငွေများစွာ တန်ဖိုးကျဆင်းနေသည်မှာ အမှန်ဖြစ်သည်။ အမေရိကန် ၁ ဒေါ်လာရရှိရန် ၁၅၀၀ ကျပ် ပေးသင့်ရဲ့လား၊ ၁၆၀၀ ကျပ် ပေးသင့်ရဲ့လား သုံးသပ်ရမည်ဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကို ပြဋ္ဌာန်းသည့် အခြားသောအချက်များမှာ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း (အထူးသဖြင့် ပို့ကုန်၊ သွင်းကုန်)၊ အတိုးနှုန်းအဆင့်၊ ငွေဖောင်းပွမှုနှုန်း၊ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ အစိုးရ၏ ပါဝင်စွက်ဖက်မှု၊ ဈေးအတက်အကျမျှော်မှန်းချက်အရ ဝယ်လိုခြင်း၊ ရောင်းလိုခြင်း၊ တိုင်းပြည်၏စီးပွားရေးအင်အားတောင့်တင်းမှု စသည့်အချက်များဖြစ်သည်။

မြန်မာငွေတန်ဖိုးကျဆင်းမှုသည် ပြည်ပအကြောင်းအချက်များဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ အမေရိကန်ဒေါ်လာတန်ဖိုး ခိုင်မာအားကောင်းနေမှုနှင့် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ ဂယက်ရိုက်ခတ်မှုတို့ကြောင့် ဖြစ်ရသလို ပြည်တွင်းအကြောင်းအချက်များဖြစ်သည့် ကုန်သွယ်ရေးလိုငွေပြမှု၊ စီးပွားရေးအခြေခံများ အားနည်းမှုတို့ကြောင့်လည်း ဖြစ်ရသည်။ အခြား နိုင်ငံသုံးငွေကြေးများသည်လည်း မြန်မာငွေကဲ့သို့ တန်ဖိုးကျသော်လည်း မြန်မာငွေလောက် မကျပေ။ ထို့ကြောင့် ပြည်တွင်းပြည်ပ အကြောင်းအချက်များအပြင် ဈေးကစားမှုကြောင့် ကျဆင်းရခြင်း ဖြစ်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

**ငွေကြေး၏ဝယ်ယူနိုင်စွမ်း**

သာမန်လူအနေဖြင့်စဉ်းစားလျှင် အမေရိကန် ၁ ဒေါ်လာအတွက် ၁၆၀၀ ကျပ်ပေးမှုရမည်ဆိုလျှင် ၁၆၀၀ ကျပ်၏ ဝယ်နိုင်စွမ်းအားလုံးတွင် ကျဆင်းမှုသာ ကျဆင်းမှုအမှန်ဖြစ်ပေမည်။ ဤသည်ကို ငွေကြေး၏ဝယ်ယူနိုင်စွမ်း (purchasing power of currency) ဟုခေါ်သည်။ တစ်နည်းအားဖြင့် အမှန်နိုင်ငံခြားငွေ လဲလှယ်နှုန်း(real exchange rate) ဖြစ်သည်။ ၁၆၀၀ ကျပ်ဆိုသည်မှာ အမှန်နိုင်ငံခြားငွေလဲလှယ်နှုန်း မဟုတ်ပေ။ ၎င်းသည် norminal exchange rate ဖြစ်သည်။ ပြည်ပကုန်သွယ်မှုပြုလုပ်ရာတွင်ဖြစ်စေ၊ နိုင်ငံခြားငွေ လဲလှယ်ရာတွင်ဖြစ်စေ norminal exchange rate ကို သုံးရမည်ဖြစ်သည်။ ကုန်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများတွင် ပြည်တွင်းငွေဖြင့် သုံးစွဲနိုင်သဖြင့် ကုန်စည်မည်မျှ ဝယ်ယူနိုင်သည်၊ ဝန်ဆောင်မှု မည်မျှရယူနိုင်သည်ဆိုသည်ကို နိုင်ငံ နှစ်ခု နှိုင်းယှဉ်တိုင်းတာသည့်နှုန်းသည် Real Exchange Rate ဖြစ်သည်။ ဥပမာအားဖြင့် လူအများသုံး ကုန်စည်တစ်ခု ရေသန့်ဘူး ဆိုပါစို့ ၁၆၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံတွင် ရေသန့်ဘူး ငါးဘူး ရနိုင်ပါသည်။ ၁ ဒေါ်လာ ဖြင့် အမေရိကန်တွင် ရေသန့်ဘူး ငါးဘူးရနိုင်ပါမည်လား၊ ၁၆၀၀ ကျပ်ဖြင့် မြန်မာ နိုင်ငံတွင် ဓာတ်ဆီ နှစ်လီတာခန့် ရနိုင်ပါသည်။ ၁ ဒေါ်လာဖြင့် အမေရိကန်တွင် ဓာတ်ဆီ ၁ ဒသမ ၂ လီတာသာ ရပါသည်။ ၁၆၀၀ ကျပ်သည် မြန်မာနိုင်ငံတွင် မိနစ်ပေါင်းများစွာ ဖုန်းပြောနိုင်သော်လည်း ၁ ဒေါ်လာသည် အမေရိကန်နိုင်ငံတွင် မိနစ်များစွာ ပြောနိုင်မည် မဟုတ်ပေ။ ၎င်းကို ဆက်စပ်ဖော်ပြနိုင်သော စီးပွားရေးဝေါဟာရတစ်ခုမှာ ငွေကြေး၏ ဝယ်နိုင်စွမ်း (Purchasing Power Parity) ဖြစ်သည်။ ထို့ကြောင့် မြန်မာငွေ တန်ဖိုးကျဆင်းသည်ဟု ပြောရာတွင် ခွဲခြားရှုမြင်တတ်ရမည်ဖြစ်သည်။ ယခုပြောနေကြသော မြန်မာငွေတန်ဖိုး များစွာကျဆင်းခြင်းသည် နိုင်ငံခြားငွေလဲလှယ်ခြင်းနှင့် ပြည်ပကုန်သွယ်မှုတို့တွင် ကျဆင်းခြင်းဖြစ်ပြီး ပြည်တွင်းကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ဝယ်ယူစားသုံးနိုင်စွမ်းတွင် များစွာကျဆင်းသည်ဟု ဆိုရန်မသင့်သေးပေ။ Purchasing Power ကျဆင်းမှုသည် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်မှုနှင့် ဆက်စပ်၍ ဖြစ်ပေါ်တတ်ပေသည်။ ထို့ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်မှုကြောင့် ငွေတန်ဖိုးကျဆင်းခြင်းနှင့် Purchasing Power ကျဆင်းမှုကြောင့် ငွေတန်ဖိုးကျဆင်းခြင်းတို့ ထပ်တူညီမဖြစ်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ Purchasing Power ကျဆင်းမှုသည် ငွေဖောင်းပွမှု (Inflation) နှင့်လည်း တိုက်ရိုက်ဆက်စပ်မှု ရှိပါသည်။ ငွေဖောင်းပွမှုနှုန်းအရ ကျဆင်းရသော ဝယ်နိုင်စွမ်းသည် သာမန်ပြောင်းလဲတတ်သည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက် မှု၊ ဝယ်နိုင်စွမ်းကျ ဆင်းမှုတို့ကို ငွေဖောင်းပွမှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်မှသာ သာမန်ကျဆင်းခြင်းလား၊ သာမန်ထက်ပို၍ ကျဆင်းခြင်းလား သိနိုင်ပေမည်။

**ဈေးကစားမှုကြောင့် တက်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ဈေးကွက်၏ သဘောတရားကြောင့်မဟုတ်ဘဲ ဈေးကစားမှုကြောင့် တက်ခြင်း၊ ကျခြင်းလည်း ရှိတတ်လေသည်။ ဈေးကစားမှုသည် ပုံသေငွေလဲနှုန်း သတ်မှတ်ထားသည့် စနစ်တွင် ပို၍ဖြစ်တတ်သည်။ ပုံသေငွေလဲနှုန်းသည် နိမ့်နေသည်ဟု ယူဆပါက များများလိုက်ဝယ်၍ ဈေးကို ဆွဲတင်သွားနိုင်ပြီး မြင့်နေသည်ဟု ယူဆပါက များများရောင်းထုတ်၍ ဈေးကို ဆွဲချနိုင်သည်။ သို့သော် နှုန်းရှင်ငွေလဲနှုန်း စနစ်တွင်လည်း ဈေးကစားမှုရှိနိုင်သည်။ စီးပွားရေးအခြေခံများ အားနည်းခြင်း၊ စီးပွားရေး မညီမျှမှုများ ရှိခြင်းတို့သည် ဈေးကစားသူများအတွက် အခွင့်ကောင်းဖြစ်သည်။ ငွေလဲနှုန်း အတက်အကျ မတည်ငြိမ်မှုကို အခွင့်ကောင်းယူ၍ အမြတ်ရရှိရန်အလို့ငှာ ဝယ်ခြင်း၊ ရောင်းခြင်း၊ ကိုင်ထားခြင်းတို့ ပြုလုပ်ကြသည်။ ဈေးကွက်အတွင်း အမှန်လိုအပ်၍ ရောင်းသူ၊ ဝယ်သူထက် အမြတ်ရရှိရန်ရည်ရွယ်၍ ရောင်းသူ၊ ဝယ်သူက ပိုမိုများပြားလေ့ရှိသည်။ အရင်းအနှီးအင်အား ကြီးမားလေ ဈေးကွက်အပေါ် ကြီးစိုးနိုင်မှုရှိလေဖြစ်သည်။ အချိန်တိုအတွင်း အမြတ်အစွန်း ကြီးမားစွာ ရရှိရန် ဖန်တီးယူတတ်သည်။ ဈေးနှုန်းကိုလွတ်လပ်စွာ သတ်မှတ်ခွင့်ပြုထားသည်ကို ပိုမိုအခွင့်ကောင်းယူတတ်သည်။ သတိပြုရန်တစ်ခုမှာ ရောင်းဝယ်ခွင့်လိုင်စင်မရှိ သူက ဈေးကစားခြင်း ရှိသကဲ့သို့ လိုင်စင်ရှိသူကိုယ်တိုင်က မလိမ့်တပတ်နှင့် ဈေးကစားခြင်းလည်း ရှိနိုင်သည့်အချက်ဖြစ်သည်။ နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်မှုသည် တိုင်းပြည်၏ နိုင်ငံခြားငွေစီးဝင်မှု စီးထွက်မှု၊ ကုန်သွယ်မှုလိုငွေ၊ ငွေဖောင်းပွမှု စသည့် စီးပွားရေးအခြေခံများအပေါ်တွင် မူတည်၍ ဖြစ်ပေါ်လေ့ရှိသည့်အပြင် အခြားအကြောင်းအချက်များကြောင့်လည်း ဖြစ်ပေါ်ရသည်။ ၎င်းတို့မှာ ကုန်သွယ်ရေးမူဝါဒ၊ ပြည်ပမှ အကျိုးသက်ရောက်မှုများ၊ တိုင်းပြည်ကြွေးမြီ၊ လူနေမှုအဆင့် မြင့်မားမှု စသည်တို့မှစ၍ နိုင်ငံရေးအပြောင်းအလဲအထိ လွှမ်းခြုံပါဝင်လေသည်။

**နိဂုံး**

အချုပ်အားဖြင့် တင်ပြလိုသည်မှာ နိုင်ငံခြားငွေလဲနှုန်း မြင့်တက်လာမှုကြောင့် မြန်မာငွေတန်ဖိုး ကျဆင်းရမှုအတွက် ကုစားနိုင်ရန်နှင့် မြန်မာငွေတန်ဖိုးကို ရှိသင့်သည့်အတိုင်းအတာတွင် တည်ငြိမ်စွာရှိနေစေရန် အဖြေရှာ၍ ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံများ အနေအထားအရ ဈေးကွက်က ဆုံးဖြတ်သည့်အတိုင်း အပြည့်အဝလိုက်နာရန် မဖြစ်နိုင်သေးပေ။ Free Floating စနစ်ကျင့်သုံးနိုင်အောင် ဈေးကွက်အနေအထား အသင့်မဖြစ်သေးပေ။ Managed Floating အဆင့်နှင့်သာ တည်ငြိမ်မှုရသည်အထိ၊ ဈေးကွက်ပြည့်ဝလာသည်အထိ၊ စီးပွားရေးအခြေခံများ ခိုင်မာစွာ တိုးတက်လာသည်အထိ ကျင့်သုံးသင့်သည်ကို စဉ်းစားရပေမည်။ ထို့ကြောင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် မြန်မာကျပ်ငွေတန်ဖိုး လိုအပ်သည်ထက်ပိုမို၍ ကျဆင်းရမှုကို မြန်မာငွေ၏ ဝယ်နိုင်စွမ်း အခြေအနေမှန်နှင့် ချိန်ထိုး၍ အမြန်ဆုံးကုစားနိုင်မည့် နည်းလမ်းများကို ရှာကြံ၍ ဘက်ပေါင်းစုံမှ မြန်မြန်ထက်ထက် လုပ်ဆောင်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> **“၁၆၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံတွင် ရေသန့်ဘူး ငါးဘူးရနိုင်ပါသည်။ ၁ ဒေါ်လာဖြင့် အမေရိကန်တွင် ရေသန့်ဘူး ငါးဘူးရနိုင်ပါမည်လား၊ ၁၆၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံတွင် ဓာတ်ဆီ နှစ်လီတာခန့် ရနိုင်ပါသည်။ ၁ ဒေါ်လာဖြင့် အမေရိကန်တွင် ဓာတ်ဆီ ၁ ဒသမ ၂ လီတာသာ ရပါသည်။ ၁၆၀၀ ကျပ်သည် မြန်မာနိုင်ငံတွင် မိနစ်ပေါင်းများစွာ ဖုန်းပြောနိုင်သော်လည်း ၁ ဒေါ်လာသည် အမေရိကန်နိုင်ငံတွင် မိနစ်များစွာ ပြောနိုင်မည်မဟုတ်ပေ။ ၎င်းကို ဆက်စပ်ဖော်ပြနိုင်သော စီးပွားရေးဝေါဟာရတစ်ခုမှာ ငွေကြေး၏ ဝယ်နိုင်စွမ်း (Purchasing Power Parity) ဖြစ်သည်။ ထို့ကြောင့် မြန်မာငွေတန်ဖိုးကျဆင်းသည်ဟုပြောရာတွင် ခွဲခြားရှုမြင်တတ်ရမည်ဖြစ်သည်”**

# အနာဂတ်မျိုးဆက်သစ်များ ပျိုးထောင်နိုင်ရေး ဆရာ၏ အခန်းကဏ္ဍအခရာဖြစ် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၈ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

**ကမ္ဘာ့ဆရာများနေ့ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပ**

ပြည်ထောင်စုဝန်ကြီးက ဆရာများသည် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စိတ်နှလုံးပြည့်ဝစွာဖြင့် တပည့်များ၊ ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူများကိုသုတေသနပြု၊ သင်ကြားသင်ယူ လေ့ကျင့်ပေး၍ လူသားများ၏ ကောင်းကျိုး၊ ကမ္ဘာကြီး၏ ရေရှည်တည့်တံ့ ဖွံ့ဖြိုးတိုးတက်မှုများအတွက် စံနမူနာပြ အကောင်းဆုံးအလုပ်လုပ်ပြနိုင်ရန် ထာဝရသင်ယူနေသူများဖြစ်ပါကြောင်း၊ ၁၉၉၆ ခုနှစ်တွင် ILO နှင့် UNESCO တို့ ပူးပေါင်းပြီး ဆရာများ၏ အဆင့်အတန်းအတွက် အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ လေ့ကျင့်သင်တန်းပေးခြင်းနှင့် တစ်သက်တာသင်ယူခြင်း၊ စံသတ်မှတ်ချက်များ ဆရာသစ်များ ပြုစုပျိုးထောင်ခြင်း၊ ခန့်ထားခြင်း၊ သင်ကြားသင်ယူခြင်းတို့အတွက် ထောက်ခံအကြံပြုခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ ယခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်သည် "ပညာအခွင့်အလမ်းရရှိဖို့ အရည်အသွေးပြည့်ဆရာဖြည့်ဆည်းစို့" (The Right To Education Means The Right To A Qualified Teacher) ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အခါသည် နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ်အဖြစ် တည်ဆောက်နေသော အကူးအပြောင်းကာလဖြစ်သောကြောင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး လွန်စွာအရေးပါလျက်ရှိပါကြောင်း၊ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးမည့် အနာဂတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်နိုင်ရေးအတွက် အရည်အသွေးအာမခံမှုရှိသော ပညာရေးစနစ်ဖြင့် သုတေသနပြုသင်ကြားသင်ယူရေး၊ လေ့ကျင့်ရေးလုပ်ငန်းစဉ်ကြီးတွင် အရည်အချင်းပြည့်ဝသည့် ဆရာ၏ အခန်းကဏ္ဍသည် အခရာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို ကြည့်မည်ဆိုပါက နိုင်ငံတော် အစိုးရအနေဖြင့် ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အထိရောက်ဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်နှင့်အညီ ပညာရေး အသုံးစရိတ်များကိုလည်း တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

**အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိ**

ပညာရေးဘတ်ဂျက်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၁၇၂၆ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၁၇၅၆ ဘီလီယံ တိုးမြှင့်သုံးစွဲခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ယခင်နှစ်များထက် ပိုမိုတိုးမြှင့်၍ ကျပ် ၂၁၇၅ ဘီလီယံအထိ သုံးစွဲသွားရန် လျာထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ပညာရေး ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ခေတ်စနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတကာအဆင့်မီဖြစ်စေရေး၊ စာကြည့်တိုက်နှင့် သင်ထောက်ကူပစ္စည်းများ ပိုမိုဖြည့်ဆည်းရေးနှင့် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ စာသင်ကျောင်း၊ စာသင်ခန်းနှင့် ရုပ်ပတ်ဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဖြည့်ဆည်း ဆောင်ရွက်ရေးတို့ကို အလေးပေးဆောင်ရွက်နေသလို ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားတိုးတက်လာစေရေးအတွက် နှစ်နှစ်သင် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်ရန် ကြိုးပမ်းစီစဉ် ဆောင်ရွက်ရေး စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အဆင့်မြင့်ပညာသင်ယူနိုင်ရေးဆောင်ရွက်**

ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကျောင်းနေနှုန်း မြင့်မားရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေး၊ ကျောင်းနေမြဲနှုန်းမြင့်မားရေးနှင့် မူလတန်းကျောင်းသားအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်း၊ အထက်တန်းပညာရေးပြီးမြောက်အောင် ပညာသင်ယူတတ်မြောက်ရေးနှင့် သက်မွေးပညာသင်တန်းကျောင်း၊ အဆင့်မြင့်ပညာကို ဆက်လက်သင်ယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ၂၀၁၇ ခုနှစ် နေထိုင်မှုအခြေအနေစစ်တမ်း အစီရင်ခံစာအရ မူလတန်းကျောင်းနေနှုန်း ၉၄ ရာခိုင်နှုန်း (ကျောင်းနေနှုန်းကြမ်း- ၁၁၅ ရာခိုင်နှုန်း)၊ အလယ်တန်းကျောင်းနေနှုန်း ၇၁ ရာခိုင်နှုန်း ( ကျောင်းနေနှုန်းကြမ်း- ၈၀ ရာခိုင်နှုန်း)၊ အထက်တန်းကျောင်းနေနှုန်း ၄၄ ရာခိုင်နှုန်း (ကျောင်းနေနှုန်းကြမ်း- ၆၅ ရာခိုင်နှုန်း) အထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မတိုင်မီကာလတွင် မူလတန်းပြဆရာ ၅၀၈၂၀၊ အလယ်တန်းပြဆရာ ၂၂၃၃၁ ဦး၊ အထက်တန်းပြဆရာ ၁၁၃၅၀ ဖြည့်ဆည်းခန့်ထားရန် လိုအပ်နေပြီး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင်လည်း ကျောင်းအဆောက်အအုံ စုစုပေါင်း ၄၄၁၂၉ ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိနေပါကြောင်း။

**စံနမူနာပြုထိုက်သောမြတ်ဆရာ**

ဖြည့်ဆည်းပေးရာတွင် အရည်အသွေးပြည့်ဝသော ဆရာများ ပြုစုပျိုးထောင်သင်ကြားသင်ယူ လေ့ကျင့်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ အရည်အသွေးပြည့်ဝသော ဆရာများကသာ လူတိုင်းအကျုံးဝင်၍ တန်းတူမျှတပြီး အရည်အသွေးအာမခံမှုရှိသော ပညာရေးအခွင့်အရေးကို အားသွန်ခွန်စိုက် ကြိုးပမ်း၍ ဆန်းသစ်တီထွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ လိုအပ်ချက်ဖြစ်သော အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရန်အတွက် မည်သည့်ခွဲခြားမှုမျှမရှိဘဲ၊ တစ်ဦးတစ်ယောက်မျှ ချန်မထားဘဲ ပညာအခွင့်အလမ်းဖန်တီးပေးနိုင်သူများသည် အရည်အချင်းပြည့်ဝ ဆရာ ဆရာမများပင်ဖြစ်ပါကြောင်း၊ ဆရာဆိုရာတွင် အခြေခံပညာသင်ပေးသည့် ဆရာများ၊ အဆင့်မြင့်ပညာသင်ပေးသည့် ဆရာများ၊ အသက်မွေးဝမ်းကျောင်းသင်ပေးသည့် ဆရာများအားလုံး အကျုံးဝင်ပါကြောင်း၊ အရည်အချင်းပြည့်ဝသော မြတ်ဆရာများကသာ စိတ်ဓာတ်၊ စည်းကမ်းကောင်းသော လူသားကောင်းများ ဖြစ်လာစေရန်၊ အများနှင့် ပူးပေါင်းအလုပ်လုပ်တတ်သူများ ဖြစ်လာစေရန် တာဝန်ယူ၊ တာဝန်ခံ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများ ဖြစ်လာကြစေရန်၊ လူအများ၏ ကောင်းကျိုး၊ ကမ္ဘာကြီး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ဆန်းသစ်နိုင်စွမ်းရှိသော တစ်သက်တာ သင်ယူသူများဖြစ်လာစေရန်နှင့် သုတေသနပြုသင်ကြား သင်ယူလေ့ကျင့် ပြုစုပျိုးထောင်နိုင်စွမ်းရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စံနမူနာပြုထိုက်သော မြတ်ဆရာများကိုလည်း ယခုကဲ့သို့ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားတွင် ၃၂ နှစ်နှင့်အထက် ခွင့်ရက်မယူသော ဆရာ ဆရာမများ၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရှင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းခိုင်မျိုးထွန်းက မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက်မှုနှင့် ခွင့်ရက်မပျက်သော ဆရာ ဆရာမများ၏ မှတ်တမ်းအကျဉ်းချုပ်တို့ကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများအား လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ခွင့်ရက်မပျက်သော ဆရာမများအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဝင် ဒေါက်တာမောင်သင်းနှင့် ဦးစောကျော်ဝင်းမောင်တို့က တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင် ဦးသန်းအောင်နှင့် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင် ဦးကျော်တုတ်တို့က တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဝင် ဒေါ်သန်းသန်းအေးက တက္ကသိုလ်ကောလိပ်အဆင့် ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၅**

၂၀၁၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဓမ္မဇေယျခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို မြတ်ဆရာသီချင်းဖြင့် အခြေခံပညာ ဆရာ ဆရာမများက ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက Life Long Learning ဆိုသည့် တစ်သက်တာ ပညာရေး၌ ဆရာသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ မိမိတို့ မွေးဖွားသည်မှ ဘဝနောက်ဆုံးအချိန်အထိ ဆရာများနှင့် ကင်းကွာ၍ မရပါကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ မူလအစကပင် ဆရာဂုဏ်၊ ဆရာကျင့်ဝတ်နှင့် ဆရာစိတ်ဓာတ် စသည့်အရည်အသွေးကောင်းများနှင့် ပြည့်စုံသည့် ဆရာ ဆရာမများကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် ကြည်ညိုလေးစား တန်ဖိုးထားခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း ဆရာ ဆရာမများအား အနန္တဂိုဏ်းဝင် စံနမူနာပြုထိုက်သူများအဖြစ် ဂုဏ်ပြုသည့် အစဉ်အလာများ ရှိပါကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်နယ်ပညာရေးမှူးရုံးမှ အငြိမ်းစားယူခဲ့ကြသည့် အသက် ၆၀ နှစ်နှင့်အထက် ပြည်နယ်ပညာရေးမှူးများ၊ အသက် ၆၅ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ စုစုပေါင်း ၂၉ ဦးကို ဆရာများ၏ ဂုဏ်ကျေးဇူးကို ရည်မှတ်ပြီး ပူဇော်ကန်တော့သွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များဖြင့် ပူဇော်ကန်တော့ကြပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကန်တော့ခံဆရာကြီးတစ်ဦးက ဆုတောင်းစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တင်ထွန်း(ပြန်/ဆက်)**

❖ *ကျော့ဖုံးမှ*

သူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီများနှင့် မန္တလေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ တို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြများ၊ မန္တလေးမြို့နှင့် အိမ်နီးချင်းမြို့များမှ ကြက်တောင်အားကစားသမား ဝါသနာရှင်များ၊ အား/ကာသိပ္ပံနှင့် မြို့ပေါ်မှ ကြက်တောင်အားကစားဝါသနာရှင်များ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ဥပဒေတစ်ခုပြုတယ်ဆိုတာ အဓိကအားဖြင့်တော့ ခေတ်ကာလနဲ့လျော်ညီဖို့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ဖြစ်ပါတယ်

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်

## ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်း ကျင်းပ

**ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်း ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နိုင်ငံတကာလစ်နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆွေးနွေးခဲ့ကြသည်။**

**အစီအစဉ်မှူး။ ။ ပထမဦးစွာ အများပြည်သူရဲ့ နစ်နာမှုတွေအပေါ် တရားမျှတမှု ရရှိရေးအတွက် တရားလို၊ တရားခံများရဲ့ ဥပဒေဆိုင်ရာ အခွင့်အရေးများကို ရှင်းပြပေးစေလိုပါတယ်ဆရာ။**

**ဦးမျိုးတင့်။** ။ ကျွန်တော်တို့ တရားစီရင်ရေးဆိုတာ လူ့ဘောင်လောကထဲမှာ လူအချင်းချင်း ဖြစ်ပွားတဲ့ မှုခင်းတွေကို အမှန်တရားပေါ်ပေါက်အောင် စစ်ဆေးစီရင်ဆုံးဖြတ်ပေးရတဲ့ လုပ်ငန်းဖြစ်လို့ တရားရုံးအသီးသီးဟာ ဘက်လိုက်မှုကင်းခြင်း၊ ညီမျှခြင်း၊ ဥပဒေနဲ့ညီညွတ်ခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းနဲ့ ပွင့်လင်းမြင်သာမှုရှိဖို့ လိုမှာဖြစ်ပါတယ်။

### ကျင့်ထုံးဥပဒေနဲ့ ရုံးလက်စွဲများ

အမှုအခင်းတွေကို ရင်ဆိုင်ကြတဲ့အခါမှာ စွပ်စွဲသူတရားလိုရဲ့ အခွင့်အရေး၊ စွပ်စွဲခံရသူရဲ့ အခွင့်အရေးဆိုတာတွေကို ကျွန်တော်တို့ ဥပဒေပြုအဖွဲ့က ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေနဲ့ ရုံးလက်စွဲများ ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ သာမန်အားဖြင့်ပြောရရင် ကျွန်တော်တို့ အမှုတစ်ခု



**"အမှုတစ်ခုဖြစ်လာပြီဆိုရင် ရှေ့နေငှားရမ်းခွင့်၊ သေဒဏ်ထိုက်တဲ့အမှုတွေမှာ အစိုးရစရိတ်နဲ့ ငှားရမ်းထုချေခွင့်၊ အာမခံလျှောက်ထားခွင့်၊ အချို့အမှုတွေမှာ တရားရုံးရှေ့ကို လာရောက်ခြင်းကို ကင်းလွတ်ခွင့် လျှောက်ထားနိုင်ခွင့်၊ နောက်တိုးသက်သေလျှောက်ထားခွင့် အစရှိတဲ့အခွင့်အရေးတွေကို ကျင့်ထုံးဥပဒေတွေနဲ့ တရားရုံးလက်စွဲတွေမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်"**

ဖြစ်လာပြီဆိုရင် ရှေ့နေငှားရမ်းခွင့်၊ သေဒဏ်ထိုက်တဲ့အမှုတွေမှာ အစိုးရစရိတ်နဲ့ ငှားရမ်းထုချေခွင့်၊ အာမခံ လျှောက်ထားခွင့်၊ အချို့အမှုတွေမှာ တရားရုံးရှေ့ကို လာရောက်ခြင်းကို ကင်းလွတ်ခွင့် လျှောက်ထားနိုင်ခွင့်၊ နောက်တိုးသက်သေလျှောက်ထားခွင့် အစရှိတဲ့အခွင့်အရေးတွေကို ကျင့်ထုံးဥပဒေတွေနဲ့ တရားရုံးလက်စွဲတွေမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးမူများမှာပါတဲ့ ဥပဒေနဲ့အညီ လွတ်လပ်စွာတရားစီရင်ခြင်း၊ ဥပဒေအရ ကန့်သတ်ချက်မှအပ အများပြည်သူရှေ့မှောက်မှာ တရားစီရင်ခြင်းနဲ့ အမှုများတွင် ခုခံချေပခွင့်နဲ့ အယူခံပိုင်ခွင့်ပေးခြင်းဆိုတဲ့ အခြေခံမူတွေနဲ့ စာချွန်တော် လျှောက်ထားခွင့်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေဟာ အမှုတစ်ခုမှာ တရားလို၊ တရားခံများကိုပေးတဲ့ အခွင့်အရေးတွေဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဆွေးနွေးဖြေကြားလိုပါတယ်။

**အစီအစဉ်မှူး။ ။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေနဲ့ ဝန်ကြီးဌာနတွေကကနဦးရေးဆွဲထားတဲ့ ဥပဒေမူကြမ်းတွေကို စိစစ်အကြံပြုရတဲ့အပြင် ပြစ်မှုဆိုင်ရာ၊ မှုခင်းတွေမှာလည်း တရားလိုအကျိုးဆောင်အဖြစ် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ရတဲ့ တာဝန်တွေထမ်းဆောင်နေတာကို တွေ့ရပါတယ်။ လက်ရှိမှာ တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း သိပါရစေ။**

**ဦးဝင်းမြင့်။** ။ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ အခုမေးတဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် ဥပဒေတစ်ခုပြုတယ်ဆိုတာ အဓိကအားဖြင့်တော့ ခေတ်ကာလနဲ့ လျော်ညီဖို့၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်တာကြောင့် ဥပဒေတွေဟာ ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီတည်ဆဲဥပဒေတွေထဲမှာ ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီဖို့အတွက် အသစ်ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းဖို့၊ ပြင်သင့်တဲ့ဥပဒေကို ပြင်ဖို့၊ ရုပ်သိမ်းသင့်တဲ့ဥပဒေကို ရုပ်သိမ်းဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ သာဓကအနေနဲ့ တင်ပြရရင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေများပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေတစ်ရပ်က ပြောင်းလဲနေတဲ့ စနစ်နဲ့ ပြောင်းလဲနေတဲ့ လူမှုပတ်ဝန်းကျင်နဲ့ ကိုက်ညီဖို့ လိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြောပြချင်တာက တချို့ကိစ္စရပ်တွေက နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူပါဘူး။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင် ဆေးခြောက်ကို အချို့နိုင်ငံများက တားမြစ်ပေမယ့် အချို့နိုင်ငံက မတားမြစ်ပါဘူး။ ထိုနည်းတူစွာပဲ သန္ဓေသားဖျက်ချခွင့်မှာလည်း တချို့နိုင်ငံတွေက ခွင့်ပြုပါတယ်။ တချို့နိုင်ငံတွေက ခွင့်မပြုပါဘူး။ ထို့အတူပဲ သေဒဏ်နဲ့ပတ်သက်လို့လည်း တချို့နိုင်ငံတွေက ခွင့်ပြုပါတယ်။ တချို့နိုင်ငံတွေက ခွင့်မပြုပါဘူး စသည်ဖြင့် မတူတဲ့ အခြေအနေတွေ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံမှာ လက်ခံကျင့်သုံးမှုဟာ အခြားနိုင်ငံတွေအတွက် လက်ခံကျင့်သုံးနိုင်တဲ့ အခြေအနေနဲ့ ကိုက်ညီချင်မှကိုက်ညီမှာ ဖြစ်ပါတယ်။ ဒီတော့ နိုင်ငံတစ်ခုမှာ ပြဋ္ဌာန်းတဲ့ဥပဒေဟာ အခြားနိုင်ငံမှာ မိမိအခြေအနေနဲ့ ကိုက်ညီလျော်ညီမှသာ ကျင့်သုံးပြဋ္ဌာန်းလေ့ရှိပါတယ်။ ဒါက ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းတဲ့ အပိုင်းပါ။

### ဥပဒေအရ အခွင့်အရေးတွေရှိ

ဒုတိယပိုင်းအနေနဲ့ကတော့ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာတွေမှာ ဥပဒေအရာရှိများက တရားလိုဘက်က၊ နိုင်ငံတော်ဘက်က လိုက်ပါဆောင်ရွက်ရင်းနဲ့ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ ဥပဒေအရာရှိများဟာ နစ်နာသူဘက်၊ နိုင်ငံတော်ဘက်က ဆောင်ရွက်တာဖြစ်တာကြောင့် နစ်နာသူအနေနဲ့ ပြင်ပရှေ့နေ ထပ်ပြီးတော့ ငှားစရာမလိုပါဘူး။ အကယ်၍ ငှားမယ်ဆိုရင်လည်း သက်ဆိုင်ရာ ဥပဒေအရာရှိရဲ့ ကြီးကြပ်မှုအောက်မှာ လိုက်ပါဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အမှုလိုက်ပါ ဆောင်ရွက်တဲ့နေရာမှာ နစ်နာသူ၊ စွပ်စွဲခံရသူက ဥပဒေအရ အခွင့်အရေးတွေ ရှိပါတယ်။ ပြစ်မှုနဲ့ ပြစ်ဒဏ်မျှတဖို့လည်း ဆောင်ရွက်ရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့ နိုင်ငံရဲ့ တရားစီရင်ရေးစနစ်နဲ့ ဆောင်ရွက်မှုကို တင်ပြရရင် နစ်နာသူတွေက ပြစ်မှုတစ်ခုနဲ့ ပတ်သက်လို့ ရဲစခန်းကို တိုင်တယ်။ ရဲစခန်းက အဲဒီအမှုနဲ့ပတ်သက်လို့ စုံစမ်းစစ်ဆေးတယ်၊ စစ်ဆေးချက်တွေကို သက်ဆိုင်တဲ့ ဥပဒေရုံးကို တင်ပြပြီးတော့ အကြံဉာဏ်တောင်းပါတယ်။ အကြံဉာဏ်ပေးပြီးတဲ့အခါမှာ သက်ဆိုင်ရာ ရဲစခန်းကနေ တရားစွဲတဲ့အခါမှာ တရားသူကြီးက ရုံးမှာစစ်ဆေးပေါ်ပေါက်တဲ့ သက်သေထွက်ဆိုချက်တွေ၊ အထောက်အထားအပေါ် မူတည်ပြီးတော့ အမိန့်ချမှတ်ပါတယ်။

### မကျေနပ်ရင် အယူခံတက်နိုင်

အဲဒီအမိန့်ချမှတ်တဲ့အပေါ်မှာ မကျေနပ်ရင် တရားလိုဘက်ကလည်း အယူခံ ပြင်ဆင်တက်နိုင်ပါတယ်။ တရားခံကလည်း သူ့ကို ချမှတ်တဲ့အမိန့်ကို မကျေနပ်ရင် အယူခံ တက်နိုင်ပါတယ်။ ဆိုလိုတာကတော့ နှစ်ဖက်တရားလိုဘက်မှာရော၊ တရားခံဘက်မှာရော ဥပဒေအရပေးထားတဲ့ အခွင့်အရေးများရှိပါတယ်။ အဲဒီတော့ အကယ်၍ တရားသေလွှတ်တဲ့အမိန့်ကို မကျေနပ်ဘူးဆိုရင်လည်း အယူခံတက်ပေးပါလို့ သက်ဆိုင်ရာ ဥပဒေရုံးကို တင်ပြရင် ဥပဒေရုံးက တက်သင့်၊ မတက်သင့် စိစစ်ပြီးတော့ ဆောင်ရွက်ရပါတယ်။

အဲဒီတော့ အမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြောချင်တာကတော့ နစ်နာသူအတွက် ကုစားဖို့၊ အကာအကွယ်ပေးဖို့ဖြစ်သလို၊ စွပ်စွဲခံရသူအဖို့မှာလည်း သူ့ကို ဥပဒေနဲ့အညီ ခုခံခွင့်၊ ရှေ့နေရှေ့ရပ်နဲ့ တိုင်ပင်ခွင့်၊ သံသယအကျိုးခံစားခွင့်ဆိုတဲ့ အခွင့်အရေးများရှိပါတယ်။ ဒါက ကျွန်တော်တို့ ဥပဒေတစ်ရပ်ကို ဥပဒေအရ ဆောင်ရွက်တဲ့နေရာမှာ ဥပဒေအရာရှိအနေနဲ့ ဒီနေရာမှာ တင်ပြချင်တာက အမှုလိုက်တဲ့နေရာမှာ တရားခံအပြစ်ကျကို ကျရမယ်ဆိုတဲ့ပုံစံမဟုတ်ဘဲ သက်သေအထောက်အထားများအရ အပြစ်ရှိသူကို အပြစ်ပေးဖို့၊ အပြစ်မရှိသူကို အပြစ်မပေးနိုင်ဖို့ လိုပါတယ်။ ဒါမှလည်း အများပြည်သူက တရားစီရင်ရေးကို၊ ဥပဒေစနစ်ကို ယုံကြည်ကိုးစားပြီးတော့ တရားဥပဒေ စိုးမိုးမှုဖြစ်ထွန်းမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ တရားဥပဒေစိုးမိုးရေးမှာ အဂတိလိုက်စားမှု ကင်းရှင်းရေးဟာ အရေးကြီးတယ်လို့ သိရှိရပါတယ်။ အဂတိလိုက်စားမှု ကင်းရှင်းဖို့အတွက် ဥပဒေဆိုင်ရာအမြင်ကိုလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ဆက်လက်ပြီးတော့ ဆွေးနွေးပေးပါဦး။**

**ဦးဟန်ညွန့်။** ။ ဟုတ်ကဲ့ပါ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရဲ့ ကိုယ်စား ပထမဦးဆုံး ကျွန်တော် တင်ပြချင်တာကတော့ တရားဥပဒေစိုးမိုးရေးနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဘယ်လိုဆက်နွှယ်ပတ်သက်နေသလဲဆိုတဲ့ အဓိကအခြေခံအကြောင်းအချက်ပဲ ဖြစ်ပါတယ်။

### တရားဥပဒေစိုးမိုးရေး အဓိကကျ

တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံအတွက် အဓိကကျပါတယ်။ ပြည်သူတွေအတွက် ပဓာနကျပါတယ်။ တရားမျှတမှု၊ အေးချမ်းမှု၊ ညီညွတ်မှုတွေပြည့်စုံဖို့ အဂတိလိုက်စားမှု ကင်းရှင်းရမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု မကင်းရှင်းသမျှ တရားဥပဒေစိုးမိုးရေး မပြည့်ဝနိုင်ပါဘူး။ ဒီအချက်ကို တရားဥပဒေစိုးမိုးရေး တာဝန်ယူတဲ့လူတွေအားလုံး တိတိကျကျ၊ ရှင်းရှင်းလင်းလင်း လက်ခံလိုက်နာကျင့်ကြံမှသာ အောင်မြင်နိုင်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ အဓိကတင်ပြချင်ပါတယ်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ဒါ့အပြင် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာ ရပ်တည်နိုင်မှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အများပြည်သူ အားလုံး ပါဝင်နိုင်မှုဆိုတဲ့ အခြေခံမူတွေဟာလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးရဲ့ အဓိကအခြေခံ အင်အားတွေပဲ ဖြစ်ပါတယ်။ ဒီအင်အားတွေကို တရားဥပဒေစိုးမိုးရေးမှာ လိုအပ်သလိုကျင့်သုံးဖို့ လိုအပ်ပါမယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရခဲ့ပါတယ်။ လွတ်လပ်ရေးရတဲ့နှစ် ၁၉၄၈ ခုနှစ်မှာပဲ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ (၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၆၇ )ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ရာဇသတ်ကြီးဥပဒေမှာလည်း ပုဒ်မ ၁၆၁ ကနေပြီးတော့ ၁၆၅ အထိ ပြည်သူ့ဝန်ထမ်းတို့က အဂတိလိုက်စားမှု၊ တံစိုးလက်ဆောင်ယူမှုတွေနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်ကြောင်း ရာဇသတ်ကြီးမှာ ဖော်ပြထားပါတယ်။ သို့သော်လည်း ထိရောက်မှုအားနည်းတဲ့အတွက် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ အထူးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီဥပဒေအရ ပြစ်ဒဏ်ကို ထောင်ဒဏ် ခုနစ်နှစ်နဲ့ အကျိုးအမြတ်ကို အစိုးရဘဏ္ဍာအဖြစ် သိမ်းစေခဲ့ပါတယ်။

### ပြောင်းလဲပြဋ္ဌာန်း

ပြီးတော့ လိုအပ်ချက်များအရ ၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြောင်းလဲပြဋ္ဌာန်းခဲ့ပါတယ်။ အဂတိလိုက်စားမှုနဲ့ စပ်လျဉ်းလို့ပဲဖြစ်ဖြစ်၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာတာနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ငွေကြေးနဲ့ပစ္စည်းတွေကို စုံစမ်းစစ်ဆေးအရေးယူခြင်းနဲ့ စပ်လျဉ်းလို့ပဲဖြစ်ဖြစ် အခြားသောဥပဒေတွေက မည်သို့ပင်ပါရှိစေကာမူ အဂတိဥပဒေ ပုဒ်မ ၆၀ ပြဋ္ဌာန်းချက်နဲ့အညီ ဤဥပဒေအရသာ အရေးယူဆောင်ရွက် အထူးဖော်ပြ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါကြောင့် အားလုံးသိရှိပြီးဖြစ်ကြတဲ့အတိုင်းပဲ အဂတိလိုက်စားမှုရဲ့ အဓိပ္ပာယ်ကို ပိုမိုပြည့်စုံတိကျဖို့ စတုတ္ထအကြိမ်ပြင်ဆင်ချက်အရ ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ ဖွင့်ဆိုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေးမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ အဓိကကျတယ်လို့ ကနဦးအနေနဲ့ တင်ပြဆွေးနွေးပါရစေ။

*စာမျက်နှာ ၁၁ သို့*

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ် မေလမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

***ယမန်နေ့မှအဆက်***

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို (၁၇-၅-၂၀၁၈) ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် လည်းကောင်း၊ (၂၉-၆-၂၀၁၈)ရက်နေ့တွင် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ မြန်မာ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများအကြား အလွတ်သဘော ဆွေးနွေးညှိနှိုင်းမှုကို လည်းကောင်း ပြုလုပ်ခဲ့ပါသည်။ (၁၀-၈-၂၀၁၈)ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့၏ ဝန်ကြီးအဆင့်အစည်းအဝေးကို နေပြည်တော်၌ကျင်းပခဲ့ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် အချက်(၈)ချက်ကို သဘောတူညီခဲ့ကြပါသည်။




ပြန်လည်လက်ခံရေးအစီအစဉ်နှင့်စပ်လျဉ်း၍ UNDP၊ UNHCR တို့နှင့် နားလည်မှုစာချွန်လွှာကို (၆-၆-၂၀၁၈)ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး MoU အကောင်အထည်ဖော်ရေးအတွက် အသေးစိတ်အစီအစဉ်များကို ဆွေးနွေးရန် Technical Working Group (TWG) ဖွဲ့စည်းကာ အစည်းအဝေး(၄)ကြိမ် ကျင်းပခဲ့ပါသည်။ pilot project များ ဖော်ဆောင်ရေးအတွက် (၂၁-၇-၂၀၁၈) ရက်နေ့မှ (၂၃-၇-၂၀၁၈)ရက်နေ့အထိ TWG အဖွဲ့ဝင်များ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းသွားရောက်ခဲ့ကြပါသည်။ UNDP၊ UNHCR တို့အနေဖြင့် စက်တင်ဘာလ ၁၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပထမအဆင့် ကွင်းဆင်းဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်အထိ မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့် တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ (၄)ကြိမ်နှင့် ကွပ်ကဲရေးမှူးအဆင့် တွေ့ဆုံဆွေးနွေးမှုတစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ ပဉ္စမအကြိမ် ဗဟိုအဆင့်အစည်းအဝေးသို့ ရဲဦးစီးအရာရှိချုပ်နှင့်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှု အခြေအနေမှာ စစ်တွေကုန်သွယ်ရေးစခန်းတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေမှာ စစ်တွေကုန်သွယ်ရေးစခန်းတွင် (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) အထိ အမှန်တင်ပို့/တင်သွင်းနိုင်သော ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈၄၃ သန်း ဆောင်ရွက်နိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၄၂ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မောင်တောကုန်သွယ်ရေးစခန်းတွင် (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) အထိ အမှန် တင်ပို့/တင်သွင်းနိုင်သော ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၅၁ သန်း ဆောင်ရွက်နိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၄ သန်း လျော့နည်းခဲ့ပါသည်။

**ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား (၁၆-၇-၂၀၁၈) ရက်နေ့၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအား (၁၃-၇-၂၀၁၈) ရက်နေ့နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Taro Kono အား (၆-၈-၂၀၁၈) ရက်နေ့များတွင် လည်းကောင်း၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ (၁၉-၈-၂၀၁၈) ရက်နေ့မှ (၂၁-၈-၂၀၁၈) ရက်နေ့အထိ စင်ကာပူနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံသမ္မတ မစ္စစ်ဟာလီ မာရာကော့ဗ်နှင့် ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးအား သီးခြားစီတွေ့ဆုံရာတွင် လည်းကောင်း၊ The 43rd Singapore Lecture အဖြစ် Democratic Transition in Myanmar: Challenges and Way Forward ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချရာတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ အစိုးရ၏ ဆောင်ရွက်နေမှုများ၊ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ပါသည်။






(၁-၆-၂၀၁၈) ရက်နေ့မှ (၃-၆-၂၀၁၈) ရက်နေ့အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့် The IISS Shangri-La Dialogue တို့တွင် "မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာ" ခေါင်းစဉ်ဖြင့် ကျင်းပသော ဆွေးနွေးပွဲတွင်လည်းကောင်း၊ (၃၀-၇-၂၀၁၈) ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ သံရုံးများမှ သံရုံးအကြီးအကဲများအား ရန်ကုန်မြို့၌ လည်းကောင်း၊ (၁-၈-၂၀၁၈) ရက်နေ့မှ (၃-၈-၂၀၁၈) ရက်နေ့အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော (၅၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် လည်းကောင်း၊ (၄-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပခဲ့သော (၁၉) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၈)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၂၅)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်တွင် လည်းကောင်း၊ ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ပုဂ္ဂိုလ်များအား (၃-၈-၂၀၁၈) ရက်နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်)၌ လည်းကောင်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက တွေ့ဆုံ၍ ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ နေရပ်စွန့်ခွာသူများ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သိမြင်နိုင်ရေးအတွက် သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ ဂျပန်၊ နေ်ပေါ၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံများမှ ဘာသာပေါင်းစုံကိုယ်စားလှယ်အဖွဲ့တို့သည် (၂၆-၅-၂၀၁၈) ရက်နေ့မှ (၂၈-၅-၂၀၁၈) ရက်နေ့အထိ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပါသည်။

ထို့အပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener သည် ဇွန်လနှင့် ဇူလိုင်လများတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမှုတွင် ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ပြီး ရခိုင်ပြည်နယ်သို့လည်း သွားရောက်ခဲ့ပါသည်။

**ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့များတွင် မြန်မာနိုင်ငံသို့လာရောက်ကာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



Dr.Surakiart ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးအဖွဲ့သည် (၁၆-၈-၂၀၁၈) ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လာရောက်ဂါရဝပြုတွေ့ဆုံပြီး အပြီးသတ် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းနောက် အဆိုပါ အစီရင်ခံစာနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ကြိုးပမ်းအားထုတ်မှုအပေါ် စိတ်ကျေနပ်မှုရှိကြောင်း၊ အပြုသဘောဆောင်သော တိုးတက်ဖြစ်ထွန်းမှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အပြီးသတ်အစီရင်ခံစာတွင် စံပြမြို့နယ်တစ်ခု တည်ဆောက်ရေး ရွှေ့ပြောင်းစီမံကိန်းကို ဆက်လက်လုပ်ဆောင်ရေး အပါအဝင် အကြံပြုချက်အချို့ကို ဖော်ပြထားပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ပြည်သူသို့ ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဇွန်လတွင် နိုင်ငံပိုင်သတင်းစာများ၌ဖော်ပြ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြည်သူ့ထံသို့ အစီရင်ခံတင်ပြနိုင်ခဲ့ပါသည်။

# လစ်လပ်မဲဆန္ဒနယ် (၁၃) နေရာအတွက် ယှဉ်ပြိုင်အရွေးခံမယ့် ပါတီပေါင်း (၂၄) ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း (၆၂) ဦးရှိပါတယ်။ တစ်သီးပုဂ္ဂလက (၇) ဦး အားလုံးစုစုပေါင်း (၆၉) ဦး ဝင်ရောက်ယှဉ်ပြိုင်မှာပါ

ဦးမြင့်နိုင်

## နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအကြောင်း သိကောင်းစရာ စကားဝိုင်းကျင်းပ

**နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်မြတ်ဆန်းထွန်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာမျိုးနှင့် ဒေါ်ဝင်းသော်သော်လှိုင်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတွေရဲ့အခန်းကဏ္ဍဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာကို မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ သိသင့်ပါတယ်။ ဒါကြောင့်မို့ ဒီနေ့မှာ နိုင်ငံရေးပါတီများနဲ့ ရွေးကောက်ပွဲအကြောင်းသိကောင်းစရာ ခေါင်းစဉ်ကို ဆွေးနွေးသွားချင်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ အခု ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲက နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပမယ်။ လစ်လပ်တဲ့ မဲဆန္ဒနယ်တွေကတော့ ပြည်သူ့လွှတ်တော် (၄) နေရာ၊ အမျိုးသားလွှတ်တော် (၁) နေရာ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (၈) နေရာ အားလုံးလစ်လပ်တဲ့ မဲဆန္ဒနယ် (၁၃) နေရာအတွက် ကျင်းပမှာဖြစ်တယ်။ လစ်လပ်မဲဆန္ဒနယ် (၁၃) နေရာအတွက်ကို ယှဉ်ပြိုင်အရွေးခံမယ့် ပါတီပေါင်း (၂၄) ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း (၆၂) ဦးရှိပါတယ်။ တစ်သီးပုဂ္ဂလက (၇) ဦး အားလုံးစုစုပေါင်း (၆၉) ဦး ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ (၆၉) ဦးက အမည်စာရင်း တင်ထားတာကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက ဥပဒေ၊ နည်းဥပဒေနဲ့အညီ စိစစ်ပြီး ပုံစံ (၁၀) နဲ့ ထုတ်ပြန်ကြေညာပြီးဖြစ်တယ်။

ဒီတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးမှု ပြုရတော့မယ်။ မဲဆွယ်စည်းရုံးဖို့ကလည်း ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတုန်းက ရက်ပေါင်း (၆၀) ပေးတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီကနေစပြီးတော့ နိုဝင်ဘာ ၁ ရက် ည ၁၂ နာရီအထိ လွှတ်တော်ကိုယ်စားလှယ်တွေ မဲဆွယ်စည်းရုံးရေး လုပ်ကြပြီ။

နိုင်ငံရေးပါတီတွေကျတော့လည်း မဲဆွယ်စည်းရုံးတဲ့အခါမှာ ဘယ်လိုအခန်းကဏ္ဍကပါသလဲ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးတဲ့ ကာလကနေစပြီး နိုင်ငံရေးပါတီတွေကလည်း မဲဆွယ်စည်းရုံးတော့မယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းက သူအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးတာ၊ နိုင်ငံရေးပါတီတွေကျတော့ ကိုယ့်ပါတီအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးတာ၊ ဒါလေး ခြားနားတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေ မဲဆွယ်စည်းရုံးတယ်။ သူအရွေးခံရရေးအတွက် သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ရပါမယ်။ အဲဒီလိုပဲ နိုင်ငံရေးပါတီတွေကလည်း သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ သူ့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးတော့မယ်။ ဒါကြောင့် ဒီလိုစည်းရုံးတဲ့အခါမှာ နိုင်ငံရေးပါတီတွေက ဘယ်အခန်းကဏ္ဍက ပါဝင်တယ်ဆိုတာ ဒီနေ့ ဆွေးနွေးကြမယ်။ ဦးခွန်မြတ်ဆန်းထွန်းက နိုင်ငံရေးပါတီဆိုတာက ဘာကိုဆိုလိုတာလဲဆိုတာ အရင်ဆုံး ဆွေးနွေးပေးပါ။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ နိုင်ငံရေးပါတီ ဆိုတာကတော့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံပြီးတော့ နိုင်ငံရေးဝါဒ သဘောတစ်ရပ်အပေါ်မှာ အခြေခံတဲ့ လုပ်ငန်းစဉ်တွေ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ထောင်ခွင့်ပြုတဲ့ အဖွဲ့အစည်းကို ဆိုလိုပါတယ်။



**ဦးမြင့်နိုင်** ။ ။ တစ်ဆက်တည်း ရွေးကောက်ပွဲဆိုတာကရော ဘာကိုဆိုလိုတာလဲဆိုတာ ဆွေးနွေးပေးပါဦး။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ ရွေးကောက်ပွဲ ဆိုတာကတော့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲတို့ကို ဆိုလိုပါတယ်။ ရွေးကောက်ပွဲမှာ အထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ်ရွေးကောက်ပွဲဆိုပြီး နှစ်မျိုးရှိပါတယ်။ အထွေထွေရွေးကောက်ပွဲကတော့ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် ကျင်းပတာဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွေဟာ အထွေထွေရွေးကောက်ပွဲတွေပဲ ဖြစ်ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲဆိုတာကတော့ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုမှာ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲကို မကျင်းပနိုင်လို့ ရွှေ့ဆိုင်းထားရတာကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး နုတ်ထွက်တာ၊ ကွယ်လွန်တာကြောင့်ဖြစ်စေ၊ ဥပဒေနဲ့အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေ ရပ်ဆိုင်းခံထားရတာကြောင့်ဖြစ်စေ၊ တာဝန်ကနေ ရုပ်သိမ်းခံထားရတာကြောင့်ဖြစ်စေ လစ်လပ်နေတဲ့ မဲဆန္ဒနယ်တွေအတွက် အခါအားလျော်စွာ ကျင်းပတဲ့ ရွေးကောက်ပွဲကတော့ ကြားဖြတ်ရွေးကောက်ပွဲပဲ ဖြစ်ပါတယ်။

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ်မှာ ကျင်းပခဲ့ပြီး ယခု ၂၀၁၈ ခုနှစ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာလည်း ကြားဖြတ်ရွေးကောက်ပွဲပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီများက ဝင်ရောက်ယှဉ်ပြိုင်ရတော့မယ်။ အဲဒီတော့ ဘယ်လို ဝင်ရောက်ယှဉ်ပြိုင်ရမလဲဆိုတဲ့ နည်းစနစ်၊ ပြဋ္ဌာန်းထားတာတွေကိုလည်း ပြောပြပေးပါဦး။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေနဲ့ကတော့ ၂၀၁၀ ပြည့်နှစ်ကစပြီး ရွေးကောက်ပွဲတွေကို ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ခုနက ဦးခွန်မြတ်ဆန်းထွန်း ဆွေးနွေးပြောကြားခဲ့သလိုပါပဲ။ အထွေထွေရွေးကောက်ပွဲအတွက်ဆိုရင်တော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်နဲ့ တိုင်းရင်းသားလူမျိုးလွှတ်တော်ဆိုပြီးတော့ မဲဆန္ဒနယ်တွေ သတ်မှတ်ပြီး ကျင်းပပေးတာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေကတော့ ဒီမဲဆန္ဒနယ်တွေထဲက အနည်းဆုံး မဲဆန္ဒနယ်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်တဲ့ နိုင်ငံရေးပါတီတွေကိုတော့ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မှာဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်မှာ လစ်လပ်တဲ့နေရာတွေအတွက် ကြားဖြတ်ရွေးကောက်ပွဲ ထပ်မံကျင်းပပေးရပါတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ အနည်းဆုံး မဲဆန္ဒနယ်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်လိုပါက ယှဉ်ပြိုင်နိုင်ပါတယ်။ ဝင်ရောက်မယှဉ်ပြိုင်ဘဲနဲ့လည်း နေလို့ရပါတယ်။

သို့သော်လည်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ နောက်ပိုင်းမှ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ကတော့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ မဖြစ်မနေ ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီလိုဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုနိုင်လျှင် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်ကနေ ပယ်ဖျက်မှာဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါကို ရှင်းရှင်းလင်းလင်း သိထားဖို့အတွက် လိုအပ်ပါတယ်။ အထွေထွေရွေးကောက်ပွဲ ကျင်းပတဲ့အခါ နိုင်ငံရေးပါတီတွေက အနည်းဆုံး သုံးနေရာ ဝင်ရောက်ယှဉ်ပြိုင်ရမယ်။ ကြားဖြတ်ရွေးကောက်ပွဲကျတော့ အထွေထွေရွေးကောက်ပွဲမှာဝင်ပြိုင်ပြီးတဲ့ ပါတီတွေအနေနဲ့ ဝင်ပြိုင်ချင်လည်းရတယ်။ ဝင်မပြိုင်ဘဲနဲ့လည်း နေနိုင်တယ်။ ကြားဖြတ်ရွေးကောက်ပွဲအတွက်ကျတော့ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲ မကျင်းပမီ အချိန်အတွင်း မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ အနည်းဆုံး မဲဆန္ဒနယ် သုံးနေရာမှာ ဝင်ရောက်ယှဉ်ပြိုင်ရမယ်ဆိုတော့ လွှတ်တော်တစ်ရပ်ကို တစ်ယောက် ဝင်ပြိုင်ရမှာလား။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ အဲဒီလိုတော့ မဟုတ်ပါဘူး။ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင် ပြည်သူ့လွှတ်တော် သုံးနေရာအတွက်ပဲ ဝင်ပြိုင်လည်းရပါတယ်။ အဲဒီလိုမှမဟုတ်ရင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုလည်း ရပါတယ်။ ဒါပေမယ့် အနည်းဆုံး မဲဆန္ဒနယ်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဘယ်မဲဆန္ဒနယ်ဖြစ်ဖြစ်၊ သုံးနေရာဖြစ်ရင် ရတယ်။ ဒါကတော့ သတ်မှတ်ထားတဲ့ နည်းစနစ် အကျဉ်းချုပ်ပါ။ ရွေးကောက်ပွဲတွေ ကျင်းပခဲ့ပြီးပြီ။ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီတွေက ဝင်ရောက်ယှဉ်ပြိုင်မှုပြုခဲ့တဲ့ အနေအထားတွေကို ဒေါ်ခိုင်သန္တာမျိုးက ဆွေးနွေးပြောပြပေးပါဦး။

**ဒေါ်ခိုင်သန္တာမျိုး** ။ ။ ဟုတ်ကဲ့ပါ။ အထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီတွေရဲ့ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေကို ပြောပြရမယ်ဆိုရင် ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှာ မှတ်ပုံတင်ခွင့်ရတဲ့ ပါတီက (၄၂) ပါတီရှိပါတယ်။ အဲဒီထဲကနေပြီး (၃၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ (၁၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မှတ်ပုံတင်ခွင့်ရရှိတဲ့ပါတီက (၉၁) ပါတီရှိပါတယ်။ (၉၁) ပါတီလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ (၂၄) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အခု ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှာ ပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ (၂၄) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြမှာပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ အနည်းဆုံး (၃) နေရာ ဝင်ရောက်မယှဉ်ပြိုင်ခဲ့တဲ့ ပါတီတွေရှိခဲ့ဖူးလား။

**ဒေါ်ခိုင်သန္တာမျိုး** ။ ။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ပယ်ဖျက်ခံရတဲ့ နိုင်ငံရေးပါတီ (၅) ခုရှိပါတယ်။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်ပါတီ၊ မြန်မာ့လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)၊ မြို့တိုင်းရင်းသားပါတီ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်) တို့ပဲ ဖြစ်ပါတယ်။ နောက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ခုနကဆွေးနွေးသွားသလို၊ အထွေထွေရွေးကောက်ပွဲပြီးတဲ့ နောက်ပိုင်းမှာ မှတ်ပုံတင်ခွင့်ရရှိတဲ့ ပါတီတွေကဆိုရင် ကြားဖြတ်ရွေးကောက်ပွဲမှာ အနည်းဆုံး မဲဆန္ဒနယ် (၃) ခုကို ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်ခင် မှတ်ပုံတင်ခွင့်ရရှိခဲ့တဲ့ ပါတီတွေထဲက ပါတီ နှစ်ခုက သတ်မှတ်ထားတဲ့အတိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘူး။ ဒါကြောင့်မို့ ပယ်ဖျက်ခြင်းခံခဲ့ရပါတယ်။ အဲဒီပါတီနှစ်ခုကတော့ ဒီမိုကရက်တစ်မဟာမိတ်ပါတီနဲ့ ၈၈ ပြည်သူ့အင်အားစုပါတီတွေပဲ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ပယ်ဖျက်ခံရတဲ့ နိုင်ငံရေးပါတီ မရှိပါဘူး။ သို့သော်လည်း ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲပြီးနောက်ပိုင်းမှာ မှတ်ပုံတင်ခွင့်ရရှိတဲ့ ပါတီ (၆) ခုရှိပါတယ်။ အဲဒီအထဲက တစ်ခုဟာဆိုရင် အခုကျင်းပမယ့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားတာ မရှိတာကို တွေ့ရပါတယ်။ ဥပဒေကြောင်းအရဆိုရင် အဲဒီပါတီဟာ နိုင်ငံရေးပါတီအဖြစ်ကနေ ပယ်ဖျက်ခြင်းခံရမယ့်အနေအထားမှာ ရှိပါတယ်။

**ဦးမြင့်နိုင်** ။ ။ ရွေးကောက်ပွဲသမိုင်းမှာ ရွေးကောက်ပွဲဖြစ်စဉ်တွေကို ပြန်လေ့လာတဲ့အခါ နိုင်ငံရေးပါတီတွေရဲ့ဝင်ရောက်မှုအခြေအနေနဲ့ ပယ်ဖျက်ခံရတဲ့ အခြေအနေတွေကို သိသင့်ပါတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့လည်း သတိထားလို့ရအောင်ပါ။ နိုင်ငံရေးပါတီတွေက မဲဆွယ်စည်းရုံးတဲ့ကာလမှာ ပါဝင်ရတော့မှာ၊ ပါဝင်ပြီးတော့ အမည်စာရင်း တင်သွင်းကြပြီ။ မဲဆွယ်စည်းရုံးတဲ့အခါ သူတို့အခန်းကဏ္ဍက ပါလာပြီ။

“နိုင်ငံရေးပါတီတွေကတော့ ဒီမဲဆန္ဒနယ်တွေထဲက အနည်းဆုံး မဲဆန္ဒနယ်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်တဲ့ နိုင်ငံရေးပါတီတွေကိုတော့ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မှာဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်မှာ လစ်လပ်တဲ့နေရာတွေအတွက် ကြားဖြတ်ရွေးကောက်ပွဲ ထပ်မံကျင်းပပေးရပါတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ အနည်းဆုံး မဲဆန္ဒနယ်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်”

*စာမျက်နှာ ၁၁ သို့*

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ခြင်းအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် (၇)ရက်သားသမီး အလှူရှင် ဘုရားဒါယကာ ဒါယိကာမများ စုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"**ကို တည်ဆောက်ပူဇော်လျက်ရှိပါသည်။

အဆိုပါ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၆-၁၀-၂၀၁၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာခမ္မသဘင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**

*စာမျက်နှာ ၁၀ မှ*

သူတို့ကလည်း သူတို့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုတွေ ပြုရတော့မယ်။ ငွေကြေးသုံးစွဲမှုတွေလည်း ပြုလုပ်ရတော့မယ်။ နိုင်ငံရေးပါတီတွေက ငွေကြေးသုံးစွဲတာရှိတယ်။ ရွေးကောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေက ငွေကြေးသုံးစွဲတာရှိတယ်။ ခြားနားတယ်။ မတူပါဘူး။ အနှစ်ချုပ်လေးကို ဦးခွန်မြတ်ဆန်းထွန်းက ရှင်းပြပေးပါဦး။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ ပါတီတစ်ခုကလွှတ်တော်သက်တမ်းတစ်ရပ်အတွင်းမှာ ပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနဲ့အညီ သတ်မှတ်ထားတဲ့ ရွေးကောက်ပွဲအသုံးစရိတ်ကို သုံးစွဲခွင့်ရှိပါတယ်။ ပါတီပိုင်ပစ္စည်းတွေနဲ့ စာရင်းတွေကို ပြုစုထိန်းသိမ်းဖို့ တာဝန်ရှိတဲ့သူတွေကတော့ ပါတီဌာနချုပ်အတွက်ဆိုရင် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက ပြုစုထိန်းသိမ်းရပါမယ်။ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပါတီတွေအတွက်ဆိုရင်တော့ သက်ဆိုင်ရာ ပါတီအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက ပြုစုထိန်းသိမ်းရပါမယ်။ ရပ်ကွက်/ ကျေးရွာအုပ်စုပါတီတွေအတွက်ဆိုရင်တော့ ရပ်ကွက်/ ကျေးရွာအုပ်စု ပါတီစည်းရုံးရေးမှူးတွေက ပြုစုထိန်းသိမ်းရပါမယ်။

**ဦးမြင့်နိုင်** ။ ။ နိုင်ငံရေးပါတီဥပဒေအရ ပြဋ္ဌာန်းထားတာရှိတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ သုံးရမယ့် အသုံးစရိတ်နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးပေးစေချင်ပါတယ်။

**ဦးခွန်မြတ်ဆန်းထွန်း** ။ ။ အထွေထွေရွေးကောက်ပွဲမှာဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲမှာဖြစ်စေ ပါတီတစ်ခုကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဟာ ရွေးကောက်ပွဲအသုံးစရိတ်ငွေကျပ် သိန်း ၁၀၀ သုံးစွဲနိုင်ပါတယ်။ အဲဒီအသုံးစရိတ်ငွေတွေကို သူ့ရဲ့တရားဝင်ရရှိထားတဲ့ ငွေတွေထဲကဖြစ်စေ၊ ပါတီက တရားဝင်ရရှိထားတဲ့ ရန်ပုံငွေထဲကဖြစ်စေ ကျခံပြီးတော့ သုံးစွဲနိုင်ပါတယ်။ သုံးစွဲထားတဲ့ အသုံးစရိတ်စာရင်းတွေကိုလည်း စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရပါမယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်စာရင်းတွေကို ကြေညာတဲ့နေ့ကနေ စပြီးတော့ ရက်ပေါင်း ၃၀ အတွင်းမှာ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀) နဲ့ ရေးသွင်းပြီးတော့ မိတ္တူတစ်စုံကူးယူပြီး မူရင်းနဲ့အတူ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်တို့က နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲကို တင်သွင်းရပါမယ်။

**ဦးမြင့်နိုင်** ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးမယ့်အသုံးစရိတ်နဲ့ နိုင်ငံရေးပါတီတွေရဲ့ရန်ပုံငွေ ဆက်စပ်တာလေးကို မဲဆန္ဒရှင်တွေကို သိစေချင်ပါတယ် နိုင်ငံရေးပါတီတွေက သူတို့ရဲ့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးရေးတွေ လုပ်တဲ့အခါ စည်းရုံးဟောပြောခွင့်နဲ့ ပတ်သက်လို့ ဥပဒေ၊ နည်းဥပဒေက ဘယ်လိုပြဋ္ဌာန်းထားသလဲဆိုတာ ပြောပြပေးပါဦး။

**ဒေါ်ဝင်းသော်သော်လှိုင်** ။ ။ လွှတ်တော် ကိုယ်စားလှယ်လောင်းတွေက မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေ လုပ်ကြသလိုပဲ နိုင်ငံရေးပါတီတွေကလည်း ကိုယ့်ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုတွေ လုပ်နိုင်ပါတယ်။ အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာလည်း နိုင်ငံတော်ပိုင်ရုပ်မြင်သံကြားတွေ၊ ရေဒီယိုတွေကတစ်ဆင့် မဲဆွယ်စည်းရုံးမှုတွေ လုပ်ဆောင်လို့ရပါတယ်။ ဒါပေမယ့် အဲဒီလို မဲဆွယ်စည်းရုံးဟောပြောမှု လုပ်တဲ့အခါမှာတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတစ်ဆင့် ခွင့်ပြုမိန့်ကို တောင်းခံရမှာဖြစ်ပါတယ်။

**ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# မင်းပြားနှင့် ရမ်းဗြဲမြို့နယ်တို့တွင် ကျွဲ နွား ရောဂါဖြစ်ပွားမှုအပေါ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပန်းမြောင်ကြီးချောင်းဖျားအနောက်ရိုးမတောင်ပေါ်တွင် ကျွဲများသေဆုံးကြောင်း သတင်းရရှိခဲ့သဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်မှ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အထူးအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ စက်တင်ဘာ ၂၄ ရက်တွင် မင်းပြားမြို့နယ်နှင့် အနောက်ရိုးမတောင်ပေါ်သို့ ကွင်းဆင်း၍ ရောဂါဖြစ်ပွားမှုအား စစ်ဆေးခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ရောဂါဖြစ်ပွားရာနေရာမှ အရိုး၊ မြေကြီး၊ မြက်နှင့် ရေ စသည့် နမူနာပစ္စည်းများ ယူဆောင်ပြီး ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ လည်ချောင်းကွဲ ရောဂါပိုး တွေ့ရှိခဲ့သည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်လျက် ကျွဲ၊ နွား အသေကောင်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်ထိ မင်းပြားမြို့နယ် အိုးပျဉ်တောင်ကျေးရွာနှင့် ဆက်စပ်သည့် ကျေးရွာ ၁၉ ရွာတွင် ကျွဲ၊ နွား ၆၀၀၀ ခန့် ရှိသည့်အနက် လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကျွဲ၊ နွား ၄၀၀၀ ကို ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်သည်။ ကျန်ရှိသော ကျွဲ၊ နွားများကို ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများ ထိုးနှံပေးခြင်းတို့ကို စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၈ ရက်က ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ကျောက်နဂါးအုပ်စုရှိ ဆိပ်နားပြင်ကျေးရွာတွင် ကျွဲ၊ နွား ငါးကောင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိခဲ့သဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်း၍ ရောဂါဖြစ်ပွားမှုအား စစ်ဆေးခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ထောင့်သန်းရောဂါပိုး တွေ့ရှိခဲ့သည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောက်ဖြူခရိုင် ဦးစီးမှူး ဦးဆောင်လျက် ပိုးသတ်ဆေးဖျန်းခြင်း၊ လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်ထိ ပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွား ၃၇၈ ကောင်ကို ထောင့်သန်းရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသော ကျွဲ၊ နွားများကို ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများထိုးနှံပေးခြင်းတို့ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**မင်းပြားမြို့နယ်တွင် ကျွဲ၊ နွားများ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ဒေသခံများအား ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။**

*စာမျက်နှာ ၈ မှ*

**အစီအစဉ်မှူး။** ။ **တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ မှုခင်းကြိုတင်ကာကွယ်ရေးကို ဘယ်လိုဆောင်ရွက်နေသလဲဆိုတာ ရှင်းပြပေးပါ။**

**ရဲဗိုလ်ချုပ် အောင်နိုင်သူ။** ။ ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေနဲ့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ အဓိကလုပ်ငန်းစဉ်နှစ်ရပ် ရှိပါတယ်။ ပထမလုပ်ငန်းစဉ်ကတော့ မှုခင်းကြိုတင်ကာကွယ်ခြင်း လုပ်ငန်းစဉ်ဖြစ်ပြီးတော့ ဒုတိယလုပ်ငန်းစဉ်ကတော့ ဖြစ်ပေါ်လာတဲ့မှုခင်းတွေကို စုံစမ်းဖော်ထုတ် ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းနဲ့ တရားစွဲဆိုခြင်းဆိုတဲ့ အဓိကလုပ်ငန်းစဉ်နှစ်ရပ် ရှိပါတယ်။ အခုလို တရားဥပဒေ စိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အဓိကရှေ့တန်းကျကျ တာဝန်ယူဆောင်ရွက်ရတဲ့အဖွဲ့တွေကတော့ ရဲစခန်း၊ ရဲကင်းများပဲဖြစ်ပါတယ်။

### မှုခင်းကျဆင်းရေးစီမံချက်

ရဲစခန်းမှာ တာဝန်ကျနေတဲ့ စခန်းမှူးတစ်ဦးဟာ မိမိဒေသရဲ့ အခြေအနေအရပ်ရပ်ကို သိရှိနေရမယ့်အပြင် ဒီဒေသတွင်းမှာ နေထိုင်တဲ့ ပြည်သူတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ရိုးရာဓလေ့ စတဲ့အချက် အလက်တွေကိုလည်း နှံ့စပ်အောင်သိရှိထားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် မိမိရဲစခန်းပိုင်နယ်မြေအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ မှုခင်းတွေကို၊ သတင်းတွေကို ပြန်လည်သုံးသပ်ပြီးတော့မှ မိမိဒေသနဲ့ကိုက်ညီတဲ့ မှုခင်းကြိုတင်ကာကွယ်ရေးနဲ့ မှုခင်းကျဆင်းရေးအတွက် စီမံချက်တွေကို ရေးဆွဲဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဒီလို ရဲစခန်းမှူးတစ်ဦး ရေးဆွဲထားတဲ့ မှုခင်းကြိုတင်ကာကွယ်မှုလုပ်ငန်းတွေကို အနီးကပ်ကြီးကြပ်ကွပ်ကဲမှုကတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများက ကွပ်ကဲဆောင်ရွက်ရတာဖြစ်ပါတယ်။ ရဲစခန်းမှူးများအနေနဲ့ မိမိဒေသတွင်းမှာဖြစ်ပွားတဲ့ မှုခင်းများကို ပြည်သူနဲ့ သတင်းမီဒီယာများကို ချပြအသိပေးခြင်းအားဖြင့်လည်း မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ထိရောက်တဲ့အပြင် Community Policing လို့ခေါ်တဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ဖြစ်ပွားပြီးတဲ့အမှုတွေကို ဖမ်းဆီးအရေးယူနိုင်တာထက်ကို မှုခင်းများကို မဖြစ်ပွားမီက ကြိုတင်ကာကွယ်ခြင်းဟာ ပိုမိုထိရောက်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြစ်မှုကျူးလွန်နိုင်သူကိုလည်း ကြိုတင်တားဆီးနိုင်သလို ပြစ်မှုကျူးလွန်ခြင်းကို ခံရနိုင်သူအတွက်လည်း ကျွန်တော်တို့ အကာအကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့်လည်း ကျူးလွန်သူရော၊ ကျူးလွန်ခံရနိုင်သူအတွက်ပါ အဘက်ဘက်က ဆုံးရှုံးနိုင်တဲ့ လူမှုရေးပြဿနာများကို ကျွန်တော်တို့ တားဆီးကာကွယ်နိုင်တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဒီလို ကြိုတင်ကာကွယ်မှုတွေ ဆောင်ရွက်နိုင်တဲ့အတွက် ရပ်ရွာအေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူပြုစေတယ်ဆိုတာလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံတကာမှာတော့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ ရဲတပ်ဖွဲ့ တစ်ဖွဲ့တည်းနဲ့ ဆောင်ရွက်လို့ မရနိုင်ဘူး၊ ဌာနဆိုင်ရာအသီးသီးအပြင် ပြည်သူလူထု ပူးပေါင်းပါဝင်ရမယ်ဆိုတဲ့ အယူအဆကို အားလုံးလက်ခံကျင့်သုံးနေပြီလည်း ဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီး

ဒီနေ့ မှုခင်းများကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် မှုခင်းတွေအားလုံးဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စတဲ့ပတ်ဝန်းကျင်ပြဿနာဆိုင်ရာ၊ သဘာဝဆိုင်ရာများကနေ စတင်ပြီးတော့ ဖန်တီးဖြစ်ပေါ်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်တဲ့အခါမှာ ရဲတပ်ဖွဲ့ရဲ့ အခန်းကဏ္ဍ၊ ဥပဒေရဲ့ အခန်းကဏ္ဍ၊ တရားစီရင်ရေး အခန်းကဏ္ဍတို့သာမကဘဲ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍနဲ့ ဝန်ကြီးဌာနပေါင်းစုံ အသီးသီးကနေ အလေးထား ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ပြည်သူတွေ ပူးပေါင်းဆောင်ရွက်လာခြင်းအားဖြင့် ကြိုတင်ကာကွယ်မှုအတွက် များစွာထိရောက်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ခြင်းအားဖြင့်လည်း ရဲနဲ့ပြည်သူဟာ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အပြန်အလှန် အားကိုးအားထားပြုမှုတွေဟာ ပိုမိုပြီး ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ ဆောင်ရွက်ချက်များကိုလည်း သတင်းမီဒီယာများအနေနဲ့ ပြည်သူတွေ သိရှိနိုင်အောင် ရဲနဲ့ပြည်သူပူးပေါင်းဆောင်ရွက်မှုတွေ၊ ပြစ်မှုကြိုတင်ကာကွယ်ရေးဆိုင်ရာတွေ၊ မှုခင်းအသိပေးပညာပေးတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြည်သူတွေသိအောင် သတင်းပေးခြင်းအားဖြင့်၊ ဖော်ပြခြင်းအားဖြင့်လည်း ကြိုတင်ကာကွယ်မှုကို များစွာ အထောက်အကူပြုမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်တဲ့အခါမှာ လူတန်းစား အမျိုးမျိုး၊ အလွှာအမျိုးမျိုးနဲ့ တွေ့ဆုံဆက်ဆံရတာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ကလည်း လူမှုဆက်ဆံရေးကို အင်မတန်လိမ္မာပါးနပ်စွာ ဆောင်ရွက်နိုင်ရမယ့်အပြင် ရဲတပ်ဖွဲ့ရဲ့ကျင့်ဝတ်များကိုလည်း တိတိကျကျ လိုက်နာဖို့ အလွန်အရေးကြီးပါတယ်။

### အတွေးအခေါ်ကျွမ်းကျင်ဖို့ အထူးလိုအပ်

ဒီနေ့ ပြစ်မှုကျူးလွန်သူများကို ပြန်လည်သုံးသပ်တဲ့အခါမှာ ခေတ်မီတဲ့ပစ္စည်းတွေ၊ ခေတ်မီတဲ့နည်းပညာတွေ၊ တိုးတက်လာတဲ့ လမ်းပန်းဆက်သွယ်မှုတွေကို အသုံးပြုပြီးတော့မှ နိုင်ငံဖြတ်ကျော်မှုခင်းတွေ၊ နည်းပညာဆိုင်ရာ မှုခင်းတွေ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ မှုခင်းတွေ၊ ငွေကြေးခဝါချမှုတွေ၊ အကြမ်းဖက်မှုတွေအပြင် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတွေကို ရိုက်ခတ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့မှုခင်းများဟာ လွယ်ကူစွာ ကျူးလွန်နိုင်ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်အားလုံးဟာ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းများကိုသာ သိရှိနားလည်ရုံသာမက တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာတွေ၊ အတွေးအခေါ်တွေကိုလည်း ကျွမ်းကျင်ဖို့ အထူးလိုအပ်တာဖြစ်ပါတယ်။

ဒါ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ တပ်ဖွဲ့ဝင်များကို စွမ်းအားမြှင့်တင်နိုင်ဖို့ ပြည်သူယုံကြည်ကိုးစားတဲ့ ရဲတပ်ဖွဲ့ဝင်တွေ ဖြစ်ပေါ်လာစေဖို့အတွက် ဥပဒေပညာတွေ၊ နည်းပညာတွေ၊ အတွေးအခေါ်ဆိုင်ရာတွေကို ပြည်တွင်းသင်တန်းများမှာသာမက နိုင်ငံတကာနဲ့ ပူးပေါင်းချိတ်ဆက်ပြီး တရားဥပဒေစိုးမိုးရေးကဏ္ဍများမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကိုလည်း ပြည်သူလူထုသိရှိနိုင်ဖို့ ကျွန်တော့်အနေနဲ့ အသိပေးလိုပါတယ်။

**ဇင်ဦး၊ ခင်ရတနာ**

**ဓာတ်ပုံ - သီဟစည်သူ**

*(ဆက်လက်ဖော်ပြပါမည်)*

# ဆေးပညာလောက၊ နိုင်ငံရေးလောက၊ စာပေလောကမှ ကြယ်တစ်ပွင့်ကြွေလွင့်

**တစ်ခေတ်တစ်ခါက မြန်မာ့အသံရေဒီယိုမှ ကျန်းမာရေး အသိပညာပေး ဆောင်းပါးများ ထုတ်လွှင့်ခဲ့သူ၊ စာနယ်ဇင်းများတွင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများရေးသားခဲ့သူ၊ ကျန်းမာရေးစာအုပ်များ အထူးသဖြင့် ဖိုမပညာပေးစာအုပ်များ ရေးသားခဲ့ပြီး ထိုခေတ်ကာလက လူငယ်ထုအကြားတွင် ရေပန်းစားခဲ့သည့် ဆရာဒေါက်တာ အောင်ခင်ဆင့်သည် အောက်တိုဘာလ ၂ ရက်နေ့ည ၈ နာရီခွဲအချိန်က ရန်ကုန်မြို့မြောက်ဒဂုံမြို့နယ်ရှိ ပင်လုံဆေးရုံတွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။**

အမျိုးသား စာပေဆုရ စာရေးဆရာ ဒေါက်တာ အောင်ခင်ဆင့်



မြန်မာနိုင်ငံတွင် ထင်ရှားသည့် အမျိုးသားစာပေဆုရ၊ ဆရာဝန်စာရေးဆရာဖြစ်သူ ဒေါက်တာအောင်ခင်ဆင့်ကို ပခုက္ကူမြို့တွင် အဖ ကျောင်းအုပ်ဆရာကြီး ဦးမောင်ကလေးနှင့် မိခင် ဒေါ်သီလှတို့မှ မွေးဖွားခဲ့ပြီး ရန်ကုန်ဆေးတက္ကသိုလ်မှ ဆေးပညာဘွဲ့ကို ၁၉၆၃ ခုနှစ်တွင် ရရှိခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ ပြည်သူ့အကျိုးပြု ဆေးပညာပါရဂူဘွဲ့ကို ရရှိခဲ့သည်။

ဆရာသည် အသက် ၈၆ နှစ် အရွယ်တွင် ကွယ်လွန်ခဲ့ပြီး ဆရာ့ဘဝဖြတ်သန်းခဲ့သော ကာလတစ်လျှောက် ဆေးပညာလောက၊ နိုင်ငံရေးလောကတို့၌ တက်တက်ကြွကြွ လှုပ်ရှားစွမ်းဆောင်နိုင်ခဲ့သည်။ ဆရာသည် ဆေးပညာပြန့်ပွားရေးတွင် အထူး ဝါသနာထုံခဲ့ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည့် မီဒီယာပေါင်းစုံတို့မှ ဆေးပညာပေးစာပေများ ရေးသားထုတ်လွှင့်နိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ‘ကာကွယ်၍ ကုသနည်း’ ဆေးပညာပေးစာအုပ်ဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။

ဆရာသည် ၁၉၅၁ ခုနှစ် ရန်ကုန် ဆရာအတတ်သင်လေ့ကျင့်ရေးကျောင်း ၁၀ တန်းကျောင်းသားဘဝ၌ “မိခင်ပြောသော မေတ္တာစကား သားတော်တော်နာသွားသလား” ဆောင်းပါးနှင့် “Sunset by the side of the River Irrawaddy” ဆောင်းပါးများကို စတင်ရေးသားခဲ့သည်။

ဆရာသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် သိမှတ်စရာ၊ ကျန်းမာခြင်းနှင့်ဆေးပညာ(၁၉၇၈)၊ ကျန်းမာရေးရှုထောင့်အသွယ်သွယ်(၁၉၈၁) အပါအဝင် ကျန်းမာရေးအသိပညာဆိုင်ရာစာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

ဆရာသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့သည်။ ဆရာသည် ပြည်သူများ၏ လေးစားခြင်းခံရသော ဆရာဝန်တစ်ဦး၊ စာရေးဆရာတစ်ဦး၊ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို NLD ပါတီကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး ညီလာခံကို ဝေဖန်ပြစ်တင်ခဲ့သောကြောင့် အဖမ်းခံရပြီး ထောင်ဒဏ် အနှစ်(၂၀) ကျခံခဲ့ရသူဖြစ်သည်။

ဆရာသည် ငယ်စဉ်ကတည်းက နိုင်ငံရေးကို စိတ်ဝင်စားသူဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် အာရှလူငယ်အဖွဲ့ဝင်အဖြစ် လှုပ်ရှားခဲ့ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၌လည်း တပ်ဦးကျောင်းသားအဖြစ် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံ ကာလတွင် ကျန်းမာရေး ဝန်ထမ်းများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် တက်ကြွစွာ ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားပေးခံရသည်။ ထိုအချိန်မှစတင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှနေ၍ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီးနောက် နိုင်ငံရေးလောကမှ အနားယူခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်စိန်စိန်နှင့် သားသမီးသုံးဦး ကျန်ရစ်ခဲ့သည်။ ဆရာကြီး ကွယ်လွန်ခဲ့သည့်အတွက် ဆေးပညာလောက၊ စာပေလောက၊ နိုင်ငံရေးလောကအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်သလို ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြရပါသည်။

**မြန်မာ့အလင်း**




## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီနှင့် နေပြည်တော်ကောင်စီ၏ ညွှန်ကြားချက်အရ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက ပျဉ်းမနားမြို့ ဘောဂသီရိကားကြီးကွင်းရှိ မ.ထ.သ ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဖုန်းမြင့်က ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းရေး၊ မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးကာ နေပြည်တော် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းလှိုင်က လုပ်ငန်းလိုင်စင်အမျိုးအစားနှင့် လိုက်နာရမည့်အချက်များအကြောင်း ဆွေးနွေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင်က ရဲလုပ်ငန်းအကြောင်းအရာများကို ချပြရှင်းလင်းပြီး နေပြည်တော် ကုန်းလမ်းပို့ဆောင်ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး ဦးအောင်ကျော်ဆန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းသတ်မှတ်ချက်များ ရှင်းလင်းကာ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ဒုရဲမှူး မျိုးမင်းသိန်းက ယာဉ်မတော်တဆဖြစ်စဉ်များနှင့် အရေးယူ ဆောင်ရွက်ချက်များကို ဆွေးနွေး တင်ပြခဲ့ပြီး မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီး ဝင်းညွှန့်က မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

## ဘတ်စကက်ဘောနည်းစနစ်သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၅**

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကျင်းပသည့် ဘတ်စကက်ဘောနည်းပြဆရာ သင်တန်းဆင်းပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံ ဘတ်စကက်ဘောလေ့ကျင့်ရေးရုံ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ရာ အီတလီနိုင်ငံသား ဘတ်စကက်ဘော အခြေခံကျွမ်းကျင်သူ Mr. Gabriele Cencioni နှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာတို့က သင်ကြားပို့ချပေးခဲ့သည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က “နှစ်စဉ်ဘတ်စကက်ဘော အဖွဲ့ချုပ်ကနေ နည်းပြသင်တန်း တစ်ကြိမ်နှစ်ကြိမ် ပြုလုပ်ပေးနေကြပါ။ အရင်နှစ်တွေက အာရှ၊ အရှေ့တောင်အာရှဘတ်စကက်ဘောအဖွဲ့ချုပ်က နည်းစနစ်မှုတွေ သင်ကြားပို့ချခဲ့ကြပါတယ်။ ဒီနှစ် အဖွဲ့ချုပ်က သင်တန်းနည်းပြဆရာတွေနဲ့ ဘတ်စကက်ဘောအခြေခံရှိတဲ့ အီတလီနိုင်ငံသား နည်းပြက လာရောက်ကူညီတာ ဖြစ်ပါတယ်။ ဘတ်စကက်ဘောတိုးတက်ဖို့ဆိုရင် ကျောင်းတွေကို အခြေခံပါတယ်” ဟု ပြောသည်။ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကလပ်အသင်းများ၊ ကျောင်းဆရာ ဆရာမများ၊ အာဆီယံတက္ကသိုလ် အားကစားနည်းပြသင်တန်းသား သင်တန်းသူ ၃၀ တို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

**အေကေလင်း**

● *ကျောဖုံးမှ*

ပယ်နယ်တီဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် နွယ်နီဝင်း၊ စန်းသော်သော်၊ နှင်းမြသဇင်၊ နန့်ဖူးဖူးထက်၊ ပုံ့ပုံ့ပြည့်မောင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ယူ-၁၆ အမျိုးသမီးအသင်းမှ ရွေးချယ်ထားသည့် တိုက်စစ်မှူး မြတ်နိုးခင်ကိုမူ ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပွဲအစသာဖိကစားနိုင်သော်လည်း နောက်ပိုင်းတွင် ထိုင်းအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။

ထိုင်းအသင်းသည် အမှားနည်းသောကြောင့် ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာမူ အပေးအယူ အချိတ်အဆက်လွဲချော်နေသောကြောင့် ပွဲချိန်ကြာလာသည့်နှင့်အမျှ တိုက်စစ်ဆင်နိုင်ခြင်းမရှိဘဲ ခံစစ်တွင်သာ အချိန်ကုန်ခဲ့သည်။ ထိုင်းအသင်းသည် အားကုန်မထုတ်သော်လည်း တိုက်စစ်ကစားပုံကောင်းမွန်သောကြောင့် မြန်မာခံစစ်ကို ဖိအားပေးနိုင်ခဲ့ပြီး မိနစ် ၄၀ တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးကို နျူဝါဒီးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ထိုင်းအသင်းကသာ ဖိကစားနိုင်ခဲ့ပြီး မြန်မာခံစစ်ပိုင်း အမှားမရှိခဲ့၍သာ ဂိုးထပ်မပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲပြီးခါနီးတွင် ချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ ပြန်ရသော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။

မြန်မာနှင့် ထိုင်း ယူ-၁၉ အမျိုးသမီး အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

## သာစည်မြို့နယ်၌ မှိုစားမိရာမှ လူ ၂၁ ဦး အစာအဆိပ်သင့်

**သာစည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဥသျှစ်ကုန်း(တောင်)ကျေးရွာနေ ကိုဝင်းသိန်းစိုးပါ အမျိုးသားသုံးဦးသည် အောက်တိုဘာ ၄ ရက်က တောထဲသို့ ထင်းခုတ်သွားရာမှ ရရှိခဲ့သောမှိုကို ချက်ပြုတ်စားသောက်ရသည့် မှိုအုံးနက်ဟုထင်၍ မိသားစု ခုနစ်စု ခွဲဝေယူပြီး ချက်ပြုတ် စားသောက်ရာမှ အဆိုပါ မိသားစု ခုနစ်စု၏မိသားစုဝင် အမျိုး သားငါးဦး၊ အမျိုးသမီး ၁၁ ဦးနှင့် ကလေးလေးဦးတို့မှာည ၁၀ နာရီခွဲခန့်တွင် မူးဝေအော့အန်မှုများဖြစ်ပွားသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။ ဆက်လက်၍ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် အဆိုပါ မိသားစုဝင်များထဲမှ မှိုစားမိသူ အမျိုးသားလူနာတစ်ဦး ထပ်မံရောက်ရှိလာကာ ဆေးဝါးကုသမှုခံယူခဲ့ရကြောင်းနှင့် အဆိုပါလူနာများမှာ အစာအဆိပ်သင့်သည့်ဝေဒနာ သက်သာလာပြီး အသက်အန္တရာယ်စိုးရိမ်စရာမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ | | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် | ၂၄၅၇၁ | ၁၅၁၆၄ | ၂၅၀၅၇ | ၁၆၆၇၁ | |
| ၂ | မန္တလေးလေဆိပ် | ၄၆၉၀ | ၃၀၉၂ | ၄၂၈၃ | ၃၆၈၅ | |
| ၃ | နေပြည်တော်လေဆိပ် | ၄၉ | ၃၅၇ | ၁၉၃ | ၂၈၂ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၁၄၁ | ၃၁၃ | ၄၂၆ | ၁၄၂ | |
| ၆ | မြဝတီ | ၆၃၅ | ၂၆၆ | ၅၅၈ | ၅၃၃ | |
| ၇ | ကော့သောင်း | ၅၇၅ | ၇၄ | ၅၉ | ၇၀ | |
| ၈ | ထီးခီး | ၃၂ | ၁၇ | ၄၀ | ၁၂ | |
| ၉ | တမူး | ၀ | ၀ | ၁၅၂ | ၅၄ | |
| ၁၀ | ရိခေါ်ဒါ | ၀ | ၀ | ၀ | ၂ | |
| | စုစုပေါင်း | ၃၀၆၉၃ | ၁၉၂၈၃ | ၃၀၇၆၈ | ၂၁၄၅၁ | |

## အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| ၄ | ဇူလိုင် | ၃၃၄၉၈ | ၂၀၆၃၄ | ၅၄၁၃၂ | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ |
| ၅ | ဩဂုတ် | ၃၄၆၀၄ | ၁၈၉၂၂ | ၅၃၅၂၆ | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ |
| ၆ | စက်တင်ဘာ | ၃၀၆၉၃ | ၁၉၂၈၃ | ၄၉၉၇၆ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ |
| | စုစုပေါင်း | ၁၈၈၀၇၃ | ၁၁၆၉၉၆ | ၃၀၅၀၆၉ | ၁၈၂၄၇၀ | ၁၂၂၃၈၄ | ၃၀၄၈၅၄ |

# သာပေါင်းမြို့နယ်၌ အသတ်ခံရပြီး အရေခွံများခွာထားသည့် တောဆင်ရိုင်းတစ်ကောင် တွေ့ရှိ

**သာပေါင်း အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မရမ်းချိုကျေးရွာအုပ်စု ကျိန္တလီကြိုးဝိုင်း အကွက် အမှတ်(၂၂၅) အတွင်း၌ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီခန့်က တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်းသတင်းအရ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့သည်။

အသတ်ခံထားရပြီး ပုပ်ပွနေသည့်ဆင်မှာ အရေခွံများ ခွာထားသည်ကိုတွေ့ရှိရကာ အနီးဝန်းကျင်တွင် ကျပ်တိုက်စင်တစ်ခု၊ အခြောက်လှန်းရန်ပြုလုပ်ထားသော စင်တစ်ခုတို့ကို တွေ့ရှိခဲ့သည်။ အရေခွံခွာခံထားရသောဆင်သည် ဆင်အထီးဟုယူဆရကာ မသမာသူ ဆင်သတ်မုဆိုးများ၏ လက်ချက်ကြောင့် လွန်ခဲ့သောငါးရက်ခန့်က အသတ်ခံရခြင်းဖြစ်နိုင်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

"ဆင်သတ်တဲ့မုဆိုးတွေကို ဖမ်းဆီးရမိရေးအတွက် အားလုံးဝိုင်းဝန်းပိတ်ဆို့ပြီး လိုက်နေတယ်။ ဆင်အသတ်ခံရတဲ့နေရာက သွားလာရ အလွန်ခက်ခဲတဲ့နေရာလည်းဖြစ်တော့ ဒေသခံတွေအကူအညီနဲ့ ဆင်ပစ်တဲ့အဖွဲ့တွေ ဘယ်မှာရှိတယ်၊ ဘယ်သူတွေ ဖြစ်နိုင်တယ်ဆိုတာကို ဆက်လက် စုံစမ်းတုန်းပဲ ရှိသေးတယ်" ဟု သာပေါင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောသည်။

**သန်းလွင်**



ဆင်သတ်မုဆိုးများ သတ်ဖြတ်ခံရသည့် တောဆင်ရိုင်းတစ်ကောင်ကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၆.၁၀.၂၀၁၈(စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - "တရားဥပဒေစိုးမိုးရေး စကားဝိုင်း" (အပိုင်း- ၁)
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၅)
- ၁၃း၄၀ - ဟိုတုန်းက--- ကက်ဆက် ဇာတ်လမ်းများ "ကကြီးရေ" "က" ဘလိတ်၊ ငြိမ်းဖြူ (ဒါရိုက်တာ - သီတာလင်း)

**ညပိုင်း**

- ၁၆း၂၀ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ဇီဝဗေဒဘာသာရပ်)
- ၁၆း၃၅ - "အောက်တိုဘာလ လပတ်မိုးလေဝသ ခန့်မှန်းချက် အစီအစဉ်"
- ၁၈း၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ "အထာပေးတဲ့ ကောင်မလေး" ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ နန်းဆုသဉ္ဇာဇော် (ဒါရိုက်တာ-ဆလိုင်းလွမ်း)
- ၁၈း၃၅ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း- ၂၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ၊
- ၂၀း၃၅ - "တရားဥပဒေစိုးမိုးရေး စကားဝိုင်း" (အပိုင်း - ၂)
- - Badminton Asia U-17 & U- 15 Junior Championship 2018 ပြိုင်ပွဲအစီအစဉ်
- - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၂၆)

# ပုသိမ်ကြီးမြို့နယ်၌ စနက်တံ ၂၀၀၀ သယ်ဆောင်လာသူကို အရေးယူ

**နေပြည်တော် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ည ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စနက်တံ ၂၀၀၀ သယ်ဆောင်လာသူတစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အောက်တိုဘာ ၃ ရက်က မတ္တရာမှ မန္တလေးသို့ မျိုးမြင့်အောင် မိုးကုတ်မြို့ ဇော်ဗဒန်းရပ်ကွက်နေသူ မောင်းနှင်လာသော 4C/---- ယာဉ်ကို စစ်ဆေးရာ စနက်တံ ၂၀၀၀ အား တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ သယ်ဆောင်လာသည်ကိုတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မျိုးမြင့်အောင်ကို ပုသိမ်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဘုးသီးတောင်၌ တောဆင်ရိုင်း အနင်းခံရ၍ လူတစ်ဦးဒဏ်ရာရ

**ဘူးသီးတောင် အောက်တိုဘာ ၅**

ဘူးသီးတောင်မြို့နယ် သက္ကင်းမနူးကျေးရွာ အနောက်ဘက်တောစပ်၌ အောက်တိုဘာ ၄ ရက်က ဆင်ရိုင်းအနင်းခံရ၍ လူတစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် ညနေပိုင်းက သက္ကင်းမနူးကျေးရွာ အနောက်ဘက်တောစပ်၌ တောဆင်ရိုင်းရှစ်ကောင် ရောက်ရှိနေသဖြင့် ကွန်တိုင်(ရွာကြီး)ကျေးရွာနေ အဒူရာမာန်(၁၈နှစ်)သည် တစ်ရွာတည်းနေ ရော်ဖီး(ခ) မာမွတ်ဆော်လိမ်(၁၈နှစ်)ပါသုံးဦးတို့နှင့်အတူ သွားရောက်ကြည့်ရှုရာ တောဆင်ရိုင်းတစ်ကောင်က လိုက်လံရန်ပြု၍ ထွက်ပြေးစဉ် ရော်ဖီး(ခ)မာမွတ်ဆော်လိမ်ပါ သုံးဦးမှာ ထွက်ပြေးလွတ်မြောက်သွားသော်လည်း အဒူရာမာန်မှာ တောဆင်ရိုင်းအနင်းခံရ၍ ဒဏ်ရာများ(စိုးရိမ်ရ)ရရှိသောကြောင့် ဆေးရုံသို့ တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

**ရဲပြန်ကြား**

# ချမ်းမြသာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ ကျော် ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၅**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက်က ချမ်းမြသာစည်မြို့နယ် သံလျက်မော်(တောင်)ရပ်ကွက် ကန်တော်ကြီး ပတ်လမ်း ရွှေရာစုစားသောက်ဆိုင် နောက်ကျောလမ်းပေါ်တွင် စိုင်းလူ(ခ)စိုင်းခန့်လူ မောင်းနှင်လာသည့် တိုယိုတာပရိုဘောက် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀၀ သိမ်းဆည်းရမိခဲ့ပြီး ယင်းဆေးပြားများ လာရောက်ယူဆောင်သူ ဆန်ခမ်းနှင့် လက်ခံမည့်သူ ကျော်နိုင်တို့ကိုပါ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုင်းလူ(ခ)စိုင်းခန့်လူ၊ ဆန်ခမ်း၊ ကျော်နိုင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



စိုင်းလူ(ခ)စိုင်းခန့်လူ၊ ဆန်ခမ်းနှင့် ကျော်နိုင်တို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

# ဖောင်းပြင်မြို့၌ ကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ


**ဖောင်းပြင် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အင်းဝိုင်းနဘဲခုံရွာ၌ အောက်တိုဘာ ၄ ရက် ညနေပိုင်းက ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဖောင်းပြင်မြို့မရဲစခန်းမှ ဒုရဲအုပ်သက်နိုင်ထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကုန်းကြီးရွာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အင်းဝိုင်း နဘဲခုံရွာနေ ကျော်မောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နေအိမ်မှထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ နေအိမ်အနောက်ဘက် လယ်တောစပ်တွင် ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ၎င်းကိုင်ဆောင်ထားသော အိတ်များအတွင်းမှ ဘိန်းဖြူ အလေးချိန် ၂၁၃၁ ဂရမ် တန်ဖိုးငွေကျပ်သိန်း ၂၁၃၁၀၀၀၀၀ နှင့် ငွေစက္ကူရောရာ ကျပ် ၁၂၀၈၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၈၃ မှု ရှိပြီဖြစ်သည့်အနက် ယခုဖမ်းဆီးရရှိမှုသည် တန်ဖိုးအများဆုံးဖြစ်ကြောင်း ဖောင်းပြင်မြို့နယ်ရဲစခန်းမှ သိရသည်။ **သတင်း-၁၄၂၊ ဓာတ်ပုံ-ဇေယျာ(ပြန်/ဆက်)**



# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေဆုံးမှုနှင့်ပတ်သက်၍ ရုံးချိန်း ၈၁ ချိန်းမြောက် စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေဆုံးမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၈၁ ချိန်းမြောက်အဖြစ် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး တရားခံပြသက်သေသုံးဦးကို စစ်ဆေးမှုပြုခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က "ဒီနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှု အမှတ် ၄၅/၂၀၁၇ လူသတ်မှုကနေ အောင်ဝင်းထွန်း ဘက်ကပြတဲ့ ခံပြသက်သေသုံးဦးကိုစစ်ဆေးဖြစ်ပါတယ်၊ တစ်ဦးက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဇီချိုင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လှိုင်ပါ၊ ကျန်နှစ်ဦးက ဒေသခံ ဦးမျိုးသန့်ဇော်နဲ့ ဦးရွှေတင်အောင်ပါ၊ နောက်တစ်ပတ် ရုံးချိန်းကိုတော့ အောက်တိုဘာ ၁၁ ရက်ကို ချိန်းဆိုထားပါတယ်၊ ကျန်ရှိ တရားခံပြသက်သေတွေကိုပဲ စစ်ဆေးသွားမှာပါ" ဟုပြောသည်။

သတင်းမီဒီယာများ၏မေးမြန်းချက်ကို ဆက်လက်ဖြေကြားသည်မှာ " ကြည်လင်း(ခ)ဖိုးထူး က တရားခံပြသက်သေ ၁၀ ဦး တင်ပြထားရာက ရှစ်ဦး ပယ်လိုက်တဲ့အတွက် နှစ်ဦးစစ်ခဲ့ပြီးဖြစ်တယ်၊ အောင်ဝင်းဇော်က တရားခံပြသက်သေ ၁၂ ဦး တင်ပြထားရာက လေးဦးစစ်ပြီးတဲ့အတွက် ရှစ်ဦး ကျန်ပါတယ်၊ ဇေယျာဖြိုးက တရားခံပြသက်သေ ၂၈ ဦး တင်ပြထားရာမှာ တစ်ဦးမှ မစစ်ရသေးပါဘူး။ အောင်ဝင်းထွန်း က တရားခံပြသက်သေယခင် ၁၈ ဦး တင်ပြထားတယ်၊ နောက်ထပ် ငါးဦးတိုးတယ်၊ ဒီတော့ အောင်ဝင်းထွန်းက ခံပြသက်သေ၂၃ ဦးဖြစ်တယ်။ ယနေ့ထိ ခံပြရှစ်ဦးစစ်ဆေးပြီးတဲ့အတွက် ၁၅ဦး ကျန်ပါတယ်၊ ကြည်လင်း(ခ)ဖိုးထူး ရဲ့ခံပြသက်သေ စစ်ဆေးတာကုန်သွားပါပြီ "ဟု ထပ်မံပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မယ်ယန်းပူးပေါင်း စစ်ဆေးရေးဂိတ်၌ ငွေကျပ် သိန်း ၁၃၀ တန်ဖိုးရှိ ကတ်တမင် ပုံဆောင်ခဲများ ဖမ်းမိ

**တာချီလိတ် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ အောက်တိုဘာ ၅ ရက်နံနက်ပိုင်းက ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသားတစ်ဦးထံမှ ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ ကတ်တမင်ပုံဆောင်ခဲများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီ ၂၅ မိနစ်ခန့်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ် စောခိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မိုင်းကိုးဘက်မှ တာချီလိတ်ဘက်သို့ စိုင်းဆန်နွန်း (၄၇နှစ်) ဆီလီငေါ့ရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နေသူ မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ကတ်တမင်းပုံဆောင်ခဲ အလေးချိန် ၆၅၀ ဂရမ်ခန့် (ဒေသတန်ဖိုး ငွေကျပ် သိန်း ၁၃၀ ခန့်)ကို ၎င်းစီးနင်းလာသော ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ရဲအုပ်စောခိုင်ထံမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အင်ဒိုနီးရှားတွင် သဘာဝဘေးကြောင့် ပျောက်ဆုံးသူ ၁၀၀၀ ကျော်ရှိ

**ဂျကာတာ အောက်တိုဘာ ၅**

အင်ဒိုနီးရှားနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ကြောက်မက်ဖွယ်ငလျင်ကြောင့် ပျောက်ဆုံးသူဦးရေမှာ တစ်ထောင်ကျော်နီးပါးရှိကြောင်း သောကြာနေ့တွင် အာဏာပိုင်များက ပြောသည်။

ဆူလာဝေဆီကျွန်းမှ ပါလူမြို့တွင် အပျက်အစီးများ ဆက်လက်ရှိနေဆဲဖြစ်ပြီး ဆူနာမီလှိုင်းဒဏ်ကြောင့် နေအိမ်များ၊ ကားများ ပျက်စီးခဲ့ရသည်။ ယခုအချိန်အထိ သေဆုံးသူဦးရေမှာ ၁၅၅၈ ဦးထိ ရှိပြီဟု အတည်ပြုထားသည်။ အစိုးရအိမ်ရာဖြစ်သည့် ဘာလာရိုအာတွင် လူပေါင်းမြောက်မြားစွာ မြေမြှုပ်ခံရပြီး သေဆုံးခဲ့ရသည့်အတွက် ကြောက်ရွံ့မှုများမှာ လူထုကြားထဲရှိနေဆဲဖြစ်သည်။

နေအိမ်ပေါင်း တစ်ထောင်ခန့် မြေအောက်ရောက်သွား၍ လူပေါင်း ၁၀၀၀ခန့်မှာ ပျောက်ဆုံးနေသည်ဟု ခန့်မှန်းရကြောင်း အင်ဒိုနီးရှားကယ်ဆယ်ရေးနှင့် ရှာဖွေရေးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။ အပြင်သို့ ပြေးထွက်လာနိုင်သည့် လူများလည်းရှိ၍ အတိအကျ မခန့်မှန်းနိုင်ကြောင်းလည်း ၎င်းကပြောသည်။

အစောပိုင်းကလည်း ပျောက်ဆုံးနေသော လူဦးရေမှာ ၁၀၀ ခန့်ရှိသည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။ သဘာဝဘေးဖြစ်ပွားရာဇုန်သို့ နောက်ဆုံးတွင် အပြည်ပြည်ဆိုင်ရာမှ အကူအညီများ ရောက်ရှိလာပြီး လူပေါင်း နှစ်သိန်းခန့်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောသည်။

ကယ်ဆယ်ရေးသမားများသည် အနံ့ခံခွေးများ၊ စစ်ဆေးရေးကိရိယာများကို အသုံးပြုကာ အပျက်အစီး အကျိုးအပဲ့များအောက်တွင် အသက်ရှင်ကျန်ရစ်သူများ ရှိ မရှိကို စစ်ဆေးရှာဖွေခဲ့ကြသည်။ ကုလသမဂ္ဂမှ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဒေါ်လာ ၁၅ သန်း တောင်းခံထားပြီး Save the children နှင့် ကြက်ခြေနီအဖွဲ့တို့မှ မြေပြင်တွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**အေအက်ဖ်ပီ**




# တောင်ကိုရီးယားသမ္မတဟောင်း အီမြောင်ဘတ် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခံရ



တောင်ကိုရီးယားသမ္မတဟောင်း အီမြောင်ဘတ်

**ဆိုးလ် အောက်တိုဘာ ၅**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ခရိုင်တရားရုံးမှ ယခင်သမ္မတဟောင်း အီမြောင်ဘတ်ကို လာဘ်စားမှု၊ ငွေကြေးအလွဲသုံးစားပြုမှုတို့အတွက် ထောင်ဒဏ်၁၅ နှစ်ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ၎င်းသည် ဒေါ်လာ ၁၁ သန်း ငွေဒဏ်ချမှတ်ခံရသည်။ တရားရုံးတွင် သမ္မတဟောင်းအီ တက်ရောက်ခြင်းမရှိဘဲ စစ်ဆေးခဲ့သည်။

သမ္မတဟောင်းအီ၏ ပြစ်မှုများတွင် ဆမ်ဆောင်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်းကို ၂၀၀၉ ခုနှစ်က လွှတ်ပေးလိုက် သည့်ကိစ္စလည်း ပါဝင်သည်။ သမ္မတဟောင်းအီ တရားမဝင်ပိုင်ဆိုင်ထားသော မော်တော်ကားအစိတ်အပိုင်းကုမ္ပဏီအတွက် ကုန်ကျစရိတ်များကို ဆမ်ဆောင်းဘက်မှ အပြန်အလှန်ပေးအပ်ခဲ့သည်ဟု တရားရုံးက တွေ့ရှိခဲ့သည်။

သမ္မတဟောင်းအီကမူ အဆိုပါကုမ္ပဏီသည် ၎င်းပိုင်ဆိုင်သည်ဟူသော ကောလာဟလမှာ မှန်ကန်ခြင်းမရှိဘဲ ၎င်းအစ်ကိုဖြစ်သူ ဆယ်စုနှစ်သုံးစုကြာ ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ မစ္စတာအီသည် အမျိုးသားထောက်လှမ်းရေး အေဂျင်စီထံမှ ရန်ပုံငွေများ အပါအဝင်၊ လာဘ်စားမှုများ ပြုလုပ်ခဲ့ကြောင်း ပြစ်မှုထင်ရှားခဲ့သည်ဟုဆိုသည်။

သို့သော် သမ္မတအီဘက်မှ ၎င်းအပေါ် စွပ်စွဲချက်များအားလုံးကို ငြင်းဆိုခဲ့သည်။ သမ္မတဟောင်းအီသည် သံတိုင်နောက်ရောက်သည့် စတုတ္ထမြောက် သမ္မတတစ်ဦးလည်း ဖြစ်သည်။ သို့သော် ၎င်းသည် အယူခံရယူခွင့်ရှိသေးသည်။ ယခုနှစ် အစောပိုင်းကလည်း သမ္မတဟောင်း ပတ်ဂွမ်ဟေးသည် ဆမ်ဆောင်းကိစ္စ အပါအဝင် အခြားသောကိစ္စများတွင် လာဘ်ယူမှုအတွက် ထောင်ဒဏ် ၂၄ နှစ် ချမှတ်ခံရသည်။

**အင်န်အိတ်ချ်ကေ**

# တူရကီတပ်ဖွဲ့၏ စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်ခံရ၍ ခုနစ်ဦးသေဆုံး

**အန်ကာရာ အောက်တိုဘာ ၅**




တူရကီနိုင်ငံ အစိုးရတပ်ဖွဲ့၏ စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး ယမန်နေ့က နိုင်ငံအရှေ့တောင်ပိုင်း ဘတ်မင်းန်ပြည်နယ်တွင် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသောကြောင့် တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အောက်တိုဘာ ၅ ရက်က သတင်းများတွင် ဖော်ပြခဲ့သည်။

အောက်တိုဘာ ၄ ရက် နံနက် ၆ နာရီခန့်တွင် ဘတ်မင်းန်ပြည်နယ်၌ စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်ခံခဲ့ရကြောင်း၊ ဗုံးပေါက်ကွဲမှုမှာ လွန်စွာပြင်းထန်သောကြောင့် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် အနက် ၁ ဒသမ ၅ မီတာရှိသည့် တွင်းတစ်ခုဖြစ်ပေါ်ခဲ့ကြောင်း၊ ကာ့ဒ်အလုပ်သမားပါတီ လက်နက်ကိုင်တပ်ဖွဲ့များက အဝေးထိန်းစနစ်သုံးကာ ဗုံးခွဲတိုက်ခိုက်မှုကို ဆောင်ရွက်ခဲ့ကြောင်း တူရကီနိုင်ငံ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ယခုနှစ်အတွင်း တူရကီနိုင်ငံ အစိုးရတပ်ဖွဲ့က ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့တွင် စစ်ဆင်ရေးများ ပြုလုပ်လျက်ရှိသည်။ အဆိုပါ စစ်ဆင်ရေးအတွင်း ကာ့ဒ်အလုပ်သမားပါတီနှင့် အခြားဆက်သွယ်မှုရှိသော လက်နက်ကိုင်အင်အားများကို တိုက်ခိုက်မှု ပြုခဲ့သည်။

တူရကီနိုင်ငံ၏ စစ်ရေးဆောင်ရွက်မှု ပြုလုပ်ပြီးနောက်တွင် နိုင်ငံအရှေ့တောင်ပိုင်းနှင့် နယ်စပ်ဒေသလုံခြုံရေး အခြေအနေမှာ ဆိုးရွားလာခဲ့သောကြောင့် အစိုးရတပ်ဖွဲ့၏ စစ်ဘက်ဆိုင်ရာ ယာဉ်တိုက်ခိုက်ခံရမှုများ မကြာခဏ ဖြစ်ပွားခဲ့သည်။

ကာ့ဒ်အလုပ်သမားပါတီကို ၁၉၇၉ ခုနှစ်တွင် ထူထောင်ခဲ့ပြီး လက်နက်အင်အားဖြင့် တူရကီ၊ အီရတ်၊ အီရန်နှင့် ဆီးရီးယားနိုင်ငံတို့နှင့် ထိစပ်နေသော ဒေသများရှိ ကာ့ဒ်လူမျိုးများကို စုစည်းကာ သီးခြားနိုင်ငံထူထောင်ရန် ကြိုးစားနေသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် အများဆုံး တည်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားနှင့် လက်နက်ကုန်သွယ်မှုအတွက် တူရကီကုမ္ပဏီကို ပိတ်ဆို့ပြစ်ဒဏ်ချ

**ပြုံယမ်း အောက်တိုဘာ ၅**

တူရကီကုမ္ပဏီတစ်ခုနှင့် မြောက်ကိုရီးယားအစိုးရ အရာရှိတစ်ဦးတို့သည် မြောက်ကိုရီးယားသို့ လက်နက်နှင့် ဇိမ်ခံပစ္စည်းများ တင်ပို့ရန်ကြိုးစားသည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်သည်ဟုဆိုကာ အမေရိကန် ပြည်ထောင်စုက အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့ကြောင်း အောက်တိုဘာ ၅ ရက်က သတင်းများတွင် ဖော်ပြခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် အောက်တိုဘာ ၄ ရက်က SIA Falcon ကုမ္ပဏီနှင့် ယင်းကုမ္ပဏီမှ တူရကီညွှန်ကြားရေးမှူးနှစ်ဦးတို့ကို အမည်တပ်ကာ အတိအကျပြောဆို ဖော်ပြခဲ့သည်။ ထို့အပြင် မွန်ဂိုလီးယားနိုင်ငံရှိ မြောက်ကိုရီးယားသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကောင်စစ်ဝန်သည်လည်း တူရကီကုမ္ပဏီနှင့် အရောင်းအဝယ်စာချုပ်ဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့သည်ဟု ဆိုသည်။

ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန့်ချင်၏ ကြေညာချက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းက ယခုကဲ့သို့ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် အရှောင်အတိမ်း သို့မဟုတ် လက်တစ်လုံးခြား လုပ်နေခြင်းအပေါ် ငြိမ်ခံမနေသင့်ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ကိုရီးယားကျွန်းဆွယ် လုံးဝ နျူကလီးယားကင်းစင်ရေးအတွက် နောက်ဆုံးအထိ အားတက်သရော ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နျူကလီးယားလုံးဝကင်းစင်သွားသည့် အချိန်အထိ အရေးယူပိတ်ဆို့မှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

မြောက်ကိုရီးယားသည် အမေရိကန်နှင့် ပူးပေါင်းပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆောင်ရွက်နေသည်ကို သိသည့်အားလျော်စွာ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများ လျှော့ပေါ့ပေးရန် တောင်းဆိုခဲ့ကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဒုတိယအကြိမ် တွေ့ဆုံရန် စီစဉ်ဆောင်ရွက်နေသည့်ကြားက ထရမ့်အစိုးရအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



နိုင်ငံတကာ သတင်းတိုထွာ

## ပင်လယ်ကွေ့နိုင်ငံများမှ ဒေါ်လာ ၁၀ ဘီလီယံကို ဘာရိန်းနိုင်ငံက လက်ခံရရှိ

**မနာမာ အောက်တိုဘာ ၅**

ပင်လယ်ကွေ့နိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကူဝိတ်နိုင်ငံတို့မှ ရန်ပုံငွေအဖြစ် ဒေါ်လာ ၁၀ ဘီလီယံကို ဘာရိန်းနိုင်ငံသို့ ပေးအပ်သည့် သဘောတူစာချုပ်ကို ဘာရိန်းနိုင်ငံက လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ စာချုပ်အရ ဘာရိန်းနိုင်ငံသည် ကြာသပတေးနေ့က ကြေညာခဲ့သည့် ဘာရိန်းအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သည့် ရန်ပုံငွေကို ရရှိတော့မည်ဖြစ်သည်။ ဘာရိန်းနိုင်ငံ၏ ဘဏ္ဍာရေး တည်ငြိမ်မှုရှိရေးအတွက် ရည်ရွယ်ကာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဘတ်ဂျက်လိုငွေပြမှုကို ရှောင်ရှားနိုင်တော့မည်ဖြစ်သည်။ ဘတ်ဂျက်ဖြတ်တောက်မှုမှ နှစ်စဉ် ၂ဒသမ ၁ ဘီလီယံသက်သာရာရရှိစေမည်ဖြစ်သည်။ ပင်လယ်ကွေ့နိုင်ငံများ၏ အကူအညီပေးမှုနှင့် အစိုးရ၏အစီအစဉ်တို့ပေါင်းစပ်ကာ စီးပွားရေးဖွံ့ဖြိုးလာရန်နှင့် ကြွယ်ဝချမ်းသာလာစေရေးအတွက် အလျင်အမြန် အောင်မြင်မှုများ ရရှိလာမည်ဖြစ်သည်ဟု ဘာရိန်းဒုတိယဝန်ကြီးချုပ် ရှိတ်ခါလာဘင်အဗ္ဗဒူလာအယ်ခါလီဖာက ပြောသည်။ **ဆင်ဟွာ**

## အွန်လိုင်းမှ လောင်းကစားပြုလုပ်သူ ၁၉ ဦးကို ဖမ်းဆီး

**ရှန်ကျန်း အောက်တိုဘာ ၅**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်မှရဲများသည် အွန်လိုင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၆ သန်းတန်ဖိုးရှိ လောင်းကစားပြုလုပ်ရန်စုစည်းခဲ့သည့်အတွက် သံသယရှိသူ ၁၉ ဦးကို ဖမ်းဆီးခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ရှန်ကျန်းပြည်နယ်မှ ရဲများသည် လူမှုကွန်ရက်ဖြစ်သည့် WeChat မှတစ်ဆင့် အွန်လိုင်းကာစီနို ပြုလုပ်သည့် အဖွဲ့တစ်ဖွဲ့၏ သတင်းအစအနကို ရရှိခဲ့သည်။ ထိုအဖွဲ့တွင် လူပေါင်း ၂၀၀ ကျော်ပါဝင်ပြီး တစ်နေ့လျှင် ငွေကြေးစီးဆင်းမှုနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၄၅၀၀၀ ခန့်ရှိသည်ဟု သိရသည်။ အဆိုပါအုပ်စုမှာ အွန်လိုင်းမှတစ်ဆင့် လူစုဆောင်းပြီး လောင်းကစားကို ကြီးကိုင်ခြယ်လှယ်မှုများပြုလုပ်ကြသည်ဟု ရဲများက စုံစမ်းစစ်ဆေးမှုရလဒ်များကို ပြောပြသည်။

မတ် ၂၃ ရက်တွင် အလစ်အငိုက်ဝင်ဖမ်းခဲ့ပြီး လူ၁၅ ဦးဖမ်းမိကာ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ ဘဏ်စာအုပ်များကို သိမ်းဆည်းခဲ့သည်။ နောက်ပိုင်းတွင် နောက်ထပ် လူလေးဦးကိုလည်း ထပ်မံဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဝေးသထက်ဝေးလာတဲ့အီရန်နဲ့ အမေရိကန်ဆက်ဆံရေး

**ခြူးစန္ဒီမွေး**




တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် စွပ်စွဲပြစ်တင်မှုတွေနဲ့အတူ အီရန်နဲ့ အမေရိကန်တို့ကြား ဆက်ဆံရေးဟာလည်းတဖြည်းဖြည်း ဆိုးရွားလာခဲ့ပါတယ်။ အမေရိကန်ကလည်း အီရန်အပေါ်ပိတ်ဆို့မှုတွေ ပိုတိုးဖို့ပြင်ဆင်နေပါတယ်။

### အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့အမိန့်

အဲဒီလိုအချိန်မှာ အပြည်ပြည်ဆိုင်ရာ တရားရုံး(အိုင်စီဂျေ)ကနေ အီရန်အပေါ်ထားရှိတဲ့ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ ဗုဒ္ဓဟူးနေ့ကပဲ အမိန့်ချမှတ်လိုက်ပါတယ်။ ဖယ်ရှားပေးဖို့ အမိန့်ချမှတ်လိုက်တဲ့အထဲမှာ အစားအသောက်၊ ဆေးဝါးနဲ့ အီရန်အရပ်သားတွေရဲ့ လေကြောင်းခရီးစဉ်တွေကို ပိတ်ဆို့ထားခြင်းမပြုဖို့လည်း ပါဝင်ပါတယ်။

ဒါကို တုံ့ပြန်တဲ့အနေနဲ့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ၁၉၅၅ ခုနှစ်က အမေရိကန်နဲ့ အီရန်တို့ကြား သဘောတူလက်မှတ်ရေးထိုးထားတဲ့ စာချုပ်ကို ဖျက်သိမ်းလိုက်ပြီလို့ ကြေညာခဲ့ပါတယ်။ ဆယ်စုနှစ်ခြောက်ခုကြာတည်မြဲခဲ့တဲ့စာချုပ်ကို ဖျက်သိမ်းလိုက်တာပါ။ အဲဒီစာချုပ်ဟာ နှစ်နိုင်ငံကြား သံတမန်ရေးနဲ့ စီးပွားရေးအရ ဆက်ဆံရေးတွေအတွက် ထိုးထားတဲ့ စာချုပ်လည်းဖြစ်ပါတယ်။

### အီရန်ကို အထီးကျန်နိုင်ငံဖြစ်စေဖို့ ရည်ရွယ်

ဒီစာချုပ်ရှိနေခဲ့လို့လည်း အီရန်နဲ့ အမေရိကန်ကြား ဆက်ဆံရေးကို အနည်းငယ် ခံသာနေတာပါ။ အခုလို စာချုပ်ဖျက်သိမ်းလိုက်တာဟာဆိုရင် အီရန်နိုင်ငံကို အထီးကျန်နိုင်ငံဖြစ်စေဖို့ အမေရိကန်ရဲ့ အရွှေ့တစ်ခုလည်း ဖြစ်နိုင်ပါတယ်။

သည်ဟိတ်မြို့မှာ အခြေစိုက်တဲ့ အပြည်ပြည်ဆိုင်ရာ တရားရုံးကို အီရန်နိုင်ငံက တိုင်ကြားခဲ့တဲ့ အကြောင်းအရာကတော့ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေဟာ ၁၉၅၅ ခုနှစ်တုန်းက ချုပ်ဆိုခဲ့တဲ့ ချစ်ကြည်မှု၊ စီးပွားရေးဆက်နွယ်မှုနဲ့ သံတမန်ရေးရာအခွင့်အရေးဆိုင်ရာ စာချုပ်ပါအချက်အလက်တွေကို ချိုးဖောက်ရာရောက်တယ်ဆိုပြီး တိုင်ကြားခဲ့ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ တရားရုံးကတာဝန်ရှိသူတွေဟာ အီရန်နိုင်ငံရဲ့လူထုနဲ့စီးပွားရေးကို အကာအကွယ်ပေးဖို့ နည်းလမ်းတွေ ရှာဖွေကြပါတယ်။

### အရေးစိုက်စရာမလို

နိုင်ငံခြားရေး ဝန်ကြီးမိုက်ပွန်ပီအိုရဲ့ပြောကြားချက်ကလည်း ရှင်းလင်းပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ စာချုပ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်တဲ့အတွက် ဒါတွေကို အရေးစိုက်စရာ မလိုဘူးလို့ ကြေညာခဲ့ပါတယ်။ အီရန်နိုင်ငံကဆိုရင် ဒီစာချုပ်ကို လျစ်လျူရှုထားတာအချိန် အတော်ကြာနေပါပြီလို့ မိုက်ပွန်ပီအိုက နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သတင်းထောက်တွေကို ပြောပါတယ်။ ဒါပေမယ့်လည်း အမေရိကန်ဟာအီရန်နိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ပေးဖို့တော့ ဆက်လက်ကြိုးစားနေဆဲပါလို့ သူက ဆက်ပြောပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ အမေရိကန် နုတ်ထွက်ပြီးတဲ့နောက်ပိုင်း ထရမ့်အစိုးရ အဖွဲ့ဟာ အီရန်အပေါ်ပိတ်ဆို့မှုတွေပြုလုပ်ဖို့ ပြင်ဆင်ပါတော့တယ်။

၂၀၁၅ နျူကလီးယား သဘောတူစာချုပ်ဟာ နျူကလီးယားအစီအစဉ်ကို အီရန်နိုင်ငံအနေနဲ့ ပြန်လည်ပြုလုပ်ခြင်းမရှိအောင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ အီရန်နိုင်ငံတို့ကြား သဘောတူထားတဲ့ စာချုပ်လည်းဖြစ်တယ်။ စာချုပ်ပါ အခြားနိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ဂျာမနီ၊ ရုရှား၊ တရုတ် ၊ ပြင်သစ်နဲ့ ဥရောပသမဂ္ဂတို့ကတော့ အီရန်ဟာ သူလိုက်နာရမယ့်အရာတွေကို ဆက်လက်လိုက်နာဆဲပဲလို့ ပြောပါတယ်။

### အီရန်နိုင်ငံခြားရေးဝန်ကြီးရဲ့ တုံ့ပြန်ချက်

မိုက်ပွန်ပီအိုရဲ့ ကြေညာမှုအပြီးမှာတော့ အီရန်နိုင်ငံခြားရေးဝန်ကြီး မာမွတ်ဂျာဗက်ဇာအစ်ဖ်က ၎င်းရဲ့တွစ်တာစာမျက်နှာပေါ်မှာ အမေရိကန်ကို ဥပဒေချိုးဖောက်တဲ့အစိုးရဆိုပြီး ရေးသားခဲ့ပါတယ်။ သူဟာ အပြည်ပြည်ဆိုင်ရာ တရားရုံးကိုတော့ ချီးကျူးမှုပြုထားပါတယ်။ အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့ အမိန့် ထွက်ပေါ်လာပြီးတဲ့နောက်မှာတော့ အီရန် နိုင်ငံခြားရေးဝန်ကြီးက ပိတ်ဆို့မှုကို စွဲလမ်းနေတဲ့နိုင်ငံအတွက် ရှုံးနိမ့်မှုနဲ့ တရားဥပဒေစိုးမိုးမှုရဲ့ အောင်မြင်မှုတစ်ခုလို့ ပြောလိုက်ပါတယ်။

၁၉၅၅ ခုနှစ် စာချုပ်ကနေ အမေရိကန် နုတ်ထွက်လိုက်တဲ့အတွက် လတ်တလောမှာတော့ ဘာမှအကျိုးသက်ရောက်မှုရှိဦးမှာ မဟုတ်သေးပါဘူး။

> “အပြည်ပြည်ဆိုင်ရာ တရားရုံးဟာ တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပေမယ့် အမိန့်ပေးခိုင်းစေဖို့ရာမှာတော့ အင်အားမရှိပါဘူး။ အရင်အချိန်တွေတုန်းကလည်း အမေရိကန်ရော အီရန်ပါ အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့ ဆုံးဖြတ်ချက်တွေကို လျစ်လျူရှုတာတွေ ရှိဖူး”

နုတ်ထွက်ပြီလို့ ကြေညာပြီးတဲ့နောက် တစ်နှစ်ကြာတဲ့အထိ အဆိုပါ စာချုပ်ဟာ အသက်ဝင်နေဦးမှာပါ။ ဒါကြောင့် အီရန်ဘက်က တရားစွဲဆိုမှုတွေကို ဆက်လက်လုပ်ဆောင်သွားနိုင်ပါတယ်။

### အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို မကြိုက်

အီရန်နဲ့ချုပ်ဆိုထားတဲ့ စာချုပ်ဟာ အတော်လေး ကျယ်ပြန့်ပါတယ်လို့ ဟော့ခ်စတာ တက္ကသိုလ်က အပြည်ပြည်ဆိုင်ရာ တရားဥပဒေ လေ့လာရေး ပါမောက္ခ Julian Ku က ပြောပါတယ်။ “တကယ်တော့ ကျွန်တော်တို့ အီရန်နဲ့ မိတ်ဆွေမဖြစ်တော့တာ အချိန်အတော်ကြာခဲ့ပါပြီ”လို့ သူကဆက်ပြောပါတယ်။ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်က အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့ဆုံးဖြတ်ချက်ကို သဘောမတွေ့ကတည်းက အမေရိကန်ဟာ စာချုပ်ကနေ နုတ်ထွက်ခဲ့တဲ့ ဖြစ်ရပ်မျိုးနှစ်ခုရှိပါတယ်။

ပထမတစ်ခုကတော့ ၁၉၈၄ ခုနှစ် သမ္မတ ရီဂင်လက်ထက် နီကာရာဂွါနဲ့ဖြစ်ရပ်ဖြစ်ပြီး နောက်တစ်ခုကတော့ ၂၀၀၅ ခုနှစ် ဂျော့ဒဗလျူဘုရှ်လက်ထက် မက္ကဆီကိုနဲ့ဖြစ်ရပ်မှာလည်း မကျေနပ်လို့စာချုပ်ကနေ နုတ်ထွက်တာမျိုးရှိခဲ့ပါတယ်။

### ကြားဝင်ဆုံးဖြတ်ပေးလို့မရ

အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှု အငြင်းပွားနေတဲ့ကိစ္စတွေဟာ အမေရိကန်နိုင်ငံသားတွေရဲ့ အမျိုးသားလုံခြုံရေးနဲ့ သက်ဆိုင်မှုရှိတယ်လို့ အမေရိကန်ရှေ့နေတွေက ပြောကြပါတယ်။ ဒါကြောင့်မို့ အပြည်ပြည်ဆိုင်ရာ တရားရုံးဟာ ကြားဝင်ဆုံးဖြတ်ပေးလို့ မရဘူးလို့ပြောကြပါတယ်။

အပြည်ပြည်ဆိုင်ရာ တရားရုံးဟာ တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပေမယ့် အမိန့်ပေးခိုင်းစေဖို့ရာမှာတော့ အင်အားမရှိပါဘူး။ အရင်အချိန်တွေတုန်းကလည်း အမေရိကန်ရော အီရန်ပါ အပြည်ပြည်ဆိုင်ရာ တရားရုံးရဲ့ ဆုံးဖြတ်ချက်တွေကို လျစ်လျူရှုတာတွေ ရှိဖူးပါတယ်။

### စာချုပ်အားလုံးကိုပြန်လည်သုံးသပ်

ဗုဒ္ဓဟူးနေ့က ချမှတ်ခဲ့တဲ့ အမိန့်မှာတော့ တရားသူကြီး၁၅ ဦးဟာ တစ်ညီတစ်ညွတ်တည်း အမိန့်ချခဲ့ပါတယ်။ အဲဒီထဲမှာ အမေရိကန်က တရားသူကြီးတစ်ဦးလည်း ပါဝင်ပါတယ်။ အိမ်ဖြူတော်မှာတော့ အမျိုးသား လုံခြုံရေးအကြံပေး ဂျွန်အာဘော်တွန်ကတော့ အမေရိကန်အနေနဲ့အခြားသော စာချုပ်တွေအားလုံးကို ပြန်လည်သုံးသပ်နေတဲ့ အကြောင်း၊ ဗီယင်နာကွန်ဗင်းရှင်းကိုလည်း ဆက်လက် လိုက်နာမှာမဟုတ်တဲ့အကြောင်း ကြေညာခဲ့ပါတယ်။

### ပြဿနာတွေ ပိုမိုဆိုးရွားစေ

အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးအုပ်စုဥက္ကဋ္ဌနဲ့ အရှေ့အလယ်ပိုင်း၊ မြောက်အမေရိကနဲ့ ပင်လယ်ကွေ့နိုင်ငံများဆိုင်ရာ အိမ်ဖြူတော် ညှိနှိုင်းဆောင်ရွက်သူအဖြစ် ထမ်းဆောင်ခဲ့သူ ရောဘတ်မူလေကတော့ ဘာကြောင့် ထရမ့်အစိုးရဟာ ကမ္ဘာ့ဇာတ်ခုံပေါ်ကနေ အထီးကျန်နိုင်ငံဖြစ်အောင် လုပ်နေရတာလဲလို့ ပြောခဲ့ပါတယ်။

အခြေအနေ တင်းမာမှုတွေ မြင့်တက်လာပြီး သံတမန်ရေးအရ ကျရှုံးမှုတွေဟာ အရှေ့အလယ်ပိုင်း ပြဿနာတွေကို ပိုပြီးဆိုးရွားသွားစေတယ်လို့ သူက ဆက်ပြောပါတယ်။

### ဝေးသထက်ဝေးလာ

တကယ်လို့ သမ္မတထရမ့်သာ ၂၀၁၅ နျူကလီးယား သဘောတူစာချုပ်ဆီကို ပြန်လာမယ်ဆိုရင် သူလည်း အမေရိကန်နဲ့ တစ်ကျော့ပြန်ပြီး ဆွေးနွေးညှိနှိုင်းဖို့ စဉ်းစားမယ်လို့ အီရန်သမ္မတရိုဟာနီက လွန်ခဲ့တဲ့ သီတင်းပတ်ကပဲ ပြောခဲ့ပါတယ်။

ဒါပေမယ့်လည်း ၁၉၅၅ ခုနှစ် စာချုပ်ကနေ နုတ်ထွက်ပြီလို့ ကြေညာလိုက်တဲ့အခါမှာတော့ အီရန်နဲ့ပုံမှန်ဆက်ဆံရေး ပြန်လည်တည်ထောင်မှာလားဆိုတဲ့ အတွေးကိုလုံးဝချေဖျက်လိုက်ပါပြီ။

အီရန်အနေနဲ့ ဆွေးနွေး ညှိနှိုင်းမှုတွေလုပ်ဖို့ အမေရိကန်ဘက်က ဖိအားတွေပေးနေပေမယ့် လက်ရှိအခြေအနေအရတော့ နှစ်နိုင်ငံဟာ နီးကပ်မလာဘဲ ဝေးသထက် ဝေးလာပါတော့တယ်။

**ကိုးကား -နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

ထားဝယ် အောက်တိုဘာ ၅

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဟိုတယ်ထားဝယ်၌ ကျင်းပသည်။**



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးမှူးရုံး ဖွင့်လှစ်ခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာ ကုမ္ပဏီ ၂၄၉ ခု၊ နိုင်ငံခြားကုမ္ပဏီ ၁၉ ခုနှင့် အသင်းနှစ်ခုတို့ကို ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း လုပ်ငန်း ၁၂ ခု အတွက် အတည်ပြုမိန့်ထုတ်ပေးထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်စွာဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ကြိုးစားလုပ်ကိုင်ပေးမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်လိုသူများကို ဆက်လက်ကူညီဆောင်ရွက်ပေးရန်လိုကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်အေးဟန်က ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးဒေါက်တာလွင်သူဇာအေးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးကာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းက တနင်္သာရီတိုင်းဒေသကြီးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကြောင်း စကားဝိုင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တရားလွှတ်တော် တရားသူကြီး၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



## အထက(ကျွန်းစု)တွင် မိုဘိုင်းစာအုပ်များ ငှားရမ်းပေး

**ကျွန်းစု အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အထက(ကျွန်းစု)တွင် မိုဘိုင်းစာအုပ်ငှားရမ်းပေးခြင်းကို အောက်တိုဘာ ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းစာငှားဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အထက(ကျွန်းစု)တွင် မိုဘိုင်းစာအုပ်ငှားရမ်းပေးကာ ကလေးများ၏ အားလပ်သောအချိန်တွင် စာဖတ်ခြင်းဖြင့် အသုံးချစေပြီး စာဖတ်စွမ်းရည်မြင့်မားသလို အမှားနှင့် အမှန်ကို ဝေဖန်သုံးသပ်နိုင်စေရန်ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်နိုင်ရေး ကျောင်းစာကြည့်တိုက်ရှိ တာဝန်ခံဆရာမကို စာအုပ် ၅၀ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ကျွန်းစု (ပြန်/ဆက်)**

## ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးများအား သင်တန်းပေး

**ကျောက်ဆည် အောက်တိုဘာ ၅**

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် တာဝန်ယူဆောင်ရွက်သွားကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးများအား အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းခြင်းဆိုင်ရာသင်တန်းကို မြို့နယ်ကော်မရှင်အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

သင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင် ဦးတိုးအောင်က မဲရုံမှူး၊ ဒုမဲရုံမှူးများအနေဖြင့် မိမိတို့တာဝန်ကျရာ မဲရုံများတွင် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းက သင်တန်းတွင် ပို့ချသည်များကို ကောင်းစွာသင်ယူမှတ်သားသွားကြပြီး လုပ်ငန်းတွင် အမှားအယွင်းကင်းစွာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ လုပ်ငန်းလမ်းညွှန်များ ရွေးကောက်ပွဲဆိုင်ရာပုံစံများ စသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆောင်ရွက်သွားရမည့်လုပ်ငန်းများကို နှစ်ရက်ကြာ ရှင်းလင်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် မြို့မ ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၇ အုပ်စုရှိပြီး မဲရုံ ၂၅ တွင် မဲဆန္ဒရှင်များက ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားလူမျိုးကိုယ်စားလှယ် အား ရွေးချယ်တင်မြှောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်မှ သီးနှံများပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**ကော့မှူး အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ယခုနှစ် မိုးရာသီအတွင်းဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ရွှံ့ခရုများကျခြင်းကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုအတွက် တောင်သူများအနေဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရန် ထောက်ပံ့ငွေပေးအပ်ခဲ့ရာ ကျေးရွာအုပ်စု ငါးစုမှ တောင်သူ ၄၀ ၏ သီးနှံစိုက်ဧက ၁၃၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၃ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှကြည်နှင့် တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နွေစပါးသီးနှံနှင့် မိုးစပါး အခြားနှစ်ရှည်သီးနှံ ရေကြီးနစ်မြုပ်ပျက်စီးခဲ့မှုအပေါ် ထောက်ပံ့ငွေပေးအပ်

**ကသာ အောက်တိုဘာ ၅**

ကသာမြို့နယ်တွင် နွေစပါးနှင့် မိုးစပါး အခြားနှစ်ရှည်သီးနှံများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့မှုအပေါ် ငွေကျပ်သိန်း ၃၂၀၀




ကျော် တောင်သူများအား ထောက်ပံ့ပေးအပ်ခြင်းကို ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ အောက်တိုဘာ ၄ ရက်တွင် ပြုလုပ်ခဲ့သည်။ ကသာမြို့နယ် ၂၀၁၆-၂၀၁၇ ခုနှစ် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော ဧကများနှင့် ၂၀၁၇ -၂၀၁၈ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ် ပျက်စီးဧကများအတွက် ပံ့ပိုးပေးအပ်ခြင်းဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။

ကသာမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးဧကများကို ကျေးရွာအုပ်စု ၁၇ အုပ်စု တောင်သူဦးရေ ၁၀၅၆ ဦး၊ မိုးစပါးပျက်စီးဧက ၂၇၃၂ ဧက၊ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် စုစုပေါင်း ငွေကျပ်၂၇၃၂၀၀၀၀၊ ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးရေကြီးနစ်မြုပ်ပျက်စီးဧကများအတွက် ကသာမြို့နယ် ကျေးရွာ ၁၂ အုပ်စု၊ တောင်သူဦးရေ ၃၉၀၊ နွေစပါး ပျက်စီးဧက ၁၂၀၇ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၃၀၁၇၅၀၀၀၀ အား တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## မုဒုံမြို့နယ် အကြိမ်(၄၀)မြောက် ဆွမ်းဆန်တော်လောင်းလှူ

**မုဒုံ အောက်တိုဘာ ၅**

မုဒုံမြို့လုံးဆိုင်ရာ အကြိမ်(၄၀)မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကွမ်ကသောင်ရပ်ရှိ ကွမ်ကသောင်ဘုန်းတော်ကြီးကျောင်း စုရပ်ပြုလုပ်ပြီး အောက်တိုဘာ ၂ ရက်ပထမနေ့က မြို့မ(၁)နှင့် မြို့မ(၂) ရပ်ကွက်များတွင်လည်းကောင်း၊ ဒုတိယနေ့တွင် မြို့မ(၃)နှင့် မြို့မ(၄)ရပ်ကွက်များတွင် မုဒုံ၊ မော်လမြိုင်၊ ကျိုက်မရော၊ သံဖြူဇရပ်၊ သထုံမြို့နှင့်ပေါင်မြို့နယ်များမှ ကျောင်းပေါင်း ၁၆၃ကျောင်းမှ သံဃာတော် ၆၂၁၅ ပါး၊ သီလရှင်ကျောင်းပေါင်း ၄၉ ကျောင်းမှ သီလရှင် ၉၇၀ တို့ကို မြို့သူမြို့သားများက ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူခဲ့ကြသည်။

ယင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူ အလှူရှင်များက ငွေပဒေသာပင် တန်ဖိုး ငွေကျပ်သိန်း ၅၀ ခန့်နှင့် ဆန်တင်းပေါင်း ၇၂၀၀ ခန့် စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၈၅၀ ခန့်ကို မုဒုံတစ်မြို့လုံး အလှူရှင်များက စုပေါင်းလောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။ **မုဒုံမောင်မောင်**

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပ

**ငဖဲ အောက်တိုဘာ ၅**

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၃ နာရီက ငဖဲမြို့အခြေခံပညာအထက်တန်းကျောင်းရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်အောင်က ဆုံးမဩဝါဒစကားပြောကြားပြီး ဆရာမကြီး အမှူးပြုသော ဆရာ ဆရာမ ၂၉ ဦးအား ကျောင်းသား ကျောင်းသူများက ကန်တော့ချိုးဖြင့် စုပေါင်းဂါရဝပြုကန်တော့ကြပြီး ဆရာ ဆရာမ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ကျောင်းသား ကျောင်းသူများက စုပေါင်းလှူဒါန်းကန်တော့ကြကာ ကန်တော့ခံ ဆရာ ဆရာမများကိုယ်စား ဆရာဦးမျိုးဝင်းနှင့် ဆရာမဒေါ်ပန်ချိုတို့က ဩဝါဒစကား ပြန်လည်ပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ မူခင်းအသိပညာပေး ဟောပြော

**မုဒုံ အောက်တိုဘာ ၅** - မွန်ပြည်နယ် မုဒုံမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးမြအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ကမာဝက်မြို့ ရပ်ကွက်(၂) အထက(ကမာဝက်)ကျောင်းသို့ ယမန်နေ့က ရောက်ရှိလာပြီး အဆိုပါကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ များအား မူခင်းအသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်သော ဖြစ်ပွားနေမှုအခြေအနေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုဖြစ်ပွားလေ့ရှိသော အခြေအနေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သောမှုခင်းများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ် စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်ရှောင်ရန်တို့ကို အသိပညာပေးခဲ့ပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်ဟု သိရသည်။ **မြတ်မွန်**

# နေပြည်တော်တွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်း နည်းစနစ်များဖြင့် ဧက ၁၀၀ စံပြကွက်များ ပြုလုပ်နေ

**နေပြည်တော် အောက်တိုဘာ ၅**



စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စိုက်ပျိုးနည်းစနစ်များကို ဒေသခံတောင်သူများ အကျွမ်းတဝင် အသုံးပြုလာနိုင်စေရေး ရည်ရွယ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြေအသုံးချရေးဦးစီးဌာနက တရုတ်နိုင်ငံအစိုးရပိုင် ယွမ်ထန်းဟွ ဓာတ်မြေဩဇာကုမ္ပဏီ (Yuntianhua Group) နှင့် ပူးပေါင်းကာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၏ စိုက်ပျိုးမြေ ဧက ၁၀၀ တွင် တောင်သူစံပြကွက်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"မိုးရာသီစမယ်ဆိုတော့ တောင်သူတွေ စစ်မှန်တဲ့မြေဩဇာ အသုံးပြုနိုင်ဖို့၊ မြေဩဇာ အသုံးပြုတဲ့အခါမှာ အချိုးအစား မှန်မှန်ကန်ကန်သုံးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ မြေဩဇာစမ်းသပ်မှု စိုက်ကွက်တွေ လုပ်ဆောင်တာဖြစ်ပါတယ်။ မြို့နယ်အလိုက် စိုက်ပျိုးရေးမှာ စိတ်ပါဝင်စားစွာဆောင်ရွက်တဲ့ တောင်သူတွေ၊ ဒီလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မယ့် တောင်သူတွေကို ရွေးချယ်ပြီး ဆောင်ရွက်ခဲ့တာပါ။ မြေဩဇာစမ်းသပ်ကွက်တွေ လုပ်မယ်ဆိုတော့ ဒီကမြေတွေကို နမူနာယူပြီး ဓာတ်ခွဲစမ်းသပ်ခဲ့တယ်။ ဓာတ်ခွဲစမ်းသပ်ပြီးတော့ ရတဲ့အဖြေပေါ်မူတည်ပြီး စပါးအတွက်ဆို မြေဩဇာဘယ်လောက်နှုန်းထား ထည့်ရမယ်ဆိုတာ ညွှန်ကြားပြီးထည့်ရတယ်။ တောင်သူတွေအတွက် မလိုအပ်ဘဲ မြေဩဇာသုံးစွဲတဲ့ ကုန်ကျစရိတ်တွေ သက်သာလာပါမယ်" ဟု နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဦးက စမ်းသပ်ကွက်များနှင့် ပတ်သက်၍ ပြောသည်။

စမ်းသပ်ကွက်များ ပြုလုပ်ခြင်းဖြင့် GAP စိုက်ပျိုးနည်းစနစ်များကို လိုက်နာအသုံးပြုပြီး တောင်သူများအနေဖြင့် မြေဩဇာများကို အချိုးအစားကျကျ အသုံးပြုနိုင်မည်ဖြစ်ပြီး သီးနှံအထွက်လည်း ပိုကောင်းလာမည်ဖြစ်ကြောင်း၊ လက်ရှိစမ်းသပ်ကွက်များမှာ GAP နည်းစနစ်များ အသုံးပြုထားသောကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုလို ပူးပေါင်းဆောင်ရွက်မှု စမ်းသပ်ကွက်များ ပြုလုပ်သည့်အတွက် တောင်သူများ သွင်းအားစုများ အသုံးပြုသည့်အခါ အချိုးအစားကျကျနှင့် အချိန်မှန်မှန် အသုံးပြုလာတတ်သည့် အသိများရရှိ၍ ရှေ့ဆက်စိုက်ပျိုးရေးလောကတွင် ကောင်းမွန်မှုများ ရရှိလာပြီဖြစ်ကြောင်း သိရသည်။

"အခု ပြောင်းစမ်းသပ်ကွက်မှာ နိုက်ထရိုဂျင် ၁၀ ရာခိုင်နှုန်း၊ ဖော့ဖောရပ် ၁၀ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၅ ရာခိုင်နှုန်း ပါဝင်တဲ့ ကွန်ပေါင်းဓာတ်မြေဩဇာ အချိုးကို အသုံးပြုတဲ့အခါမှာ အရင်က အထွက်နှုန်းထက် ပိုကောင်းလာတာကို တွေ့ရပါတယ်။ အရင်ကဆို မြေဩဇာသုံးစွဲမှု အချိန်မမှန်တာ၊ ပင်ခြား၊ တန်းခြား မမှန်တာတွေကြောင့် အထွက်နှုန်း မကောင်းခဲ့ဘူး။ အခုလိုသက်ဆိုင်ရာက စနစ်တကျလာရောက်ပြီး စမ်းသပ်ကွက်တွေလုပ်ပေးတော့ နည်းစနစ်တကျ စိုက်ပျိုးမှုတွေကို တွေ့မြင်ခဲ့ရတယ်။ စိုက်ခင်းတစ်ခင်းအောင်မြင်ဖို့ဆိုရင် မြေဩဇာကျွေးတာ၊ ပုလဲကျွေးတာ၊ မြေကိုထယ်ပေါင်လှန်တာ၊ ပင်ကြားတန်းကြား စိုက်ပျိုးတာကအစ အရေးကြီးပါတယ်။ GAP စိုက်နည်းစနစ် အသုံးပြုမှုတွေကို လေ့လာသိရှိရတဲ့အတွက် ကောင်းကျိုးတွေရရှိမယ်လို့ မျှော်လင့်မိပါတယ်" ဟု လယ်ဝေးမြို့နယ် သဲကောလေးကျေးရွာမှ ပြောင်းစမ်းသပ်ကွက်စိုက်ပျိုးနေသည့် တောင်သူ ဦးကျော်ဌေးခိုင်က ပြောသည်။

သီးနှံမစိုက်ပျိုးမီတွင် ဧက ၁၀၀ မှ မြေနမူနာများကိုယူကာ နေပြည်တော် စိုက်ပျိုးရေး သုတေသနဌာနရှိ မြေဓာတ်ခွဲခန်းတွင် မြေဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဓာတ်ခွဲစမ်းသပ်မှု ရလဒ်များပေါ်မူတည်၍ စံပြစိုက်ပျိုးမည့် သီးနှံများအတွက် ကောင်းမွန်သင့်လျော်သော မြေဩဇာဖော်မြူလာများ ဖော်ထုတ်ကာ အသုံးပြုခဲ့ကြောင်း၊ ဓာတ်ခွဲစမ်းသပ်မှုတွင် သီးနှံအလိုက် အာဟာရဓာတ်လိုအပ်မှုကို ပြန်ထုတ်၍ လိုအပ်သည့် ဓာတ်ကိုအသုံးပြုသည့်အတွက် ကုန်ကျစရိတ် သက်သာကြောင်း၊ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း၊ Yuntianhua Group မှ ထိုဧက ၁၀၀ စံပြကွက်များအတွက် လိုအပ်သော ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဟော်မုန်းဆေးများနှင့် စိုက်ပျိုးရေးနည်းပညာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် မျိုးစေ့၊ မြေထွန်ယက်မှုနှင့် အလုပ်သမားများအတွက် စသည့်ကုန်ကျစရိတ်များကို ကျခံကာ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) နည်းစနစ်များကို အသုံးပြုကာ မြေဩဇာ အချိန်မှန်မှန် အသုံးပြုရေး၊ အချိုးအစား ကိုက်ညီစွာ အသုံးပြုရေး၊ မြေဩဇာအသုံးပြုသည့်အတွက် ပင်ပွားအားကောင်းလာမှု၊ အပင်ရပ်အခြေအနေအပေါ် ဒေတာကိန်းဂဏန်းများ ကောက်ပေးခြင်းစသည့် လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ယွမ်ထန်းဟွ ဓာတ်မြေဩဇာကုမ္ပဏီမှာ တရုတ်နိုင်ငံအစိုးရပိုင်ဖြစ်ပြီး ဖော့ဖောရပ်ကို အဓိကထုတ်လုပ်နေကြောင်း၊ တရုတ်နိုင်ငံတွင် ပထမနေရာတွင်တည်ရှိပြီး ဓာတ်မြေဩဇာထုတ်လုပ်မှုမှာ တစ်နှစ် တန်ချိန် ၁၀ သန်းဖြစ်ရာ ပြည်ပသို့ တင်ပို့မှုမှာ တန်နှစ်သန်းကျော်ဖြစ်ကြောင်း၊ တင်ပို့နေသည့်နိုင်ငံများမှာ အိန္ဒိယ၊ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်၊ ဘရာဇီး၊ ဩစတြေးလျ၊ အာဖရိကနိုင်ငံများကို တင်ပို့နေကြောင်း၊ လက်ရှိမြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာတန် နှစ်သိန်း တင်ပို့နေကြောင်း သိရသည်။

ဧက ၁၀၀ တောင်သူစံပြကွက်တွင် စပါး၊ ဖူးစားပြောင်း၊ မိုးငရုတ်နှင့် မိုးချည်မျှင်ရှည်ဝါတို့ စိုက်ပျိုးပြသထားကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

## ရေကြီးနစ်မြုပ်ပျက်စီးလယ်မြေများတွင် စိုက်ပျိုးပြီး စပါးများအား ဓာတ်မြေဩဇာများ ကြဲပက်

**လှိုင်းဘွဲ့ အောက်တိုဘာ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ စိုက်ပျိုးပြီးမိုးစပါးဧက ၁၄၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် စပါးများစိုက်ပျိုးပြီး မြေဩဇာကြဲပက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက်က ဒိုင်းပြကျေးရွာ၌ ကျင်းပခဲ့သည်။

ရေကြီးနစ်မြုပ်ခဲ့သည့် ထိခိုက်ပျက်စီးခဲ့သော စပါးများအတွက် ပြည်နယ်အစိုးရမှ လိုအပ်သော မျိုးစပါးများကို တောင်သူလယ်သမားများ၏ လက်ဝယ်အရောက် ဖြန့်ဖြူးပေးခြင်းကို ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒိုင်းပြကျေးရွာရှိ လယ်မြေဧက ၂၀ တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်ဝင်း ဦးဆောင်၍ မြေဩဇာကြဲပက်ခြင်းလုပ်ငန်းများကို ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် တင်းနစ်ကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် တင်းနစ်အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တင်းနစ်အားကစားနည်းကို ဝင်ရောက်မယှဉ်ပြိုင်တာ ခုနစ်နှစ် နီးပါးရှိပြီ။ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ဒီပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ကြတာ ဖြစ်ပါတယ်။ အခုဆိုရင် စခန်းသွင်းလေ့ကျင့်တာ လေးလလောက်ရှိပြီ။ ကြံ့ခိုင်မှုကောင်းပြီး လက်ရည်တွေ တက်လာကြပါတယ်။ ပြိုင်ပွဲမှာ ဆုတံဆိပ်မျှော်မှန်းထားပါတယ်" ဟု မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ နည်းပြ ဦးအေးထွန်းက ပြောသည်။

အဆိုပါပြိုင်ပွဲအတွက် လက်ရွေးစင်အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦးတို့သည် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်လေ့ကျင့်ရေးကွင်းတွင် နေ့စဉ်နှစ်ကြိမ် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသင်းလိုက်၊ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ၊ ပြိုင်ပွဲခုနစ်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ တင်းနစ်ကစားသမား ခိုင်ငြိမ်းသာက ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**အေကေလင်း**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၈၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၈၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၅၅/၁၁၀၀ ကျပ် | ၁၁၃၀/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅/၁၀၅၅ ကျပ် | ၁၁၁၅/၁၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၅/၁၁၀၅ ကျပ် | ၁၁၆၅/၁၁၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၈ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၆ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၂၄ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၇ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ ・ ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၅၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ ・ ၂၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၁၁၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄) နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဇာတ်ကားအရေအတွက်များသော်လည်း ဇာတ်ကောင်စရိုက်မစုံလင်သေးဘူးဆိုသည့် အကယ်ဒမီမြင့်မြတ်



**ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးသည့် 'မိထွေး'ဟုအမည်ပေးထားသော ဇာတ်ကားတွင် သရုပ်ဆောင် ခင်သန်းနု၊ ထွန်းအိန္ဒြာဗိုတို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ရာကနေ ပရိသတ်အချစ်တော် မင်းသားတစ်ဦးဖြစ်လာသည့် မြင့်မြတ်၏ အနုပညာသက်တမ်းမှာ ၁၀ နှစ်ကျော်ရှိလာပြီဖြစ်သည်။ သူသည် ၂၀၁၇ ခုနှစ်က 'အမှောင်တွေရွှာချတဲ့ မိုးတိမ်' ရုပ်ရှင်ဇာတ်ကားကြီးတွင် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။ ယခုဆိုလျှင်လည်း ဇာတ်ကားအများဆုံးရိုက်ကူးရသော မင်းသားတစ်လက်လည်း ဖြစ်နေသည်။ သူ၏ အနုပညာအပေါ် ခံယူချက်များနှင့် ဘဝအကြောင်းတချို့ကို မေးမြန်းရာတွင်-**

မေး ။ ။ **နောက်ပိုင်း မြင့်မြတ်ကားတွေ အတွေ့များလာတယ်နော်။**

ဖြေ ။ ။ ကျေးဇူးပါခင်ဗျာ၊ ရုံတင်များလာတာကောင်းပါတယ်။ ဒါပေမယ့် ဟိုဘက်ရုံ ဒီဘက်ရုံ အပြိုင်တွေတိုက်နေတာတော့ မကောင်းဘူးပေါ့။ အမြတ်မဆိုရင် သိပ်အဆင်မပြေနိုင်ဘူးလို့တော့ ကျွန်တော်ထင်တယ်။ ပြီးခဲ့တဲ့တစ်ခေါက်ဆိုရင် ကျွန်တော်ရဲ့ဇာတ်ကားတွေများတယ်။ ဝိညာဉ်စိမ်းရယ်၊ ငဒူရယ်၊ နောက်ဘော်ဘော်ကထော့်ရယ် သုံးကားဆင့်တွေဖြစ်နေတာပေါ့။ အလွန်အန္တရာယ်များပါတယ်။ မကောင်းပါဘူး။ ရုံတင်ပေးတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။

မေး ။ ။ **ဒီအတွက်ကြောင့် နောက်ပိုင်းဇာတ်ကားတွေ ရွေးချယ်ပြီးရိုက်ဖို့စဉ်းစားသွားမှာလား။**

ဖြေ ။ ။ ကျွန်တော် သရုပ်ဆောင်အနေနဲ့လုပ်နိုင်တာတစ်ခုက ကိုယ်ရိုက်မယ့်ဇာတ်လမ်းကို အကောင်းဆုံးရွေးချယ်ပြီးရိုက်ဖို့ ဒါတစ်မျိုးတည်းရှိတာပေါ့နော်။ ခုတောင် ကျွန်တော် ဒါရိုက်တာပွင့်သိဂီဇော်နဲ့ ရည်းစားရွေးနည်းဆိုတဲ့ဇာတ်လေး ရိုက်နေပါတယ်။ကျွန်တော်ရယ်၊ ဖွေးဖွေးရယ်။ အဲဒီမှာက ဒေါသနည်းနည်းကြီးတယ်ပေါ့နော်။ ဒေါသကြီးတယ်ပေါ့၊ လူတော့ လူငယ်ပါပဲ။ ဝုန်းဒိုင်းကြဲတတ်တဲ့ ကာရိုက်တာမျိုးပါ။ ကိုယ့်အတွက်ကတော့ ကာရိုက်တာအစုံမရိုက်ဖူးသေးဘူးဗျ၊ ကျွန်တော်ကတော့ အစုံရိုက်တယ်။ ဟာသလည်းရိုက်တယ်။ ဒရာမာလည်း ရိုက်တယ်။ အက်ရှင်လည်းရိုက်တယ်။ ဇာတ်ပေါ်မူတည်တာပေါ့။ ဇာတ်ကကောင်းတယ်ဆိုရင် ရိုက်ပါတယ်။ **ကိုလင်း**

# 'မက်ဆေ့ချ်' သီချင်းကြောင့် ပရိသတ်အချစ်တော်ဖြစ်လာသည့် ဂျူဝဲလ်၏ ထပ်မံဖန်တီးမည့် ဂီတပုံစံများ

**ဂီတလောကမှာ ပြိုင်ပွဲကနေတက်လာသည့် အအောင်မြင်ဆုံးဂီတသမားများဟုဆိုပါလျှင် "သံစဉ်များနဲ့ ကမ္ဘာ"ဂီတပြိုင်ပွဲမှ အဆိုတော်များဟုပြောရမည်။ အရည်အချင်းပြည့်ဝပြီး တစ်ဦးဆိုလျှင်ဆိုသလောက် ပရိသတ်လက်ခံအားပေးမှု၊ ဂီတဖန်တီးမှု အားကောင်းကြသည် ။ ထိုထဲမှာဖြင့် ဂျူဝဲလ်ဟုအမည်ရသည့် တက်သစ်စအမျိုးသမီးတေးသံရှင်တစ်ဦးလည်း ပါဝင်သည်။ 'မက်ဆေ့ချ်' သီချင်းကြောင့် ပရိသတ်ပိုသတိထားမိလာသည့် ဂျူဝဲလ်က ထပ်မံဖန်တီးတင်ပြလာမည့် ဂီတပုံစံများနှင့်ပတ်သက်ပြီး ယခုလိုပြောကြားခဲ့သည်။**



မေး - **ညီမရဲ့ဂီတလောကကိုစပြီးအခြေချဖြစ်ခဲ့တာလေးသိပါရစေ။**

ဖြေ - ညီမက သီချင်းတွေဆိုလာတာ၊ ငါးတန်းကျောင်းသူဘဝကတည်းကပါ၊ အဲ့ကနေ ကိုးတန်းလောက်မှာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်ပြိုင်ဖြစ်ခဲ့တယ်၊ တဖြည်းဖြည်းနဲ့ သီချင်းဆိုရတာကို ပိုသဘောကျလာတယ်၊ဒါနဲ့ ၂၀၁၂ မှာ မယ်လိုဒီဝေါ ပြိုင်ခဲ့တယ်၊ ပြိုင်ပွဲက ပြီးသွားတော့လည်း ညီမ ၂၀၁၄ ခုနှစ်ကစပြီး Cover Soung တွေ ဆိုဖြစ်လာခဲ့တယ်။

မေး - **ဂီတနဲ့ပတ်သက်ပြီး ဂျူဝဲလ်ဘာတွေလုပ်ဖြစ်နေလဲ။**

ဖြေ - ပုံမှန်ဆိုနေကျ အလွမ်းသီချင်းလေးတွေပဲတွေ့ရမှာပါ၊ ဘဝဆန်တဲ့ သီချင်းလေးတွေပေါ့နော်။ အဲဒီပုံစံလေးတွေ အများဆုံးတွေ့ရမှာပါ၊ ဆိုနေကျပုံစံမဟုတ်တဲ့ သံစဉ်လေးတွေလည်း ပရိသတ်ခံစားရမှာပါ ၊ သီချင်းတွေကို တေးရေး ကိုဖိုးကာ၊ ကျားပေါက်၊ ကီးရှိန်း ၊ ကလုံး၊ ဝေကြီး ရေးပေးထားတဲ့ သီချင်းတွေပါမယ်၊ အများဆုံး မိတ်ဆွေတေးရေးဆရာတွေရေးပေးတဲ့ သီချင်းတွေပါမယ်။ သီချင်းခေါင်းစဉ်တော့ မပေးဖြစ်သေးဘူး စဉ်းစားနေတုန်းပါ၊ တကယ်လို့ ပေးဖြစ်ရင် ကိုယ့်အနီးအနားမှာရှိတဲ့သူကို ရည်ရွယ်ပြီးပေးဖြစ်မှာပါ။

မေး - **သီချင်းတွေဖန်တီးတဲ့အခါ ကိုယ့်အကြိုက်လား၊ ပရိသတ်အကြိုက်ကို လိုက်ဖန်တီးမှာလား။**

ဖြေ - ညီမက မယ်လိုဒီဝေါ မပြိုင်ခင်ကတည်းက သီချင်းဆိုတာဆိုတော့ ကိုယ့်စိတ်ကြိုက်သီချင်းလေးတွေ အရင်ကတည်းက ရွေးဆိုတတ်တယ်၊ ကိုယ်နဲ့လိုက်ဖက်မယ်၊ ကိုယ်ကြိုက်တယ်ဆိုတာလေးတွေ ဆိုဖြစ်တယ်၊ အဲ့တော့ အခုထွက်မယ့် စီးရီးမှာလည်း ကိုယ်ကြိုက်တာကို လုပ်ထားတယ်၊ သီချင်းက ကိုယ်ကြိုက်မှ ပရိသတ်ကလည်းကြိုက်မှာလေ၊ ကိုယ်တိုင်ကခံစားလို့မရရင်တော့ ပရိသတ်ကိုလည်း ချမပြတော့ပါဘူး။

မေး - **အခုနောက်ပိုင်းညီမတို့လို လူငယ်အဆိုတော်တွေအများစုက သီချင်းတစ်ပုဒ်ထွက်လာရင် ၊ သံစဉ်တွေက ဆင်တူယိုးမှားလေး ဖြစ်နေကြတယ်၊ အဲ့ထဲမှာ ကိုယ့်သီချင်းတွေကရော ဘယ်လိုကွဲထွက်နိုင်မလဲ။**

ဖြေ - ဟုတ်ပါတယ်၊ နောက်ပိုင်းသီချင်းတွေက သံစဉ်တွေ ခပ်ဆင်ဆင်လေးတွေတွေ့လာရတယ်၊ ညီမဆိုလည်း ပရိသတ်က အလွမ်းသီချင်းတွေဆိုရင် ဂျူဝဲလ်ဆိုပြီးလို့ သတ်မှတ်ပေးကြတယ် ၊ ဒီနောက်ပိုင်းလုပ်မယ့် အခွေမှာတော့ ပရိသတ်ကို ကွဲပြားတဲ့ ရသတစ်မျိုးမဟုတ်၊ တစ်မျိုးတော့ ခံစားရအောင် ဆိုထားပါတယ်။

မေး - **အဆိုတော် တော်တော်များများက နောက်ပိုင်းသီချင်းဖန်တီးမှုအားတွေနည်းလာတယ်၊ ထပ်မပြနိုင်တော့ဘူး၊ ဘာကြောင့်လို့ထင်လဲ။**

ဖြေ - ညီမအနေနဲ့တော့ မပြောချင်ပေမယ့် တချို့ဆိုလည်း သူတို့အခက်အခဲရှိလို့သာ ထပ်မဖန်တီးနိုင်တာလည်း ဖြစ်နိုင်တာပေါ့နော်၊ ညီမကိုလည်း ပြောကြတယ်၊ ညီမက Solo မှာ ဝေးတယ်လို့ ပြောကြတာပေါ့၊ ဝေးတယ်ဆိုတာကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်နေရတာလည်း ပါပါတယ်၊ ဒါကြောင့်မို့ မလုပ်ဖြစ်သေးတာပါ ၊ ပြီးတော့ ညီမက ဂီတပညာကို လေ့လာနေဆဲပါ။

**ကိုလင်း**

## ဘန်အက်ဖလက် မိသားစုကို ကျေးဇူးတင်ကြောင်းဆို

အော်စကာဆုရှင်ဖြစ်တဲ့ ရုပ်ရှင်မင်းသား ဘန်အက်ဖလက်ဟာ အရက်စွဲလမ်းမှုကြောင့် ပြန်လည်ထူထောင်ရေးစင်တာမှာ ရက် ၄၀ ကြာ နေခဲ့ရပါတယ်။ အခု ကုသမှုပြီးလို့ စင်တာကနေ ထွက်ခွာခွင့်ရတဲ့အခါမှာတော့ သူ့မိသားစုကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါတယ်။ သူဟာ ပြန်လည်ထူထောင်ရေးစင်တာကနေ ထွက်ခွာခွင့်ရပြီးဖြစ်ပေမယ့် အပြင်လူနာအနေနဲ့တော့ ဆက်လက်ကုသနေရဦးမှာပါ။

"ကျွန်တော်ဟာ မိသားစု၊ သူငယ်ချင်း၊ ပရိသတ်တွေဆီက ကူညီပံ့ပိုးမှုတွေကို ကျွန်တော်ပြောနိုင်တာထက် အများကြီး ပိုပြီးရခဲ့ပါတယ်" လို့ အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ခွန်အားတွေ အများကြီးရခဲ့ပါတယ်လို့ ဘန်အက်ဖလက်က ပြောပါတယ်။ သူဟာ ရုပ်ရှင်မင်းသမီး ဂျနီဖာဂါနာနဲ့ ၂၀၁၇ ဧပြီလမှာ ကွာရှင်းခဲ့ပါတယ်။ သူတို့နှစ်ဦးမှာ ကလေးသုံးဦးရှိတဲ့အပြင် ကွာရှင်းပြီးပေမယ့် သူငယ်ချင်းတွေလိုပဲ ဆက်နေကြတုန်းပါပဲ။ ပြန်လည်ထူထောင်ရေးစင်တာကို ဘန်အက်ဖလက်သွားရာမှာလည်း ဇနီးဟောင်းဖြစ်သူ ဂျနီဖာဂါနာ ကိုယ်တိုင်လိုက်ပို့ပေးခဲ့တာပါ။

ဘန်အက်ဖလက်ဟာ ပြန်လည်ထူထောင်ရေးစင်တာကို သုံးကြိမ်တိုင်တိုင် တက်ရောက်ဖူးပြီး အရက်ဖြတ်ဖို့ဆိုတာ လွယ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မိသားစုနဲ့ ကိုယ်ကိုယ်တိုင်အတွက် အရက်စွဲလမ်းမှုကို ဖြတ်တောက်နိုင်ဖို့ ကြိုးစားနေပါတယ်လို့ အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ **ဘီဘီစီ**



• • • • • • ချိုး • • • • • •

## ကင်ကာဒစ်ရှန်၏ သက်တော်စောင့် ဒေါ်လာ ၆ ဒသမ ၁ သန်းတန် ဓားပြမှုအတွက် တရားစွဲခံရ

ကင်ကာဒစ်ရှန်ဟာ လွန်ခဲ့တဲ့နှစ်နှစ်က ပါရီမြို့မှာ ဓားပြတိုက်ခံရတဲ့အမှုအတွက် သူ အာမခံထားတဲ့ ကုမ္ပဏီဟာ သူ့ရဲ့ သက်တော်စောင့်ကို တရားစွဲဆိုခဲ့ပါတယ်။ ဒေါ်လာ ၆ ဒသမ ၁ သန်း ဓားပြတိုက်ခံရတာဖြစ်ပြီး အဲဒီအတွက် သက်တော်စောင့်ကို တရားစွဲဆိုခဲ့တာပါ။ ပက်စကယ်ဒူဗီရာနဲ့ သူ့ရဲ့ကုမ္ပဏီဟာ ကင်ကာဒစ်ရှန်ရဲ့ နေအိမ်ကို စောင့်ရှောက်ရတာဖြစ်ပြီး သူ့ရဲ့ပေါ့ဆမှုကြောင့် ဓားပြတိုက်ခံရတာဆိုပြီး တရားစွဲဆိုခဲ့တာဖြစ်တယ်လို့ AIG အာမခံကုမ္ပဏီက ပြောပါတယ်။

၂၀၁၆ ခုနှစ် Paris Fashion Week အတွက် ပါရီမြို့ကို ရောက်ရှိနေစဉ် ကင်ကာဒစ်ရှန် ဓားပြတိုက်ခံရတာပဲ ဖြစ်တယ်။ အခိုးခံရတဲ့ ရတနာပစ္စည်းတွေရဲ့တန်ဖိုးကို AIG အာမခံကုမ္ပဏီက ပေးလျော်ခဲ့ပါတယ်။ ရဲအရာရှိဝတ်စုံဝတ်ဆင်ထားတဲ့ လူငါးဦးဟာ ကင်ကာဒစ်ရှန်ကို သေနတ်ဖြင့်ထောက်ကာ ဓားပြတိုက်ခဲ့ပြီးနောက် ရေချိုးကန်အတွင်းမှာ သော့ပိတ်ထားရစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကင်ကာဒစ်ရှန်ရဲ့သက်တော်စောင့် ဒူဗီရာဟာ ကင်ရဲ့ညီမနှစ်ဦးဖြစ်တဲ့ ကန်ဒယ်နဲ့ ကော့တ်နီတို့နဲ့အတူ နိုက်ကလပ်ကို ရောက်နေခဲ့ပါတယ်။ ကင်ကို တစ်ယောက်တည်း အိမ်မှာထားပြီး ထွက်သွားတဲ့အတွက် အာမခံကုမ္ပဏီက သက်တော်စောင့်ကို တာဝန်ပေါ့လျော့မှုနဲ့ တရားစွဲဆိုခဲ့ပါတယ်။

မစ္စတာ ဒူဗီရာနဲ့ သူ့ရဲ့ကုမ္ပဏီဟာ အခြားသော နာမည်ကြီးတွေအတွက်လည်း သက်တော်စောင့်အဖြစ် လုပ်ကိုင်ပေးခဲ့တာတွေ ရှိပါတယ်။ ကင်ဟာ ရုပ်သံရှိုးပွဲတွေကတစ်ဆင့် အောင်မြင်ကြီးပွားလာသူလည်း ဖြစ်ပါတယ်။ **ဘီဘီစီ**

# Empario Armani မှ ဆောင်းဦးနှင့် ဆောင်းရာသီဖက်ရှင်ဒီဇိုင်းအသစ်များကို အနုပညာရှင်များ ဝတ်ဆင်ပြသပွဲပြုလုပ်

ကမ္ဘာကျော်အမှတ်တံဆိပ်ဖြစ်သည့် Empario Armani မှဆောင်းဦးနှင့် ဆောင်းရာသီဖက်ရှင်ဒီဇိုင်းအသစ်များ သရုပ်ပြသပွဲကို ယမန်နေ့ ညနေက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါပွဲသို့ ဝိုင်းစုခိုင်သိန်း၊ ခါရာ၊ Bella မြတ်သီရိလွင်၊ မေဆူးမောင်တို့အပြင် အနုပညာရှင်များလည်းတက်ရောက်ခဲ့ကြောင်းသိရသည်။ "ကျွန်တော်တို့ Empario Armani ကို ၂၀၁၇ ဒီဇင်ဘာလကစပြီး Sule Square မှာ စဖွင့်ခဲ့ပြီးတော့ အမျိုးသားဝတ်၊ အမျိုးသမီးဝတ် နောက်ဆုံးပေါ် အဝတ်အထည်တွေ၊ ဖိနပ်တွေ နဲ့ နာရီ၊ အိတ် အသုံးအဆောင်ပစ္စည်းတွေကိုလည်း ရောင်းချပေးပါတယ်။ ဒီနေ့ပွဲကတော့ ဆောင်းရာသီဖက်ရှင်ကို အထူးအနေနဲ့မိတ်ဆက်တာပါ။ ဆောင်းရာသီနဲ့ လိုက်ဖက်တဲ့ အဖြူ ၊ မီးခိုးရောင်၊ အနက်ရောင်၊ နက်ပြာရောင်၊ အစိမ်း၊ အပြာ၊ ရွှေရောင်၊ ကြေးရောင်၊ သတ္တုရောင်လေးတွေကို ဝတ်ဆင်သူတွေ စိတ်ဝင်စားနိုင်မယ့် ပုံစံဒီဇိုင်းလေးတွေ ဖန်တီးထားပါတယ်။ အီတလီနိုင်ငံက နာမည်ကြီးဒီဇိုင်နာတွေက ချုပ်လုပ်ဖန်တီးထားပြီး အီတလီကနေတိုက်ရိုက်တင်သွင်းထားတာပါ။ ကျွန်တော်တို့နိုင်ငံနဲ့



လိုက်ဖက်မယ့် ပေါ့ပေါ့ပါးပါးဒီဇိုင်းလေးတွေ၊ သိုးမွေးထည်လေးတွေ ထုတ်ပေးထားပါတယ်"ဟု ကိုကျော်ကျော်မိုး(CEO)ကပြောသည်။ **ကိုလင်း** ■

## မြိတ်မြို့၌ ကျောင်းသား ကျောင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်း

**မြိတ် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလက (၅) ကန်ဖျားကျောင်း၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကျောင်းနေအရွယ်မှစ၍ ဆိုင်ကယ်စီးသည့်အခါတိုင်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းတတ်သည့် အလေ့အကျင့်ဖြစ်စေရန် မြိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၃ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပြီး ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်က အမှာစကားပြောကြားပြီး အမှတ် (၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကိုကိုက ယာဉ်မတော်တဆမှုများတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်း၍ ထိခိုက်ဒဏ်ရာရရှိတတ်ပုံနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောကာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဦးခင်မောင်လွင်က ဆိုင်ကယ်စီးစဉ် ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျဆောင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဖြစ်ပွားတတ်သော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များအကြောင်းကို ပညာပေးဟောပြောသည်။

ထို့နောက် ဆိုင်ကယ်စီးဦးထုပ်အလှူရှင်များကိုယ်စား အလှူရှင် ဦးပြည်စိုးက ဦးထုပ်များလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူရှင်များဖြစ်ကြသော ဦးပြည်စိုး၊ ဦးရာဂျူးနှင့် ဦးကျော်ဆန်းမိုးတို့က ဆိုင်ကယ်စီးဦးထုပ် ၂၀၃ လုံးကို ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တစ်လုံးစီပေးအပ်လှူဒါန်းခဲ့ကာ အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**ခိုင်ထူး (မြန်/ဆက်)**



## မင်းပြားမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေး

**မင်းပြား အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မောင်မောင်မြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်နှင့်ပတ်သက်သော သိကောင်းစရာများ၊ လျှပ်စစ်နှင့်ဆက်စပ်သော အရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာသို့ သတင်းပေးပို့ပြီး လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့်သာ ပြုလုပ်ကြရန်၊ နိုင်ငံ့ခေတ်မီ ဖွံ့ဖြိုးရေးအတွက် အဓိကကျသော လျှပ်စစ်မီးကို နိုင်ငံနှင့်တစ်ဝန်း ဖြန့်ဖြူးပေးနေသည့် အခြေအနေနှင့် လျှပ်စစ်ကိုသုံးစွဲရာ၌ ဝန်နှင့်အားမျှတအောင် သုံးစွဲကြရန်၊ လေလွင့် ပျောက်ဆုံးမှုမရှိအောင်ဂရုစိုက်ကြရန် စသည်တို့ကို သင်တန်းကျောင်းမှ ကျောင်းအုပ် ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ပညာပေးလက်ကမ်းစာစောင် များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေးဟောပြောပွဲပြုလုပ်

**ထန်တလန် အောက်တိုဘာ ၅**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာအောင်အောင်ဘို၊ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာဇေယျာအောင်နှင့် သူနာပြုဆရာမများလိုက်ပါသောအဖွဲ့သည် အမှတ်(၃) ရက်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီ အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲတွင် သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာအောင်အောင်ဘိုက သွားနှင့်ခံတွင်းဆိုင်ရာများအကြောင်းကို ဟောပြောရာတွင် သွားပိုးစားခြင်းမှကင်းဝေးစေရန် မည်သို့ထိန်းသိမ်းစားသောက်ရမည်ကိုရှင်းပြ၍ စနစ်တကျသွားတိုက်နည်းများကို သရုပ်ပြကာကျောင်းသားများအား လက်တွေ့ပြုလုပ်စေပြီး ဆုများချီးမြှင့်ပေးသည်။ ထို့နောက် ဒေါက်တာဇေယျာအောင်(အထွေထွေ)၊ ဒေါက်တာအောင်အောင်ဘို(သွားနှင့်ခံတွင်း)၊ အထက်တန်းသူနာပြုဆရာမများနှင့် ကျန်းမာရေးကြီးကြပ်-၂ တို့က ကျောင်းသားများအား သွားနှင့်ခံတွင်းစစ်ဆေးခြင်း၊ သွားနုတ်ပေးခြင်း၊ ကုသမှုပေးခြင်းနှင့် ဆက်စပ်ရောဂါများအတွက် ဆေးဝါးများပေးခြင်းကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး မွန်းလွဲပိုင်းတွင် အာဟာရဒါနပြုကာ ကျောင်းသားများအား စနစ်မှန်သွားတိုက်နည်းကို လက်တွေ့ပြုလုပ်စေခဲ့ကြောင်း ဒေါက်တာအောင်အောင်ဘို(သွားနှင့်ခံတွင်း)ထံမှသိရသည်။

**မြို့နယ် ( မြန်/ဆက် )**



# စကားလုံးနှင့် အနက်အဓိပ္ပာယ် (၃)

**မောင်ခင်မင် (ဓနုဖြူ)**

"စကားလုံးတစ်လုံးမှာ အနက်အဓိပ္ပာယ်တစ်ခုတည်းသာ ရှိရမယ်ဆိုရင် အနက်အဓိပ္ပာယ် တစ်မျိုးသုံးတိုင်း စကားလုံးသစ်တစ်လုံး သတ်မှတ်ရမှာမို့ စကားလုံးတွေ အများကြီးဖြစ်လာပြီး မှတ်ရသားရခက်တဲ့ ဘာသာစကား ဖြစ်သွားလိမ့်မယ်လို့ ပညာရှင်တွေ ပြောကြတယ်"

"ဟုတ်ကဲ့ပါ"

"သမီး စဉ်းစားကြည့်လေ။ နေ့စဉ်နဲ့အမျှ လူမှုကိစ္စတွေ အသစ်အသစ် တိုးပွားနေတာ မဟုတ်လား။ လူမှုကိစ္စအသစ်တစ်မျိုး ပေါ်တိုင်းသာ စကားလုံးသစ်ထွင်စတမ်းဆိုရင် လူမှုကိစ္စအသစ်တွေ ထောင်နဲ့သောင်းနဲ့ချီပြီး တိုးပွားနေတဲ့ ခုခေတ်မှာ စကားလုံးသစ်တွေ ထောင်နဲ့သောင်းနဲ့ချီပြီး ထွင်နေရမှာပေါ့။ အဲဒီလိုဆိုရင် အဲဒီဘာသာစကားဟာ စကားလုံးတွေအများကြီးနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး သုံးရခက်မှာပေါ့ကွယ်"

"ဟုတ်တယ်နော် ဘဘ"

"ဒီတော့ လူမှုကိစ္စအသစ်ပေါ်တိုင်း စကားလုံးသစ်မထွင်တော့ဘဲ ရှိပြီးသား စကားလုံးကိုပဲ အနက်အဓိပ္ပာယ်သစ်နဲ့ ချဲ့ထွင်သုံးလာတဲ့အခါ စကားလုံး ချဲ့ထွင်သုံးပုံကို သာဓကလေးတွေ သိချင်ပါတယ် ဘဘ"

"ပထမတစ်မျိုးက စကားတစ်လုံးကို တခြားစကားလုံးတွေနဲ့ တွဲသုံးတဲ့အခါ တွဲသုံးပုံတွေ ရွေ့သွားတဲ့အတွက် အဓိပ္ပာယ်တွေလည်း ကျယ်လာတာမျိုးပေါ့။ သိလွယ်တဲ့ သာဓကတစ်ခုပြမယ်။ 'စာ' ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို သမီးနားလည်သလို ပြောစမ်းပါ"

" 'စာ' ဆိုတာ စာလုံး၊ အက္ခရာပါ ဘဘ"

"ဟုတ်တယ်။ ဒါဟာ 'စာ' ရဲ့အရင်းခံအနက်ပဲ။ အက္ခရာစာလုံးတွေကို စာလို့ခေါ်တယ်။ နံရံပေါ်မှာ စာတွေ တွေ့တယ်လို့ပြောရင် စာလုံးတွေကို ပြောတာပဲ။ အင်္ဂလိပ်စာ၊ တရုတ်စာလို့ပြောရင် အရင်းခံက အင်္ဂလိပ်အက္ခရာ၊ တရုတ်အက္ခရာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ… 'ဦးပုညရဲ့စာ၊ ပီမိုးနင်းရဲ့စာ' လို့ ပြောရင်ကော။ 'စာ' ရဲ့အဓိပ္ပာယ်က ဘာလဲ"

"ဦးပုညတို့၊ ပီမိုးနင်းတို့ရေးတဲ့ ကဗျာတို့၊ ဝတ္ထုတို့၊ ဆောင်းပါးတို့ကို ပြောတာပါ ဘဘ"

"ဟုတ်တယ်။ အဲဒီ 'စာ' က 'စာလုံးအက္ခရာ' မကတော့ဘဲ အနက်ကျယ်သွားတာပေါ့။ 'စာရေးဆရာ' လို့ ပြောရင်လည်း အက္ခရာတွေကို ရေးနေတဲ့သူလို့ သာမန်ဆိုလိုတာ မဟုတ်ဘဲ ဝတ္ထု၊ ကဗျာ စတဲ့ စာပေတွေ ရေးဖွဲ့တဲ့သူ ဖြစ်သွားတာပေါ့။ 'စာ' ရဲ့အနက် ကျယ်လာတာလေ"

"ဟုတ်ကဲ့ပါ"

"အမေ့ဆီ စာရေးလိုက်တယ်။ သူငယ်ချင်းဆီက စာရောက်လာတယ် ဆိုရင်ကော"

"ပေးစာပါ ဘဘ၊ အကြောင်းကိစ္စတစ်ခုခုကို ရေးပြီး စာတိုက်ကပို့တဲ့ စာမျိုးပါ"

"ခုခေတ်ဆိုရင်တော့ အီးမေးနဲ့ စာပို့လိုက်တယ်လို့ သုံးတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"ကျောင်းမှာ စာသင်တယ်။ စာကြိုးစားတယ်။ စာကျက်နေတယ် ဆိုတာတွေကရော"

"ကျောင်းမှာသင်တဲ့ပညာရပ်ကို ပြောတာပါ ဘဘ။ အဲဒီပညာရပ်တွေ ရေးထားတဲ့ စာတွေပါ"

"ဟုတ်ပါတယ်။ စာတော်တယ်ဆိုတာ ပညာတော်တယ်လို့ ဆိုလိုတာပါပဲ။ စာမေးပွဲဆိုတာလည်း ပညာရပ်ကို စစ်မေးတဲ့ ပွဲပါပဲ"

"နားလည်ပါပြီ ဘဘ"

"ကျန်သေးတယ်။ ရှေးက စာဆိုတွေ စာစပ်တယ်၊ စာချိုးတယ်ဆိုတာကရော"

"ကဗျာစပ်တာပါ ဘဘ။ အပြိုင်အဆိုင် ကဗျာစပ်တာတို့၊ အကြောင်းအရာတစ်ခုခုအကြောင်းကို ရုတ်တရက် ကဗျာဖွဲ့တာတို့လည်း ပါပါတယ်"

"ဟုတ်ပါတယ်။ ဒီနေရာမှာတော့ 'စာ' ဆိုတာ 'ကဗျာ' ကို ဆိုလိုတာပေါ့"

"နားလည်ပါပြီ ဘဘ။ ဩော်…ဘဘ။ တချို့ကလေးတွေရဲ့ကိုယ်မှာ မွေးကတည်းက စာပါတယ်ဆိုတာကော အဲဒီအဓိပ္ပာယ်ပဲလား"

"သမီးက တော်တော်မေးတတ်တယ်။ ဟုတ်တယ်လေ။ မွေးကတည်းက ကလေးရဲ့ပေါင်တို့၊ ချက်တို့မှာ ပါလာတဲ့ ခပ်ရိုင်းရိုင်း အမှတ်ကလေးကိုလည်း စာလုံးနဲ့တူလို့ စာလို့ ခေါ်တာပေါ့"

"နားလည်ပါပြီ ဘဘ"

"သမီး ပိုပြီးရှင်းသွားအောင် စကားတစ်လုံး ထပ်စဉ်းစားကြည့်ကြမယ်။ 'မျက်နှာ' ဆိုတာ ဘာလို့ ခေါ်တာလဲသမီး၊ ဘာအဓိပ္ပာယ်လဲ"

"မျက်နှာဆိုတာ သမီးတို့ရဲ့မျက်စိတို့၊ နှာခေါင်းတို့၊ ပါးစပ်တို့ရှိနေတဲ့ ဒီအပိုင်းကြီးကို ခေါ်တာမဟုတ်လား ဘဘ (လက်ဖြင့် ကိုင်ပြသည်)"

"ဟုတ်ပဲ့။ လူ့ကိုယ်ခန္ဓာမှာ အတင့်တယ်ဆုံး၊ ရုပ်ပြအကောင်းဆုံး ဒီအစိတ်အပိုင်းကို မျက်နှာလို့ခေါ်တာပေါ့။ 'မျက်စိ' ရယ် 'နှာခေါင်း' ရယ်ပေါင်းပြီး 'မျက်နှာ' လို့ ခေါ်တာလို့ ကုန်းဘောင်ခေတ်က ဝေါဟာရတ္ထပကာသနီဆိုတဲ့ ဝေါဟာရအဖွင့်ကျမ်းမှာ ဖွင့်ဆိုထားတယ်ကွဲ့"

"ဩော်။ ဟုတ်ကဲ့ပါ"

"ကဲ… ဒီတော့ 'မျက်နှာ' ဆိုတဲ့ မြန်မာစကားဟာ ဘဘတို့လူတွေရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းကို စပြီးခေါ်တဲ့ မြန်မာစကားပေါ့။ ပြီးတော့ လူမဟုတ်တဲ့ တခြားသတ္တဝါတွေရဲ့ အဲဒီအစိတ်အပိုင်းမျိုးတွေကိုလည်း မျက်နှာလို့ပဲ ခေါ်တယ်လေ။ 'ခွေးမျက်နှာ၊ မြင်းမျက်နှာ၊ မျောက်မျက်နှာ' စသည်ဖြင့်ပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါက 'မျက်နှာ' ရဲ့ အရင်းခံအဓိပ္ပာယ်ပေါ့။ ကဲ… နောက်တစ်ဆင့် စဉ်းစားကြည့်ရအောင်။ စာအုပ်တစ်အုပ်မှာပါတဲ့ စာရွက်တွေရဲ့ အပြန့်လိုက်၊ အပြားလိုက်ရှိနေတဲ့ တစ်ဖက်စီကိုရော ဘယ်လိုခေါ်သလဲ"

"ဩော်… 'စာမျက်နှာ' လို့ ခေါ်ပါတယ် ဘဘ"

"ဘာဖြစ်လို့ စာမျက်နှာလို့ ခေါ်တယ်ထင်သလဲ"

"မျက်နှာလို အပြန့်လိုက်၊ အပြင်လိုက်ရှိနေတာမို့ စာမျက်နှာလို့ ခေါ်တာ ထင်ပါတယ်"

"ဟုတ်ပါတယ်။ တို့လူတွေရဲ့ မျက်နှာလို အပြန့်လိုက်ကြီးရှိနေလို့ စာမျက်နှာခေါ်တာပေါ့။ ရှိပြီးသားစကားလုံးက အသုံးရွေ့သွားတဲ့ သဘောပါပဲ"

"ဟုတ်ကဲ့။ ဒါဆိုရင် 'မြေမျက်နှာပြင်' တို့ 'ရေမျက်နှာပြင်' တို့လည်း အဲဒီသဘောပဲပေါ့နော် ဘဘ"

"ဟုတ်ပါတယ်။ တီးရတဲ့တူရိယာဖြစ်တဲ့ စည်ကြီးမှာလည်း စည်မျက်နှာရှိတယ် မဟုတ်လား။ စည်မျက်နှာကဲ့သို့ ညီညာသောမြေပြင်လို့ စာတွေထဲမှာ ရေးတယ်"

"ဟုတ်ကဲ့ပါ"

"ကဲ… ဒီတော့ 'မျက်နှာ' ဆိုတဲ့စကားလုံးကို ပထမဆုံးလူရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းအဖြစ် သုံးရာက တခြားသတ္တဝါတွေရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းကို ခေါ်တဲ့စကားလည်း ဖြစ်သွားတယ်။ အသုံးရွေ့သွားတာပေါ့။ အဲဒီကမှတစ်ခါ သက်မဲ့ဖြစ်တဲ့ 'မြေ၊ ရေ၊ စည်' စတဲ့ပစ္စည်းတွေရဲ့ အစိတ်အပိုင်းအဖြစ် အသုံးရွေ့သွားပြန်ရော"

"ဘာ… ဘဘ။ အရပ်လေးမျက်နှာဆိုတာကရော အဲဒီအဓိပ္ပာယ်ပဲလား"

"ပြောမယ်၊ ပြောမယ်။ အကောင်အထည် မမြင်ရပေမယ့် အပြန့်လိုက် အပြင်ကြီးလို့ စိတ်ထဲမှာထင်ရတဲ့ အဲဒီ 'လားရာဘက်' ခေါ်မှာပေါ့။ အဲဒီ လားရာဘက်တွေကိုလည်း မျက်နှာလို့ပဲ ခေါ်ပြန်ရော။ အကောင်အထည်ရှိတဲ့ အရာဝတ္ထုတွေကနေ နောက်တစ်ဆင့် အကောင်အထည်မရှိတဲ့ ဒြပ်မဲ့သဘောတွေဆီကို အသုံးရွေ့တာပေါ့ကွယ်။ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့၊ အရှေ့မျက်နှာ၊ တောင်မျက်နှာတို့ဆိုတဲ့ အရပ်မျက်နှာတွေအပါအဝင် 'မျက်နှာ' ဆိုတဲ့ စကားတစ်လုံးဟာ အသုံးရွေ့ပြီး အနက်အဓိပ္ပာယ် ကျယ်ပြန့်သွားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"တစ်ခုတော့ရှိတယ်။ သူတို့အသုံးရွေ့တယ်ဆိုပေမယ့် ထပ်တူထပ်မျှတော့ မတူဘူးပေါ့ကွယ်။ မျက်နှာလို အပြားလိုက်၊ အပြန့်လိုက်၊ ဖြစ်နေတာချင်းတူလို့ ကျန်တာတွေကို မျက်နှာလို့ခေါ်တာပေါ့။ မြေမျက်နှာတို့၊ အရပ်မျက်နှာတို့မှာ မျက်နှာလို မျက်စိတွေ၊ နှာခေါင်းတွေတော့ ဘယ်ပါပါ့မလဲ"

"ဟုတ်ကဲ့။ နားလည်ပါပြီ ဘဘ"

"မျက်နှာအသုံးက ဒါတင်မကသေးဘူး။ ဆိုင်ရာ၊ နေရာကျတော့ ဆက်ပြောသေးတာပေါ့။ အခုဘဘပြောတဲ့ 'စာ' တို့၊ 'မျက်နှာ' တို့က အကောင်အထည်ထင်ရှားတဲ့ဟာတွေမဟုတ်လား။ အကောင်အထည်မဟုတ်တဲ့ သဘောတရားတွေကို ခေါ်တဲ့ စကားလုံးတွေမှာလည်း အဲဒီလိုအသုံးရွေ့တာတွေ ရှိတယ်"

"ပြောပြပါ ဘဘ"

"ယုံတယ်၊ ယုံကြည်တယ်ဆိုတဲ့စကားကို သမီးသိမှာပေါ့"

"သိပါတယ် ဘဘ"

"အဲဒီ 'ယုံတယ်' ဆိုတဲ့စကားကို သုံးကြည့်ရအောင်။ 'ကျွန်တော်သည် ဗုဒ္ဓဘာသာကို ယုံသည်' လို့ပြောရင် ဘာအဓိပ္ပာယ်လဲ"

"ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့ အဓိပ္ပာယ်ပါ ဘဘ"

"ကဲ။ 'ကျွန်တော် တစ္ဆေသရဲကို ယုံတယ်' လို့ ပြောရင်ကော။ တစ္ဆေသရဲ သက်ဝင်ယုံကြည်တာပဲလား"

"မဟုတ်ပါဘူး ဘဘ။ တစ္ဆေသရဲရှိတယ်လို့ လက်ခံတာကို ဆိုလိုတာပါ"

"ဟုတ်တယ်။ ကဲ 'ဘဘက သမီးကို ယုံတယ်' လို့ ပြောရင်ကော"

"ဘဘက သမီးကို စိတ်ချတယ်လို့ ပြောတာထင်ပါတယ်"

"ဟုတ်ပါတယ်။ ကဲ ဒီတော့ 'ယုံ' ဆိုတဲ့ စကားတစ်လုံးဟာ သုံးတဲ့နေရာလိုက်ပြီး သက်ဝင်ယုံကြည်တာ။ ရှိတယ်လို့ လက်ခံတာ။ စိတ်ချတာ။ အဓိပ္ပာယ်အမျိုးမျိုး ဖြစ်နိုင်တယ်မဟုတ်လား။ ကဲ… နားကြရအောင်"

**"အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့၊ အရှေ့မျက်နှာ၊ တောင်မျက်နှာတို့ဆိုတဲ့ အရပ်မျက်နှာတွေအပါအဝင် 'မျက်နှာ' ဆိုတဲ့ စကားတစ်လုံးဟာ အသုံးရွေ့ပြီး အနက်အဓိပ္ပာယ် ကျယ်ပြန့်သွားတာပေါ့ကွယ်"**

# ဆရာ ဆရာမ အရည်အသွေးနှင့် စိတ်ဓာတ်မြင့်မားခြင်းသည်သာ ပညာရေးစနစ်၏အသက်ပါ

........... ဒေါက်တာ ခိုင်မြဲ (ပညာရေး) ...........

ပညာရေးစနစ်အကြောင်းပြောလျှင် ပညာရေးဥပဒေ၊ မူဝါဒများနှင့်အညီ ပညာရေးအမျိုးအစားများ၊ ကျောင်းပညာရေးနယ်ပယ်များနှင့် ပညာရေးအဆင့်များကို အဓိကပုံဖော်ကြပေသည်။ သင်တန်းအမျိုးအစား၊ သင်တန်းအလိုက် အရည်အချင်းသတ်မှတ်မှုများနှင့် သင်ရိုးညွှန်းတမ်းများကို ဖော်ညွှန်းကြသည်။ ဝန်ကြီးဌာန၊ ရုံးဌာန၊ အဖွဲ့အစည်းများ၊ ကျောင်းများနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ဆောင်ရွက်ကြသည်။ ပညာရေးစီမံကိန်းများ ရေးဆွဲချမှတ်လျက် ပညာရေးအစီအစဉ်များနှင့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ မည်သို့ပင်ဆိုစေ ကျယ်ဝန်းသော ပညာရေးစနစ်တွင် အဓိကအကျဆုံးဇာတ်ဆောင်များမှာ ဆရာ ဆရာမများသာ ဖြစ်ပေသည်။ ထို့ကြောင့် ပညာရေးစနစ် ရှင်သန်ရေးမှာ ဆရာ ဆရာမများအပေါ် မူတည်နေသဖြင့် ပညာရေးပညာရှင် ဆရာကြီး ဒေါက်တာ သန်းဦးက "ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ" ဟု မိန့်ဆိုခဲ့ပါသည်။

**ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်မှုက ပထမ**

ဆရာ ဆရာမများ ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်ရန်အတွက် အဓိကမောင်းနှင်အားမှာ မိမိတာဝန်ယူသည့် ဘာသာရပ်ကို ကျွမ်းကျင်လိုသည့် စိတ်ဓာတ် (Disciplined Mind) ဖြစ်ပေသည်။ ထိုစိတ်ဓာတ်ကို အရင်းခံ၍ ဆောင်ရွက်ရမည့် အလုပ်မှာ သင်ကြားရင်း သင်ယူ၊ သင်ယူရင်း သင်ကြား (Learning to Teach, Teaching to Learn) ဖြစ်သည်။ မိမိတက်ရောက်ခဲ့သော သင်တန်း၊ ကျောင်းများမှ ရရှိခဲ့သည်များအပေါ် ထပ်လောင်း၍ အလုင်ခွင်တွင် ဝါရင့် ဆရာ ဆရာမများထံမှ နည်းနာယူခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးခြင်းတို့အပြင် ကိုယ်တိုင် ရှာဖွေလေ့လာခြင်းတို့ဖြစ်သည်။ ယနေ့ကာလတွင် လေ့လာရန် စာအုပ်စာတမ်းများသာမက အင်တာနက်မှ အလွယ်တကူ ရှာဖွေလေ့လာနိုင်ကြပြီ ဖြစ်ပေသည်။ ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်ရန်အတွက် မိမိလေ့လာထားသော သင်ခန်းစာများကို ပြန်လည်သုံးသပ်ဆန်းစစ်ကြရန် လိုအပ်ပါသည်။ ကျောင်းသားများကို သင်ကြားပို့ချရာတွင် တစ်ကြိမ်ထက်တစ်ကြိမ် ပိုကောင်းအောင် သင်ကြားရန် အားထုတ်ခြင်းသည်ပင် ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်စေသည့် အချက်တစ်ချက် ဖြစ်ပါသည်။ ထိုအချက်အပေါ်တွင် ပညာရေးဦးသျှောင် ဆရာကြီးဒေါက်တာမောင်ဒီက ဆရာတစ်ယောက်ပိုင်ဆိုင်ရမည့် အောက်ဖော်ပြပါ အရည်အသွေး (၃)ရပ်ကို ကျင့်သုံးလိုက်နာရန် မှာကြားခဲ့ပါသည်။ ယင်းတို့မှာ -

(၁) စာအုပ်စာတမ်းရှာဖွေလေ့လာမှု (Literature Survey)၊
(၂) လေ့လာထားသည်များကို ပြန်လည်သုံးသပ်ဆန်းစစ်မှု (Critical Review) နှင့်
(၃) အကောင်းဆုံး သင်ကြားတင်ပြနိုင်မှု(Excellent Presentation) တို့ဖြစ်ပေသည်။

**သင်ကြားနည်းအယူအဆ မှန်ကန်မှုနှင့် လက်တွေ့ကျင့်သုံးနိုင်မှုက ပဓာန**

ယခုအခါတွင် ဆရာ ဆရာမများအနေဖြင့် "ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေ" ဟူသော သင်ကြားအကဲဖြတ်မှုများမှ ရုန်းထွက်လျက် တွေးခေါ်မြော်မြင်မှုကို အခြေခံသော စာသင်ခန်းများကို ဖော်ဆောင်နေပြီ ဖြစ်ပေသည်။ သင်ကြားမှု၊သင်ယူမှုဖြစ်စဉ်တွင် ဆရာ ဆရာမများပုံစံကို မိမိတစ်ဦးတည်းက ဦးဆောင်နေသော အနေအထားမှ အတန်းထဲရှိ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်မှုကို စေ့ဆော်သည့် ပံ့ပိုးကူညီသူများ (Facilitators) အဖြစ် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါနည်းနာများကို သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းတို့မှာ -

(၁) ဘာသာရပ်အကြောင်းအရာများကို ကြောင်းကျိုးညီစွာ အစီအစဉ်တကျ ချိတ်ဆက်ခြင်း၊
(၂) ဘာသာရပ်ဖွဲ့စည်းမှုနှင့် ယူဆချက်များကို အံဝင်ခွင်ကျပေးစွမ်းနိုင်ခြင်း၊
(၃) သင်ရိုးရည်ရွယ်ချက်များကို မျက်ခြည်မပြတ်ခြင်း၊
(၄) ဘာသာရပ်အကြောင်းအရာကို မိမိပင်ကိုယ်ဉာဏ်ဖြင့် သင်ယူသူများ သိရှိခံစားနားလည်စေရန် ယခင်ရရှိပြီး ဗဟုသုတများနှင့် ဆက်စပ်ပေးခြင်း၊
(၅) ဆရာ ဆရာမက သင်ယူသူများကို လွယ်ကူရိုးရှင်းသော မေးခွန်းများ မေးမြန်းခြင်း၊ အားပေးနှစ်သိမ့်ခြင်းနှင့် ၎င်းတို့ အဖြေအပေါ်တွင် ထပ်ဆောင်းမေးခွန်းများမေးမြန်းခြင်း။

**ဆရာ ဆရာမများ၏ ကျောင်းသားများအပေါ် ထားရှိရမည့် သဘောထားသည်သာ အဓိက**

ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြင့်မားရေးအတွက် ထားရှိရမည့် သဘောထားများနှင့် မျှော်လင့်ချက်များမှာ အထူးအရေးပါလှပေသည်။ မြန်မာ့လူ့ဘောင်တွင် ဆရာ ဆရာမများသည် တပည့်များကို သားသမီးများကဲ့သို့ ချစ်မြတ်နိုးကြပါသည်။ ဆရာ ဆရာမများက ကျောင်းသားတစ်ဦးစီအပေါ် ၎င်းတို့စွမ်းရည်အပေါ်မူတည်၍ နောင်တစ်ချိန်ချိန်တွင် မည်သည့်နေရာတွင် မည်သို့အဆင့်မြင့်မြင့် အောင်မြင်မည်ကို မြော်တွေးပြီး စာသင်သည့် အလုပ်ကို ဂုဏ်ယူစွာ ကြိုးစားဆောင်ရွက်ကြပါသည်။ တစ်ချိန်ချိန်တွင် ပွင့်လန်းလာတော့မည့် ပန်းကလေးများကို ပြေးမြင်လျက် မျှော်လင့်ခြင်းပီတိပိုင်ရှင် ဥယျာဉ်မှူးတို့၏ခံစားချက်မျိုးနှင့် အပင်ပန်းခံဆောင်ရွက်ကြသဖြင့် မောသော်လည်း မမောသူများ ဖြစ်ကြပေသည်။

**အတုယူ၊ မှီငြမ်းသင့်သော စင်ကာပူနိုင်ငံ၏ ပညာရေးမူဘောင်၏ မျှော်မှန်းချက်(၄)ရပ်**

၂၁ ရာစုသစ်အစ ၂၀၀၄ ခုနှစ်တွင် စင်ကာပူနိုင်ငံက မျှော်မှန်းချက် (၄)ရပ်ပါဝင်သော ပညာရေးမူဘောင်တစ်ခုကို ဖော်ပြပါအတိုင်း ချမှတ်ခဲ့ပါသည်။ ယင်းတို့မှာ-

မျှော်မှန်းချက်(၁) အစဉ်လေ့လာသင်ယူသော နိုင်ငံဖြစ်ရန် တွေးခေါ်မြော်မြင်မှုပေးသော ကျောင်းများဖြစ်စေရန်၊
(The Vision for a Nation: Thinking Schools, Learning Nation)

မျှော်မှန်းချက်(၂) ကျောင်းသားများ ပိုမိုသင်ယူနိုင်ရေးအတွက် သင်ကြားပို့ချမှုကို လျှော့ချရန်၊
(The Vision for Education: Teach Less, Learn More)

မျှော်မှန်းချက်(၃) မူဝါဒပိုင်းချမှတ်ရာတွင် ကြပ်မတ်၊ ကျောင်းများ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ဖြေလျှော့၊ ရည်မှန်းချက်ရလဒ်ရရှိစေရေး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရန်၊
(The Vision for Implementation: Tight, Loose, Tight)

မျှော်မှန်းချက်(၄) ကျောင်းများကို ကျွမ်းကျင်ပညာရှင်အစုအဖွဲ့များအဖြစ် ပူးပေါင်းဆောင်ရွက်မှုပုံစံဖြစ်စေရန်။
(The Vision for Collaboration: Professional Learning Communities)

**လမ်းညွှန်စကား ရင်ဝယ်ထား၍ အနာဂတ်မြန်မာနိုင်ငံအတွက် ထုဆစ်ကြရာ ပန်းပုဆရာ**

ဆရာ ဆရာမများကို မြန်မာ့ပညာရေးတွင်သာမက နိုင်ငံတကာ ပညာရေးတွင်ပါ အမျိုးမျိုးတင်စားခေါ်ဝေါ်လျက်ရှိပေသည်။ အနာဂတ်ပန်းပျိုးလက်ပိုင်ရှင် **ဥယျာဉ်မှူးများ**အဖြစ် လည်းကောင်း၊ လှပသော ယမင်းရုပ်များကို ထုဆစ်ကြသော **ပန်းပုဆရာများ**အဖြစ် လည်းကောင်း၊ ကလေးတစ်ယောက်စီ၏ သဘာဝအရ လိုအပ်သလို ပုံဖော်ရာတွင် စိတ်ကူးစိတ်သန်းများစွာဖြင့် ရသမြောက်စွာ ပေါင်းစပ်ဆောင်ရွက်ရသဖြင့် **အနုပညာရှင်များ**အဖြစ်လည်းကောင်း၊ ကလေးတစ်ယောက်စီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ချမှတ်ဆောင်ရွက်ရသဖြင့် **ကုသရေးဆရာဝန်များ**အဖြစ် လည်းကောင်း၊ စာသင်ခန်းအတွင်း တွေ့ကြုံရသည့် ပြဿနာ၊ အခက်အခဲများကို စနစ်တကျဖြေရှင်းရသဖြင့် **ကျွမ်းကျင်ပညာရှင်များ**အဖြစ်လည်းကောင်း၊ တစ်ဖက်တွင် စာသင်၍ တစ်ဖက်တွင် သင်ယူမှုရလဒ်၊ သင်ကြားရေးစနစ်၊ သင်ရိုးနှင့် စစ်ဆေးအကဲဖြတ်မှုများကို လေ့လာဆန်းစစ်ပိုင်းခြားစိတ်ဖြာ ဆောင်ရွက်ရသဖြင့် **သုတေသနပညာရှင်များ**အဖြစ် လည်းကောင်း၊ အမျိုးမျိုးဥပမာတင်စားလျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် အရေးကြီးသည်မှာ မိမိကျောင်းသားများကို ပန်းပုဆရာများအနေဖြင့် မည်သို့သော အရာများဖြစ်အောင် ထုဆစ်ကြမည်နည်း ဟူသောအချက် ဖြစ်ပေသည်။ ယင်းအပေါ်တွင် ၂၀၁၇ ခုနှစ်၊ အခြေခံပညာနှီးနှောပွဲတွင် **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်တတ်သော၊ တီထွင်ကြံဆနိုင်သော၊ အစဉ်လေ့လာသင်ယူသော လူသားကောင်းများမွေးထုတ်ပေးရန်"** ဟူ၍ ဖြစ်ပါသည်။ ထိုအချက်ကို ပြည့်စုံအောင်ဆောင်ရွက်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် သင်ကြားမှု၊ သင်ယူမှုဖြစ်စဉ်အတွင်း ကျောင်းသားများကို သင်ရိုးပါ သင်ခန်းစာများသာမက သင်ရိုးပြင်ပ လှုပ်ရှားမှုများပါ အားထည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထင်ရှားလှပေသည်။ စာသင်ခန်းယဉ်ကျေးမှုများကိုလည်း ကျောင်းသားများ၏ တွေးခေါ်မြော်မြင်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် ကိုယ်တိုင်လေ့လာသင်ယူလိုမှုကို စေ့ဆော်သည့် အနေအထားဖြစ်စေရန် ပြောင်းလဲကြရမည်ဖြစ်သည်။

**နိုင်ငံသားကောင်းများ ရှိရမည့် စိတ်အခြေခံ(၅)ခု ဖွံ့ဖြိုးစေမှု လုံ့လပြုကြစို့**

၂၀၀၇ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ Dr. Howard Gardner က အနာဂတ်အတွက် စိတ်အခြေခံ (၅)သွယ် (Five Minds For the Future) ရေးသားတင်ပြခဲ့သည်။ ထိုစိတ်အခြေခံ(၅)ခုမှာ-

(၁) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု (The Disciplined Mind)၊
(၂) ပေါင်းစပ်ညှိနှိုင်းတတ်မှု (The Synthesizing Mind)၊
(၃) တီထွင်ကြံဆနိုင်မှု (The Creating Mind)၊
(၄) လူသားအချင်းချင်း ရိုသေလေးစား၊ တန်ဖိုးထားမှု (The Respectful Mind) နှင့်
(၅) လူ့ကျင့်ဝတ်ကို လိုက်နာကျင့်သုံးမှု (The Ethical Mind) တို့ဖြစ်ပေသည်။

ဆရာ ဆရာမများသည် အထက်ဖော်ပြပါ စိတ်အခြေခံများကို ကိုယ်တိုင်လည်း မွေးမြူကြရမည် ဖြစ်သကဲ့သို့ ကျောင်းသားများကိုလည်း လမ်းညွှန်လေ့ကျင့်ကြရမည်ဖြစ်ပေသည်။ မြန်မာ့လူ့ဘောင်တွင် အနန္တော၊ အနန္တငါးပါးတွင် ထည့်သွင်းလျက် အထူးတန်ဖိုးထား၊ လေးစားခံရသော ဆရာ ဆရာမများသည် ကျောင်းသားကျောင်းသူများအတွက် စံနမူနာကောင်းအောင် နေထိုင်၊ ပြောဆို၊ ကျင့်ကြံကြရမည်ဖြစ်ပေသည်။ သမားရိုးကျပုံစံမှ ရုန်းထွက်လျက် ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို မျက်ခြည်မပြတ် အားထည့်ဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိရန် လေ့လာသင်ယူကြရမည်ဖြစ်သည်။ ဒီမိုကရေစီ အလေ့အကျင့်ကို ချစ်မြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆရာလုပ်ငန်းကို ချစ်မြတ်နိုးစွာရွေးချယ်ထားသူများဖြစ်သဖြင့် မိမိလုပ်ငန်းကို တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဤသို့သော ဆရာ ဆရာမစွမ်းပကားများဖြင့် အမိနိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုတင်ပြအပ်ပါသတည်း။ ။

> ယခုအခါတွင် ဆရာ ဆရာမများအနေဖြင့် "ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေ" ဟူသော သင်ကြားအကဲဖြတ်မှုများမှ ရုန်းထွက်လျက် တွေးခေါ်မြော်မြင်မှုကို အခြေခံသော စာသင်ခန်းများကို ဖော်ဆောင်နေပြီ ဖြစ်ပေသည်။ သင်ကြားမှု၊သင်ယူမှုဖြစ်စဉ်တွင် ဆရာ ဆရာမများပုံစံကို မိမိတစ်ဦးတည်းက ဦးဆောင်နေသော အနေအထားမှ အတန်းထဲရှိ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်မှုကို စေ့ဆော်သည့် ပံ့ပိုးကူညီသူများ (Facilitators) အဖြစ် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။



## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲနှင့် မြတ်ဆရာပူဇော်ပွဲ ဘိုကလေး၌ ကျင်းပ

**ဘိုကလေး အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အသက် ၇၀ နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့သဝဏ်လွှာကို မြို့နယ် ပညာရေးမှူး ဦးစသိန်းကျော်က ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဘိုကလေးမြို့နယ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက် ၇၀ နှစ်ပြည့် အငြိမ်းစားဆရာကြီး၊ဆရာမကြီး ၁၀၀ အား ကန်တော့လက်ဆောင်များဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၅၂။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ် ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အခန်း(၁၉)**

**ဘဏ္ဍာတော်ကြေးနှင့် အခြားအခွန်အခများ**

၅၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် နှစ်စဉ်ထုတ်လုပ်ရရှိသည့် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်းထိပ် စုစုပေါင်းတန်ဖိုး သို့မဟုတ် ပမာဏ (Gross value or volume) ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ငွေသားဖြင့်ဖြစ်စေ၊ ရေနံဖြင့် ဖြစ်စေ (in cash or in kind) ဘဏ္ဍာတော်ကြေး (Royalty) အဖြစ် နိုင်ငံတော်ဘဏ္ဍာငွေသို့ နှစ်စဉ်ပေးဆောင်ရမည်။

၅၆။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်အတွက် အခကြေးငွေများ၊ ငှားရမ်းခ၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၅၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ရေနံလုပ်ငန်းတစ်ရပ်ရပ်မှရရှိသည့် ဝင်ငွေအပေါ် သတ်မှတ်ထားသော အခွန်အကောက်များကို တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေနှင့်အညီ ပေးဆောင်ရမည်။

(ခ) ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်နှင့်လုပ်ငန်းလိုင်စင်အတွက် အခကြေးငွေများ၊ ငှားရမ်းခ၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာနသို့ ပေးဆောင်ရမည်။

၅၈။ လုပ်ငန်းလိုင်စင်ရရှိသူသည် နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် နိုင်ငံခြားသားဖြစ်ပါက ဘဏ္ဍာတော်ကြေးနှင့် အခြားအခကြေးငွေများကို ငွေသားဖြင့် ပေးဆောင်ရလျှင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ပေးဆောင်ရမည်။

**အခန်း(၂၀)**

**အထွေထွေ**

၅၉။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေ၏မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ ကမ်းလွန်ဒေသတွင်ဖြစ်စေ တွေ့ရှိရသော ရေနံသယံဇာတသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

၆၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၆၁။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ကိုင်ခွင့်ပြုထားသည့် ရေနံလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များပါ သဘောတူညီချက်များနှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိစေရမည်။ ယင်းပဋိညာဉ်စာချုပ်ပါ သက်တမ်းကုန်ဆုံးပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၆၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်။ သို့ရာတွင် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ ( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅/၂၀၁၇) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၆၃။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်နိုင်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိဆောင်ရွက်ရမည်။

၆၄။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားအလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားရေး ရန်ပုံငွေ (Training Fund)ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိပြီး လေ့ကျင့်သင်ကြားရေးအတွက် စီမံဆောင်ရွက်ရမည်။

၆၅။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်း၏ ထူးခြားသော လုပ်ငန်းသဘာဝနှင့် နိုင်ငံတကာ ရေနံလုပ်ငန်းကျင့်စဉ်များနှင့်အညီ ကမ်းလွန်ဒေသ ရေနံလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများအား အထောက်အကူပြုဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အလှည့်ကျ အလုပ်အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တစ်နေ့ ပုံမှန်အလုပ်ချိန်၊ အလုပ်လုပ်ရက်၊ အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်နားရက်၊ ခံစားခွင့်တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၆၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၆၇။ ၁၉၅၇ ခုနှစ် ရေနံဓာတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု ) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ဒေါင်းဆင်ဒရုန်းဝေဒနာရှိနေသူများအား အမြင်အာရုံ စမ်းသပ်စစ်ဆေးပေး

ရန်ကုန် အောက်တိုဘာ ၅

**မျိုးရိုးဗီဇချွတ်ယွင်းမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် တွေးတောဆင်ခြင်နိုင်မှု ဉာဏ်ရည်နှောင့်နှေးပြီး သီးခြားသွင်ပြင်လက္ခဏာ ဖြစ်ပေါ်စေသော ဒေါင်းဆင်ဒရုန်း ဝေဒနာရှိသူများကို ရန်ကုန်မျက်စိဆေးရုံကြီးတွင် အောက်တိုဘာ ၁ ရက်မှ ၁၂ ရက်အထိ အမြင်အာရုံစမ်းသပ်ပေးခြင်းကို အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။**

လူ့ခန္ဓာကိုယ်ရှိ ခရိုမိုဇုန်း(၂၁) ဖောက်ပြန်မှုကြောင့် ဒေါင်းဆင်ဒရုန်းကို ဖြစ်ပေါ်စေပြီး ဉာဏ်ရည်နှောင့်နှေးသူများကို မွေးဖွားတတ်သော်လည်း ဒေါင်းဆင်ဒရုန်းတိုင်းသည် ဉာဏ်ရည်မသန်စွမ်းသူများလည်း မဟုတ်ကြောင်း သိရသည်။

“ဒေါင်းဆင်ဒရုန်း ကလေးတွေကို World Down Syndrome Awareness Month အထိမ်းအမှတ်အနေနဲ့ အမြင်အာရုံ စစ်ဆေးစမ်းသပ်မှု လုပ်ဆောင်ပေးတာပါ။ အောက်တိုဘာ ၁၂ ရက် အထိ စမ်းသပ်ပေးနေပါတယ်။ တစ်ရက်ကို ၁၅ ဦးနှုန်းနဲ့ ကြည့်ပေးပေးမယ့် မနေ့နဲ့ ဒီနေ့တော့ ဦးရေ ၂၀ အထိ စမ်းသပ်ပေးပါတယ်။ စမ်းသပ်ပေးမယ့် ၁၅၀ ထက် ကျော်သွားနိုင်ပါတယ်။ မျက်စိဆရာဝန်နဲ့ ကလေးမျက်စိအထူးကု ဆရာဝန်က စစ်ဆေးပေးပြီးတော့ မျက်မှန်လိုရင် ကူညီပေးတယ်။ ခွဲဖို့လိုအပ်ရင် မိဘတွေနဲ့ မြန်မာဒေါင်းဆင်ဒရုန်းအသင်းကို အသိပေးပါတယ်။ ဒါက ပထမဆုံးအကြိမ်အဖြစ် ဆေးရုံက ဆရာဝန်တွေက ဆောင်ရွက်ပေးတာပါ။ ကလေးတွေက အရွယ်စုံတဲ့အတွက် ပြင်ပ OPT မှာဆိုရင် စိတ်ကျဉ်းကျပ်ပြီး နေထိုင်မှုအခက်အခဲ ရှိနိုင်တာကြောင့် မျက်စိဆေးရုံကြီးမှာ သီးသန့်ဆရာဝန်တွေနဲ့ စမ်းသပ်ဆောင်ရွက်ပေးနေပါတယ်” ဟု မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ သက်သက်စိန်က ပြောသည်။

ရန်ကုန်မြို့အပါအဝင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်မှ အမြင်အာရုံနည်းသူများ လာရောက်ပြသ စမ်းသပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဉာဏ်ရည်နှောင့်နှေးသော ကလေးများကို နံနက် ၉ နာရီမှ ညနေ ၁၂ နာရီအထိ ဒေါင်းဆင်ဒရုန်းရှိသူများကို အခမဲ့စမ်းသပ်ပေးလျက်ရှိပြီး မြန်မာ ဒေါင်းဆင်ဒရုန်းအသင်းနှင့် မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ရာ မိဘများကို မည်သို့စောင့်ရှောက်ရမည်ကို မသိသူများလည်း ရှိသည့်အတွက် မြန်မာ ဒေါင်းဆင်ဒရုန်းအသင်းမှ ထိုကလေးများ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီးဖြစ်စေရန် တွေ့ဆုံပေးခြင်း၊ မိမိကိုယ်တိုင် အားကိုးနေထိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းမနေနိုင်သော ကလေးငယ်များကိုလည်း စုစည်း၍ အသင်းအဖွဲ့ပြုလုပ်ခြင်းနှင့် ဒေါင်းဆင်ဒရုန်းကလေးတို့မှာ မွေးရာပါရောဂါတစ်ခုစီ ပါလာတတ်၍ ပုံမှန်ကလေးငယ်များကဲ့သို့ ပြုစုစောင့်ရှောက်မှုမတူသည့်အတွက် မိဘများကို အသိပညာပေးခြင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခွဲစိတ်ရန်လိုအပ်ပါက မျက်စိအထူးကုဆေးရုံကြီးမှ လိုအပ်သော အကူအညီများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။



**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

---


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/6736 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အမည်မှန် ဖြစ်ကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ချမ်းမြ(၂)၊ မန္တလေးလမ်းနေ ကျွန်မ ဒေါ်သန်းခင် ၇/ညလပ(နိုင်)၀၈၇၈၄၄၏ ဖခင်အမည်မှန်မှာ ဦးဂန္ဓယားဖြစ်၍ အရပ်အခေါ် ဦးဂန်ဂရားဟု ခေါ်ပြီး အမည်မှာ ဦးဂန္ဓယား(ခ)ဦးဂံဂရားဖြစ်ပါသည်။

ကျွန်မ၏ဖခင်အား ဦးဂန္ဓယား(ခ)ဦးဂန်ဂရားဟု အမည်(၂)မျိုး ခေါ်ဆိုကြသော်လည်း လူတစ်ဦးတည်း မှန်ကန်ပါသည်။

ကျွန်မ၏ဖခင်အမည်မှာ ဦးဂန္ဓယား(ခ)ဦးဂန်ဂရားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

**ဦးသက်နိုင်ဦး** နှင့် **ဦးမောင်မောင်**

**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၄၈၀ နေ ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၁၉-၂-၂၀၁၆)ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၉ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စူးစမ်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှစက်တင်ဘာလ) တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မည့် ဆင်ကန် ရေစစ်ကန်မှ ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်သို့ ပိုက်လိုင်းသွယ်တန်းခြင်း(၂×၄၅၅၀'×၆"Ø ) လုပ်ငန်းအတွက် HDPE (6" Ø) ပိုက် ( ပေ ၉၁၀၀)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်းပြီး ၅-၁၁-၂၀၁၈ ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၅-၁၀-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်-** ဖုန်း-၀၉-၅၀၄၇၃၂၄၊၀၉-၄၀၄၇၅၁၂၅၀၊၀၉-၄၀၁၈၆၇၂၇၇

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## သွင်းကုန်ကြေညာလွှာ မူရင်းစာရွက်များ ပျောက်ဆုံးကြောင်း

FMI AIR LTD FMI CENTRE No.380 BOGYOKE AUNG SAN ROAD ,PABEDAN T/S, YANGON အမည်ဖြင့် သွင်းကုန်ကြေညာလွှာ အမှတ်စဉ် 187881 Dated 06 JAN 2015 မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်-ကိုတိုးလင်းအောင်**

**ဖုန်း-၀၉-၈၇၄၃၁၂၄၂၇၊ ၀၉-၈၆၉၉၁၄၀၇၄**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ ဥယျာဉ်စု အမက စတုတ္ထတန်းမှ မောင်မင်းထက်ကျော်၏ဖခင် ဦးစိုးမြင့်၏ အမည်မှန်မှာ ဦးစိုးမြင့်ဝင်း ၉/ပမန(နိုင်)၁၄၂၂၆၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာနေ မောင်စည်သူ၏ ဖခင်အမည်မှန်မှာ မောင်လုံးတော့(ခ)ဦးရန်လုံတော့ ၁၃/လရန(နိုင်)၀၇၃၆၇၈ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၆)၊ အကွက်အမှတ်(အလက-၆ ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၅၈)၊ မြေချိန်ဧရိယာ ၀ဒသမ ၂၃၄ဧကရှိမြေကို မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆) မြို့မြေခွန်ပေးဆောင်သော မြေခွန်ပြေစာ(၆)စောင်ဖြင့် ဦးလော်ကွေယူ ၁၃/လရန(နိုင်)၀၇၃၆၃၇မှ အသစ်လျှောက်မြေငှားလိုင်စင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အသစ်လျှောက်မြေငှားလိုင်စင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၉/မြို့ဝမ်ရပ်)၊ ဦးပိုင်အမှတ်(၃၅/စ)၊ မြေချိန် ဧရိယာ ၀ဒသမ ၄၃၃ဧကရှိ မြေဂရန်အမှတ်တွဲအမှတ် ၃၃၁-၅/၂၀၀၄-၂၀၀၅(အေ)ဖြင့် ဒေါက်တာသိန်းဇံ-ဒေါ်တင်တင်ကြည်တို့မှ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ၂၂-၁၂-၂၀၀၈ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် (၅၄I/၂၀၀၉)ဖြင့် ဦးနော်ဂျာ ၁၃/မဆတ(နိုင်)၀၀၂၀၀နှင့် ဦးယော်မိုင် ၁၃/မဆတ(နိုင်)၀၁၅၈၉၉ တို့မှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါ၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်း ထပ်မံအသစ်လျှောက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## စီမံ(၁)/ဒုတိယဦးစီးမှူးရာထူးအတွက်
## လူတွေ့စစ်ဆေးမှုခံယူရမည့်စာရင်းထုတ်ပြန်ခြင်း
## အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၈)
## ၁၃၈၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်
## ၂၀၁၈ခုနှစ် အောက်တိုဘာ ၅ရက်

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံ(၁)/ဒုတိယဦးစီးမှူးရာထူး(လစာနှုန်းကျပ်(၂၁၆၀၀၀- ၂၀၀၀-၂၂၆၀၀၀)ခန့်ထားနိုင်ရေးအတွက် ၂၂-၃-၂၀၁၈ ရက်၌ ကျင်းပခဲ့သော ရေးဖြေစာမေးပွဲတွင် ပြင်ပမှဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးမှုခံယူရမည့်သူ (၃၇)ဦး၏ ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မန္တလေးစာစစ်ဌာန။ မပ-၇၈၊ မပ-၁၃၀၊ မပ-၄၅၆၊ မပ-၅၃၂၊ မပ-၆၅၁၊ မပ-၆၅၇၊ မပ-၈၇၈၊ မပ-၉၅၄၊ မပ-၂၃၇၆၊ မပ-၂၆၇၆၊ မပ-၃၉၄၂။

(ခ) နေပြည်တော်စာစစ်ဌာန။ နပ-၉၊ နပ-၃၄၉၊ နပ-၃၆၁၊ နပ-၃၇၂၊ နပ-၉၁၅၊ နပ-၁၅၈၄၊ နပ-၃၀၃၄၊ နပ-၃၀၃၆၊ နပ-၃၂၂၀။

(ဂ) ရန်ကုန်စာစစ်ဌာန။ ရပ-၄၂၅၊ ရပ-၄၄၃၊ ရပ-၄၇၅၊ ရပ-၆၀၇၊ ရပ-၇၉၅၊ ရပ-၈၀၄၊ ရပ-၁၂၁၆၊ ရပ-၁၃၀၉၊ ရပ-၂၃၆၁၊ ရပ-၂၃၉၈၊ ရပ-၂၄၇၂၊ ရပ-၂၄၇၄၊ ရပ-၂၅၀၉၊ ရပ-၂၅၂၁၊ ရပ-၂၆၈၄၊ ရပ-၂၆၈၉၊ ရပ-၂၈၃၂။

၂။ အဆိုပါ ပြင်ပပုဂ္ဂိုလ်များအား ၂၉-၁၀-၂၀၁၈ရက်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၀)၊ နေပြည်တော်သို့ ၂၈-၁၀-၂၀၁၈ရက် နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း လာရောက်သတင်းပို့ရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၃၄၁၂၄၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါအမှတ်စဉ် (၃/၂၀၁၈)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောရှိ ဝမ်းလောင်းဆီတိုင်ကီအဟောင်း (၂၆)လုံးနှင့် ထုပ်ပိုးခွဲဟောင်းအရွယ်စုံ (၆)မျိုးတို့ကို မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါ၍ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၆-၁၁-၂၀၁၈ရက် (အင်္ဂါနေ့)
**အချိန်နှင့်နေရာ** - ၁၂:၀၀နာရီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၆)၊နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - ၆-၁၁-၂၀၁၈ရက် ၁၃:၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Web Portal (www.moee.gov.mm)တွင် ၆-၁၀-၂၀၁၈ရက်မှစ၍ ဝင်ရောက် ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဖုန်း-၀၆၇-၃၄၁၁၂၈၄၊ ၃၄၁၁၄၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်း**
(၁) မြို့နယ်မီးသတ်(၁)ထပ် စခန်း (ရေသန့်/လျှပ်စစ်ပါ) (၂) ခု
(၂) နယ်မြေမီးသတ်(၂)ထပ်စခန်း (ရေသန့်/လျှပ်စစ်ပါ) (၁) ခု
(၃) နယ်မြေမီးသတ်(၁)ထပ်စခန်း (ရေသန့်/လျှပ်စစ်ပါ) (၆) ခု
(၄) မြို့နယ်မီးသတ်ရုံး/စခန်းနှင့်ဝန်ထမ်းနေအိမ်ပါ(၄)ထပ် (၁) ခု (ရေသန့်/လျှပ်စစ်ပါ)
(၅) ၄ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ်(ရေသန့်/လျှပ်စစ်ပါ) (၆) ခု

(ခ) **မီးသတ်ယာဉ်၊မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများ**
(၁) မီးသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ် (၁၈) စီး
(၂) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာ (၉) မျိုး
(၃) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ (၂၀) မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၁၀-၂၀၁၈ရက်မှ ၇-၁၁-၂၀၁၈ရက်ထိ နေ့စဉ် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့ ဖုန်း ၀၈၁-၂၁၂၁၆၇၁/၀၈၁-၂၀၆၈၁၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ဖခင်အမည်မှန်

ရပ်စောက်မြို့နယ်၊ အထက(ကောင်းဘို့)၊ သတ္တမတန်း(ခ)မှ မောင်စိုင်းပြည့်စုံနိုင်နှင့် စတုတ္ထတန်းမှ မောင်ဟိန်းပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၁၃/ရစန(နိုင်)၀၄၇၀၂၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်သန့်ဇင်လင်းနှင့် ဆဋ္ဌမတန်း (က)မှ မောင်ပြည့်ဖြိုးလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစံလင်းအောင် ၁၃/ပတယ(နိုင်) ၀၃၄၅၉၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

